www.burmeseclassic.com

တက္ကသိုလ်

# နေလင်းအောင်

## သိုင်းမာယာနှင့်သွေးသစ္စာ



၂

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC

တက္ကသိုလ်

# နေလင်းအောင်

## သိုင်းမာယာနှင့်သွေးသစ္စာ

စာစဉ် (၂)

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် - ၅၀၁၅၃၂၀၅၁၁
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၁၅၀၇၀၅၁၂

ပထမအကြိမ်
၂၀၀၆ ခုနှစ်
အုပ်ရေ - ၅၀၀
တန်ဖိုး - ၁၅၀

ထုတ်ဝေသူ
ဒေါ်မိုးကေခိုင် (ချိုတေးသံစာပေ)
ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့ (၃)
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်
ကျောက်စိမ်းပုံနှိပ်တိုက်
ဦးကျော်စိန် (၀၂၉၀၉)
အမှတ် - ၁၇၁၊ ၃၃-လမ်း
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

BURMESE CLASSIC

**ဒို့တာဝန်အရေးသုံးပါး**

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် ပြည်ထောင်စုသားအားလုံး၏ ဝတ္တရားဖြစ်သည်။

**ပြည်သူ့သဘောထား**

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေးဦးတည်ချက် (၄) ရပ်**

နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ပြစ်ပေါ်လာရေး
ပေါ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

**စီးပွားရေးဦးတည်ချက် (၄) ရပ်**

စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
ဈေးကွက်စီးပွားရေးစံနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး။

**လူမှုရေးဦးတည်ချက် (၄) ရပ်**

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

## ဝေဒနာရှင်နှင့်တွေ့ဆုံခြင်း

တုံထန်းကျသည် နောက်ကိုပင် လှည့်မကြည့်ဘဲ သုတ်ခြေတင်ခဲ့လေသည်။

တုံထန်းကျခြေလှမ်းကို သမားတော်ကြီးကလည်း အမီလိုက်နိုင်နေလေသည်။ ဤအချက်သည် သမားတော်အဘိုးကြီး၏ ထူးခြားချက်တစ်ခုပင်ဖြစ်တော့သည်။

မကြာမီမှာပင် 'စိုးစီးဟူး' ရေကန်ဘေးမှနေ၍ တောင်တုန်းပေါ်သို့ တက်လာမိကြပြီး ကျို့မိသားစုအိမ်တော်ရှေ့သို့ ရောက်ရှိလာခဲ့ကြလေသည်။

သူတို့အားလုံး အိမ်ရှေ့တွင် ရပ်မိသည်နှင့် တံခါးချပ်

www.burmeseclassic.com

www.burmeseclassic.com



နီနီကြီးကို အဆင်သင့် ဖွင့်ထားလျက် တွေ့ရပြီး တံခါးပေါက်ရှေ့တွင် အကျီဖြူဝတ် ပုပုဝဝ လူတစ်ယောက် ရပ်နေသည်ကို တွေ့ရသည်။

ထိုလူသည် မနေ့ညက ထိပ်တန်းဟိုတယ်ကြီးသို့ ရောက်ခဲ့သူပင်။

တုံထန်းကျသည် ထိုလူကိုတွေ့သည်နှင့် အားရဝမ်းသာ လှမ်းပြောတော့သည်။

'ဆရာကြီးရွှေ သမားတော်ကြီး ကြွလာပြီဗျ'

'ဝမ်းသာစရာပေပဲ၊ သမားတော်ကြီး ကြွရောက်လာပြီကိုး'

ဆရာကြီးရွှေက သမားတော်ကြီးကို ကြည့်ပြီး လက်အုပ်ချီ ဂါရဝပြုလိုက်သည်။ သမားတော်ကြီးကား ဆရာကြီးရွှေ၏အပြုအမူကို အလေးဂရုပြုဟန် မရှိချေ။

'ဟုတ်ပါတယ် ဆရာကြီးရွှေ ဟုတ်ပါတယ်'

တုံထန်းကျက ဆရာကြီးရွှေ အရှက်မရစေရန် ဝင်ပြီး ပြောရသည်။

သမားတော်ကြီးကား ရှုတည်တည် လုပ်နေမြဲပင်။

ဆရာကြီးရွှေက. . .

'တုံထန်းကျ၊ တစ်ခါတည်း အထဲဝင်သွား၊ မင်းကို သခင်ကြီး မျှော်နေတယ်'

တုံထန်းကျက ခေါင်းညိတ်ပြပြီး သမားတော်ကြီးကို လှည့်ပြောသည်။



'သမားတော်ကြီး အထဲကို ကြွပါခင်ဗျ'

သမားတော်ကြီးက ခေါင်းညိတ်ရုံ ညိတ်သည်။

တုံထန်းကျ လှမ်းဝင်သွားသည်နှင့် သမားတော်ကြီးလည်း နောက်မှ လိုက်သွားတော့သည်။

ဆရာကြီးရွှေသည် လက်နှစ်ဘက်ကို နောက်ပစ်ထားပြီး သမားတော်ကြီး၏ကျောပြင်ကို ပြုံးပြီး ကြည့်နေတော့သည်။

သူ၏အပြုံးသည် ရိုးသားသည့်အပြုံးလေလော။

အဓိပ္ပာယ်ထွေပြားသည့်အပြုံးလော။

မည်သူမျှ မသိချေ။

- - -

ကျိုးမိသားစု၏အိမ်တော်သည် အဆွန်ကြီးမား ကျယ်ဝန်းပြီး ခန့်ညားသပ်ရပ်လှသည်။

ဧည့်ခန်းအပြင်အဆင်သည် ကျောက်ဆစ်ပန်းပုရုပ်များ၊ ပန်းချီကားချပ်များ၊ အဆုံးအမစာတန်းများ၊ ရောင်စုံကျောက်စားပွဲ၊ ကျောက်ကုလားထိုင်များနှင့် ရွှေရောင်ဝင်းနေသော ဘုရားစင်သည် နတ်ဗိမာန်အလား ထင်မှတ်မှားလောက်သည်။

ဧည့်ခန်းဆောင် ခေါင်းရင်းပိုင်းတွင်ရှိသော ရောင်စုံကျောက်ကုလားထိုင်ကြီးနှင့် မလှမ်းမကမ်းတွင် အကျီဖြူဝတ် လက်တံရှည်ရှည် ပုပုဝဝ ဆရာကြီးရွှေ ရပ်နေသည်။

ဆရာကြီးရွှေသည် ဥပဓိရုပ် ကောင်းသလောက် မာနကြီးဟန် ရှိသည်။

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



သူ့နောက်တွင်မူ ပိန်ပိန်ရှည်ရှည် လူတစ်ယောက် ရပ်နေသည်။

ထိုလူသည် အစိမ်းရောင်ဝတ်စုံကို ဝတ်ထားသည်။

အသားကမူ အတော်မည်းသည်။

မျက်လုံးသည် အတွင်းသို့ ချိုင့်ဝင်နေသည်။

မျက်ခုံးကား အလွန်ကောင်းသည်။

မျက်လုံးအရောင်သည် ကြယ်ရောင်လို တဖျပ်ဖျပ်တောက်နေသည်။

အဆင့်မြင့် သိုင်းပညာရှင်ဖြစ်ကြောင်း သိသာသည်။

တုံထန်းကျသည် ထိုလူ့ထံသို့ ခပ်သုတ်သုတ် လျှောက်သွားပြီး အလျင်စလို ပြောလိုက်သည်။

'သခင်ကြီး၊ သမားတော်ကြီး ရောက်ရှိလာပါပြီ'

'မင်္ဂလာရှိတဲ့ စကားပဲ၊ ကျုပ်ကိုယ်တိုင် ထွက်မကြိုနိုင်တာကို ခွင့်လွှတ်ပါ'

အကျီစိမ်းနှင့်လူက သမားတော်ကြီးကို ကြည့်ပြီး ပြောသည်။

သမားတော်ကြီးက မထီတရီ ပြုံးသည်။

'သတ္တမနတ်မင်းအနေနဲ့ အခုလို ကြိုဆိုတာကိုပဲ ဝမ်းသာဂုဏ်ယူလို့မဆုံးပါဘူး၊ ဟဲဟဲ'

သမားတော်ကြီးစကားကြောင့် ဆရာကြီးရွှေရော တုံထန်းကျပါ မျက်မှောင်ကြုတ်သွားသည်။



သတ္တမနတ်မင်း ကျိုကုံးချွင်က. . .

'ကဲ. . . သမားတော်ကြီး အခန်းတွင်း ကြွပါ'

'ကောင်းပြီ၊ ကောင်းပြီ'

သမားတော်ကြီးသည် သတ္တမနတ်မင်း ကျိုကုံးချွင်ခေါ်ရာနောက်သို့ အုတ်လှေကားထစ်များကိုနင်းရင်း လိုက်ပါသွားတော့သည်။

ဆရာကြီးရွှေဟု အခေါ်ခံရသည့် အကျီဖြူဝတ် ပုပုဝဝလူနှင့် တုံထန်းကျတို့လည်း နောက်မှ လိုက်ပါသွားကြသည်။

ကျိုကုံးချွင်သည် ခြေလှမ်းမှန်မှန် လျှောက်နေရာမှ သမားတော်ကြီးကို လှည့်မေးသည်။

'သမားတော်ကြီးရဲ့ ဇာတိက ဘယ်ကလဲဗျ'

'တိဗက်ကပါ သတ္တမနတ်မင်း၊ နာမည်က စိုက်ဝါထိုပါ'

'ဆေးကုတာ ကြာပြီလား'

'နှစ်ပေါင်းနှစ်ဆယ်ကျော် သုံးဆယ် ရှိပြီ'

'ဩော်. . . ဝါအတော်ရင့်နေပြီကိုး'

'ဝါ သိပ်ရင့်ပြီလို့တော့ မဆိုချင်ပါဘူးဗျာ၊ မိရိုးဖလာဆေးပညာကြောင့် လူ့အသက်တွေကို ကယ်နိုင်နေတာပါ'

'ကုမရဘူးဆိုပြီး လက်လွှတ်ထားတဲ့ ဝေဒနာရှင်တွေကို အတော်များများ ကုနိုင်ခဲ့ပြီလား'

'လက်ချိုးရေတွက်လို့တောင် မရတဲ့အထိ ကုနိုင်ခဲ့ပါတယ်ဗျ'

www.burmeseclassic.com

www.burmeseclassic.com



'ဩော် . . . ဩော်၊ ဆေး အတော်လိုက်သားပဲ၊ သမားတော်ကြီးနဲ့ တွေ့ရတာဟာ ဗုဒ္ဓဘုရားရှင်လက်ထက်က ဆရာဇီဝကကို တွေ့ရသလိုပါပဲ၊ ကျုပ်မိတ်ဆွေရဲ့ရောဂါဟာ ဆရာပေါင်း စုံခဲ့ပါပြီ ဘယ်သူမှ ပျောက်ကင်းအောင် မတတ်နိုင်ခဲ့ပါဘူး'

'ရောဂါဖြစ်ပုံကို ပြောပြပါ သတ္တမနတ်မင်း'

'ဖြစ်တာက အဆိပ် အရက်ကို သောက်မိလို့ပါ၊ သူ့မင်္ဂလာဆောင်ညမှာ ဖြစ်ခဲ့တာပါ'

'ဦးနှောက်ကို ထိခိုက်သွားတာဖြစ်မယ်'

'ဟုတ်ပါလိမ့်မယ်၊ သုံးနှစ်လုံးလုံး စုံစမ်းလေ့လာခဲ့ပေမယ့် ဘာမှ မထူးခြားခဲ့ဘူး'

'ဘာကို ဆိုလိုနေတာလဲ သတ္တမနတ်မင်း'

'ဘယ်သူ လုပ်ကြံသလဲ ဆိုတာကိုပါ'

'ဩော် . . . ဩော်၊ ဒါနဲ့ ဝေဒနာရှင်က ဘယ်မှာလဲ'

'အနောက်ဆောင်ထဲမှာပါ'

သတ္တမနတ်မင်း ကျို့ကုံးချွင်သည် နောက်ကိုလှည့်ပြီး ပြောသည်။

'တုံထန်းကျူ၊ ဒုတိယသခင်လေးနဲ့ သူ့ဇနီးကို သွားခေါ်ခဲ့'

'ဟုတ်ကဲ့ သခင်ကြီး'

တုံထန်းကျူသည် အနောက်ဆောင်ရှိရာသို့ ခပ်သုတ်သုတ် လျှောက်သွားတော့သည်။

ကျို့ကုံးချွင်သည် သူ့နောက်မှလူကို ထပ်ပြောပြန်သည်၊



'ချန်ရှီး သူတို့နောက် လိုက်သွားပြီး လိုအပ်သလို ကူညီလိုက်ပါ'

'ဟုတ်ကဲ့ပါ သခင်ကြီး'

ဆရာကြီးရွှေ ခေါ် ချန်ရှီး အမည်ရှိ ပုပုဝဝလူသည် အနောက်ဆောင်ဘက်သို့ ပြေးလိုက်သွားသည်။

ကျို့ကုံးချွင်သည် ထိုအခါကျမှ သမားတော်ကြီးကို စကားဆက်ပြောသည်။

'သမားတော်ကြီး၊ ဒုတိယသခင်လေးရဲ့ ဝေဒနာဟာ တကယ်ပျောက်ကင်းနိုင်ပါ့မလား'

'လူနာကို ကြည့်ပါရစေဦးလေ'

'ဟုတ်ပါတယ်၊ ဟုတ်ပါတယ်၊ ကျုပ် စိတ်စောနေလို့ပါ၊ ဒုတိယသခင်လေးရဲ့ ဝေဒနာ လုံးဝ ပျောက်ကင်းသွားရင်တော့ သမားတော်ကြီးကို တန်ဘိုးကြီးကြီးနဲ့ ချီးမြှင့်ကန်တော့ပါ့မယ်'

'ဟင်းဟင်း . . . ကျုပ်ဟာ ရွှေငွေအဓိက သမားတော် မဟုတ်ဘူးဗျ၊ ကျုပ်ဟာ ဆေးကုတဲ့အလုပ်ကို သတ္တဝါဝေနေယျ အပေါင်းရဲ့ဒုက္ခကို ကယ်တင်တဲ့ ကောင်းမြတ်သောအလုပ်လို့ သဘောထားပြီး လုပ်နေတာပါ၊ ကျုပ်ဟာ ဝေဒနာ ဒုက္ခသည် တစ်ယောက်ကို ကယ်တင်နိုင်တဲ့အခါတိုင်း ခံစားရတဲ့ ကြည်နူးသုခကို ရွှေငွေရတနာတွေထက် ပိုပြီး တန်ဘိုးထားပါတယ်'

ကျို့ကုံးချွင်သည် သမားတော်ကြီး၏စကားကို အလွန် ကျေနပ်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



'လေးစားပါတယ် သမားတော်ကြီး၊ လေးစားပါတယ်၊ ကျုပ်ဘက်က တာဝန်မလစ်ဟင်းစေရပါဘူး'

ထိုစဉ် ဝဝပုပု ဆရာကြီးရွှေ ခေါ် ချွန်ရိုးသည် အတွင်းခန်းမှနေ၍ အပြင်သို့ ပြန်ထွက်လာသည်။

'သခင်ကြီး၊ ဒုတိယသခင်လေးတို့ ဇနီးမောင်နှံ ထွက်လာကြပါပြီ'

ဤတွင် ကုလားထိုင်ပေါ်တွင် ထိုင်နေသော သခင်ကြီး ကျို့ကုံးချွင်က ခပ်အေးအေး ထရပ်လိုက်သည်။

သမားတော်ကြီးကလည်း ကျို့ကုံးချွင်နည်းတူ ထရပ်လိုက်သည်။

ထိုအချိန်မှာပင် ဆည်းလည်းသံများ မြည်လာပြီး အင်္ကျီဖြူဝတ် မိန်းမချောလေး ထွက်လာသည်။

သူမ၏ဘေးတစ်ဘက်တစ်ချက်တွင်လည်း မိန်းမချော နှစ်ယောက်စီ ခြံရံပြီး လိုက်ပါလာကြသည်။

အင်္ကျီဖြူဝတ်မိန်းမချောသည် အခြံအရံလေးယောက်ထက် ထူးထူးခြားခြား ချောမောလှပနေသည်။

သူမသည် ဒုတိယသခင်လေး၏ဇနီး မေမုန်ချူးပင်ဖြစ်သည်။

တုံထန်းကျကား အရှုလှယ် အခေါ်ခံ ဒုတိယသခင်လေး ဝန်ရင်မော်ကို တွဲပြီး ထွက်လာသည်။

ကျို့ကုံးချွင်က သူတို့ကို မြင်သည်နှင့် ဝမ်းပန်းတသာ



လှမ်းပြောသည်။

'ညီလေးနဲ့ ညီမလေးတို့ ရောက်လာကြပြီကိုး၊ ဒီဆရာကြီးဟာ ထူးခြားဆန်းကြယ်တဲ့ သမားတော်ကြီးပဲ၊ ဒုတိယညီလေး ကိုယ်တိုင် ပင့်ဖိတ်လာတဲ့ သမားတော်ကြီးပဲ'

'ဟုတ်ကဲ့ အစ်ကိုကြီး၊ မမျှော်လင့်ဘဲ တွေ့ဆုံရတဲ့ သမားတော်ကြီးကို ဝမ်းပန်းတသာ ကြိုဆိုပါတယ်ရှင်၊ ကျွန်မခင်ပွန်းရဲ့ ဝေဒနာကိုသာ ပျောက်ကင်းအောင် ကုနိုင်ရင်တော့လေ ထိုက်ထိုက်တန်တန်ကြီး ကျေးဇူးဆပ်ပါ့မယ်ရှင်'

မေမုန်ချူးက ကျို့ကုံးချွင်ကို ပြုံးပြုရင်း သမားတော်ကြီးကိုပါ တဆက်တည်း လှမ်းပြောသည်။

သမားတော်ကြီးသည် ကျို့မိသားစု၏ ဆက်ဆံရေးကို အလွန်ကျေနပ်နှစ်သိမ့်သွားသည်။

'စိတ်ချပါ သခင်မလေး၊ စိတ်ချပါ၊ ကျုပ် အစွမ်းကုန်ကုသဖို့ ဆုံးဖြတ်ပြီးသားပါ'

'ကဲ. . .ထိုင်ကြပါ၊ ထိုင်ကြပါ'

ကျို့ကုံးချွင်က အားလုံးကို ခြုံပြီး ပြောသည်။

ထို့နောက် ဝန်ရင်မော်တို့ ဇနီးမောင်နှံနှင့် သမားတော်ကြီး အပါအဝင် အားလုံး ကုလားထိုင်များတွင် ဝင်ထိုင်လိုက်ကြသည်။

တုံထန်းကျ၏ နေရာထိုင်ခင်းပေးမှုကြောင့် ဒုတိယသခင်လေး ဝန်ရင်မော်နှင့် သမားတော်ကြီးတို့သည် ဘေးချင်း

www.burmeseclassic.com

www.burmeseclassic.com



ယှဉ်လျက် ဖြစ်သွားသည်။

အားလုံး နေသားတကျဖြစ်သည်နှင့် ကျို့ကုံးချွင်က လှမ်းပြောသည်။

'သမားတော်ကြီး စိုက်ဝါထို၊ ဟောဒီက ကျုပ်မိတ်ဆွေညီလေးကို ကြည့်ရှုပေးပါတော့'

သမားတော်ကြီး စိုက်ဝါထိုက ခေါင်းညိတ်ပြပြီး ဝန်ရင်မော်၏ လက်ကောက်ဝတ်ကို လှမ်းကိုင်လိုက်သည်။

ထို့နောက် သွေးတိုးနှုန်းကို စမ်းသည်။

သို့သော် ဝန်ရင်မော်က အစမ်းသပ်မခံ။

ခပ်ကြောင်ကြောင်အမူအရာနှင့် ရှုန်းကန်လိုက်သည်။

'ခင်ဗျား . . ခင်ဗျား . . . ဒါ ဘာလုပ်တာလဲ'

ကျို့ကုံးချွင်က သမားတော်ကြီးကို အားနာသွားဟန်နှင့် လှမ်းကြည့်ပြီး ဝန်ရင်မော်ကို ပြောသည်။

'ငါ့ညီအတွက် ပင့်လာတဲ့ သမားတော်ပါ'

'သမားတော် ဟုတ်လား၊ ကျုပ်က ဘာဖြစ်နေလို့လဲ၊ နေကောင်းနေတာပဲဟာ'

ဝန်ရင်မော်က မာထန်ထန်ပြောရှင်း မတ်တတ်ထရပ်၏။

သို့သော် တုံထန်းကျုက ဝန်ရင်မော်၏ ပခုံးကို ဖွဖွလေး ဆုပ်ကိုင်လိုက်ပြီး ပြန်ထိုင်ခိုင်းသည်။

ဝန်ရင်မော်သည် အလွယ်တကူ မထိုင်၊ တွန့်လိမ်ပြီးမှ ထိုင်၏။



သမားတော်ကြီး စိုက်ဝါထိုက ပြုံးပြီး ပြောသည်။

'ဟားဟား . . . သခင်ကြီးက တော်တော်ပျော်တတ်တာ ပဲ။ ဒီမယ် သခင်လေး၊ သခင်ကြီးက နောက်ပြောနေတာဗျ . ကျုပ်က သခင်လေး အပျင်းပြေအောင် စကားပြောဖို့ လာခဲ့တာ ပါဗျ၊ ဟားဟား . . .'

ဝန်ရင်မော်သည် ဟိုကြည့်သည်ကြည့် လုပ်နေရာမှ ဘာတယ်လား' ဟု ဆိုလာသည်။

အကင်းပါးသော သမားတော်ကြီး စိုက်ဝါထိုက ဝန်ရင် မော်ကို ပြုံးပြသည်။

'တကယ်ပေါ့ဗျာ၊ ကျုပ် ဘယ် ညာပြောဝံ့ပါ့မလဲ'

'ကောင်းတယ်၊ ကောင်းတယ်၊ ဘာရောဂါမှ မရှိဘဲ သမားတော် ပင့်လာတယ်ဆိုတာက တော်တော်ရယ်စရာကောင်း တယ်၊ ဒါနဲ့ ကျုပ် ပျင်းရိနေတာကို ခင်ဗျား ဘယ်လိုလုပ် သိသလဲ'

'သိတာပေါ့ သခင်လေးရဲ့၊ အရင်တုန်း ကဆို သခင်လေး ဟာ လျှောက်လျှောက်လည်နေတတ်တယ် မဟုတ်လား၊ ခုတော့ ဘယ်မှ မလည်ရဘဲ ဒီမှာပဲ အခန်းအောင်း နေရတယ်ဆိုတော့ ဘယ်သူမဆို ပျင်းနေတတ်တာပေါ့၊ ဟုတ်ဘူးလား'

'ဟုတ်တယ်၊ ခင်ဗျားစကားဟာ နတ်စကားလို မှန်တဲ့ စကားပဲ၊ ကျုပ် စကားပြောချင်နေတာ ကြာပြီ၊ ကဲ . . ဘာ အကြောင်းတွေ ပြောကြမလဲ'

'ပြောစရာတွေ အများကြီးပါ သခင်လေးရဲ့၊ မိုးကောင်း

www.burmeseclassic.com

www.burmeseclassic.com



ကင်က နက္ခတ်တာရာတွေအကြောင်း၊ မြေကြီးပေါ်က တောတောင်တွေအကြောင်း၊ ရှေးဟောင်းခေတ်ကာလက လူတွေအကြောင်း၊ အနုပညာစာပေအကြောင်း၊ သိုင်းလောကက ဂိုဏ်းဂဏအသီးသီးအကြောင်း၊ ကမ္ဘာလောကကြီးမှာ ရှိနေတဲ့ အတတ်ပညာမျိုးစုံ၊အသိအမြင် အတွေးအခေါ်မျိုးစုံအကြောင်း စုံလို့ဗျာ စုံလို့ ကြုံရာဆုံရာ ပြောကြတာပေါ့'

'ဟားဟား. . . သိပ်ကောင်းတဲ့ အကြံပါလား၊ ဒီလောက်စုံလင်အောင်ပြောနိုင်တာဟာ တော်ရုံတန်ရုံ ဗဟုသုတ မဟုတ်ဘူး၊ ဒါနဲ့ တီကောင်အကြောင်းကော စိတ်မဝင်စားဘူးလားဗျ'

ဝန်ရှင်မော်၏ စကားကြောင့် စကားဝိုင်းတွင် ရှိနေကြသူအားလုံး ပြုံးစိစိဖြစ်သွားကြသည်။

သမားတော်ကြီး စိုက်ဝါထိုက်မူ ရယ်စရာဟု သဘောထားဟန် မရှိချေ။

'တစ်ခုတော့ ရှိတယ် သခင်လေးရဲ့ စကားပြောရင် ကျုပ်ဆန္ဒတစ်ခုကို လိုက်လျောရလိမ့်မယ်'

'ဘာများလဲ ဆရာကြီးရဲ့'

'ကျုပ်စကားပြောရင် ခင်ဗျားလက်ကို ကိုင်ပြီး ပြောချင်တယ်'

'အိုး. . . စကားပြောတာပဲ လက်ကို ဘာပြုလို့ ကိုင်ချင်နေတာလဲ၊ ကျုပ်က မိန်းမမှ မဟုတ်တာ'

'ဟားဟား. . . သခင်လေးက အတွေးတစ်မျိုး ပေါက်နေ



တာကိုး၊ ကျုပ်က ကျုပ်လေးစားချစ်ခင်တဲ့လူဆိုရင် လက်ကို ကိုင်ပြီးမှ ပြောတတ်သဗျ၊ ရင်းနှီးတဲ့ သဘာဝတစ်မျိုးပေါ့ဗျာ၊ ဒါကြောင့်ပါ၊ သခင်လေးရဲ့၊ ဒါကြောင့်ပါ. . .'

'အင်း. . . ဒီလိုဆို တော်ပါသေးရဲ့၊ ကဲ. . . ရော့-လက်၊ ခင်ဗျား ပြောချင်တာ ပြောပေတော့'

ဝန်ရှင်မော်က လက်တစ်ဘက်ကို ဆန့်တန်းပေးသည်။

သမားတော်ကြီးစိုက်ဝါထိုက ကမ်းလာသောလက်ကို ကိုင်ရင်း စကားပြောတော့သည်။

သမားတော်ကြီး စိုက်ဝါထိုသည် စကားပြောရင်း သွေးတိုးနှုန်းကို စမ်းသပ်နေသည်။

ကျို့ကုန်းချင်သည် သမားတော်ကြီး၏ အကင်းပါးပုံ၊ ဝေဒနာရှင် သဘောတူလာအောင် ဆွဲဆောင်ပုံများကို သဘောကျကျေနပ်သွားသည်။

---

သမားတော်ကြီး စိုက်ဝါထိုနှင့် စိတ္တဇဝေဒနာရှင် ဝန်ရှင်မော်တို့သည် တစ်ခဏအတွင်း ရင်းရင်းနှီးနှီး ဖြစ်သွားကြပြီ။

သမားတော်ကြီး စိုက်ဝါထိုသည် ဝန်ရှင်မော် အကြိုက်ကို လိုက်ပြီး အကြောင်းအရာ မြောက်များစွာကို အာဝဇ္ဇန်းရွှင်ရွှင်နှင့် ပြောဟောတော့သည်။

ကျို့မိသားစုသည် သမားတော်ကြီး စိုက်ဝါထို၏ စကားပြောကောင်းပုံ၊ ဗဟုသုတ ကြွယ်ဝပုံ၊ အတွေးအကြံများတို့ကို

www.burmeseclassic.com

www.burmeseclassic.com



ကြားနာနေရသဖြင့် လေးလေးစားစား ဖြစ်နေကြသည်။

သမားတော်ကြီး စိုက်ဝါထိုသည် အာပေါက်အောင် ပြောဟောနေရာမှ ဝန်ရင်မော်ကို လှည့်ကြည့်လိုက်သည်။

'ကဲ. . . သခင်လေးရဲ့ ပါးစပ်ကို ဟပြစမ်းပါဦး'

'ဘာ. . . ဘာဖြစ်လို့ ဟပြရမှာလဲဗျ'

ဝန်ရင်မော်က မျက်မှော်ကြုတ်ပြီး ပြေလာသည်။

သမားတော်ကြီး စိုက်ဝါထို ဟက်ခနဲ ရယ်သည်။

'သခင်လေးမှာ လျှာနှစ်ခုရှိနေလို့ပါဗျ'

'အိုး. . . တွေ့ကရာတွေ ပြောနေတာပါလား၊ ခင်ဗျား ရူးနေပြီထင်တယ်၊ လျှာအပို ရှိရဘယ်လို့ ဟားဟား. . .'

'မယုံဘူးလား သခင်လေးရဲ့၊ ကျုပ်တကယ်ပြောနေတာ ပါ၊ မယုံရင် ပါးစပ်ဟစမ်းပါဗျ'

'သွားစမ်းပါဗျာ၊ ပေါက်ကရတွေ ပြောမနေစမ်းပါနဲ့'

'ခင်ဗျား မပြရဲဘူး မဟုတ်လား၊ အဲဒါ သတ္တိမရှိလို့ မပြတာပဲ'

'ကျုပ်ကို သတ္တိမရှိဘူးပြောရင် ရယ်စရာ ဖြစ်လိမ့်မပေါ့၊ ကဲ. . . ဟော ဒီမှာကြည့်'

ဝန်ရင်မော်သည် မခံချင်စိတ်ကြောင့် ပါးစပ်ဟပြလာ သည်။

သမားတော်ကြီး စိုက်ဝါထိုက လျှာအရောင်နှင့် ပါးစပ် ထဲမှ ထူးခြားချက်များကို သေသေချာချာကြည့်သည်။



လိုအပ်သော လေ့လာမှုကိုပြုပြီး သည်နှင့် ကျိတ်ပြုံးပြုံး လိုက်သည်။

မှန်သည်။

စိတ်ဝေဒနာရှင်သည် လူကောင်း၏စွမ်းရည်ကို ကျော်လွန် နိုင်စွမ်း မရှိချေ။

ကျို့ကုံးချင်ကော မေမုန့်ချူးပါ စိုက်ဝါထိုကို သဘော ကျသွားသည်။

စိုက်ဝါထိုက. . .

'အင်း. . . ကျုပ် အထင်မှားသွားပြီ'

'မှားရမှာပေါ့ဗျ၊ ခင်ဗျား ဦးနှောက် ကောင်းမှ မကောင်း တာ'

ဝန်ရင်မော်က အလွန် သဘောကျသွားဟန်နှင့် စိုက်ဝါထို ကို ပြန်ပြောသည်။

ကျို့ကုံးချင်သည် အောင့်မနေနိုင်တော့သဖြင့် သမား တော်ကြီး စိုက်ဝါထိုကို လှမ်းမေးသည်။

'သမားတော်ကြီး ကုလို့ ရနိုင်ပါသလား'

'ရနိုင်ပါတယ်၊ ဒါပေမယ့် တော်တော် ကြိုးစားရလိမ့်မယ်'

ထိုစဉ် ကျို့ကုံးချင်က တုံထန်းကျကို မျက်စပစ်ပြလိုက် သည်။

အကင်းပါးသော တုံထန်းကျသည် ဝန်ရင်မော်၏ အိပ်ပျော်စေသော အကြောတစ်ခုကို ဆတ်ခနဲ ထိုးပိတ်လိုက်သည်။

www.burmeseclassic.com



ဝန်ရင်မော်သည် မျက်ခွံများ လေးကျလာပြီးချက်ချင်း အိပ်ပျော်သွားတော့သည်။

ကျို့ကုန်းချင်သည် ဝန်ရင်မော်ကို စိုက်ကြည့် နေရာမှ သမားတော်ကြီး စိုက်ဝါထိုကို လှမ်းပြောလာသည်။

'ကျုပ်မိတ်ဆွေ ညီလေး အပြောမှား အဆိုမှား ဖြစ်ခဲ့တာကို စိတ်မရှိပါနဲ့ သမားတော်ကြီး'

'ကိစ္စမရှိပါဘူး၊ သတ္တနတ်မင်းရယ်၊ ဝေဒနာရှင်ဆိုတာ ဒီလိုပေါ့'

'ကျေးဇူးပါပဲဗျာ၊ အခြေအနေက. . .'

'အာရုံကြော အဆိပ်သင့် နေတာပါ'

ကျို့ကုန်းချင်သည် တုန်လှုပ်သွားသည်။

'လုပ်ကြံခံရတယ်လို့ ဆိုလိုပါသလား'

'ဒီလိုတော့ တစ်ထစ်ချ ဆိုလို့မဖြစ်ဘူး၊ သူ့ဘာသာ မှားယွင်းတာလဲ ဖြစ်နိုင်တယ်၊ တစ်စုံတစ်ယောက်ရဲ့ မကောင်းကြံမှုကြောင့်လဲ ဖြစ်နိုင်တယ်၊ ဒီအချက်က စေ့စေ့စပ်စပ် ထောက်လှမ်းရမယ့်အချက်ပါ'

'ကုကော ကုလို့ရပါဦးမလားရှင်'

မေမုန့်ချူးက စိတ်ပူဟန်နှင့်မေးသည်။

ကျို့ကုန်းချင်ကလည်း ဆန္ဒစောပြန်သည်။

'ပိုင်နိုင်ရဲ့လား သမားတော်ကြီး၊ ပျောက်ကင်းနိုင်ကောင်းတယ် မဟုတ်လားဗျာ'



'ကောင်းနိုင်တဲ့ အခြေအနေ များပါတယ်၊ ဒီဝေဒနာနဲ့ သက်ဆိုင်တဲ့ဖြေဆေးက မရှိသေးဘူး၊ ဒီတော့ အကောင်းဆုံး ဖြစ်မယ့်ဆေးနဲ့ ကုရမယ်၊ လိုအပ်တာ ရှာနိုင်ဖို့ပဲ အရေးကြီးတယ်'

'လိုအပ်တယ်ဆိုရင်တော့ ဘာမဆို အရယူပေးဖို့ အဆင့်သင့် ရှိပါတယ် သမားတော်ကြီး'

'သခင်ကြီးရဲ့စွမ်းရည်ကို ယုံကြည်ပြီးသားပါ၊ ဒါပေမယ့် လိုအပ်မှုကို ပေးနိုင်တဲ့လူက မပေးမှာသာ စိုးရတယ်'

'ရှင်းအောင်ပြောပါ သမားတော်ကြီး'

'သေသေချာချာ နားထောင်မှတ်သားပါ သခင်ကြီး၊ လိုအပ်တာက လူပဲ၊ အဲဒီလူဟာ ရွှေမြို့တော်မှာ မွေးဖွားသူ ဖြစ်ရမယ်၊ အချိန်ကာလ ဆယ့်နှစ်လ၊ နှစ်ဆယ်ရက်၊ ညဉ့်သန်းခေါင်မှာ မွေးသူဖြစ်ရမယ်၊ အသက်က နှစ်ဆယ့်လေးနှစ်တိတိ ရှိရမယ်'

'သမားတော်ကြီးရဲ့ ဆေးဘက်က ဖာတာ ရှာရသလို ပါလား'

'ကျုပ်က လိုအပ်တာကို ပြောနေတာပါ သခင်ကြီး၊ ဝေဒနာအလိုက် ဆေးစွမ်းထက်ဖို့ဟာ အရေးအကြီးဆုံးပါ'

'သဘောပေါက်ပါတယ် သမားတော်ကြီး၊ ဆက်ပြောပါ'

'ဆေးအတွက်အဓိက လိုအပ်ချက်ဟာ အဲဒီလူရဲ့ ဆံပင်ရယ်၊ လက်သည်းရယ်၊ သွေးရယ်၊ ပြီးတော့. . . ပြီးတော့. . .'

'ပြီးတော့ ဘာလဲ သမားတော်ကြီး'

'ပြောရတာတော့ ခေတ်တော်ခက်တယ် သခင်ကြီး၊

www.burmeseclassic.com



ရှိင်းတယ်လို့တော့ မယူဆစေချင်ဘူး၊ ဒီက သခင်မလေးကိုလ်
အားနာနေရပါသေးတယ်'

'ကိစ္စမရှိပါဘူး၊ ပြောသာပြောပါ'

'အိမ်း. . . နောက်တစ်ခုကတော့၊ အဲဒီလူရဲ့ ကျင်ငယ်ရည်

သမားတော်ကြီး၏စကားကို မေမုန့်ချူးက ထူးခြားတ
မပြုချေ။

အံ့သြဟန်မပြချေ။

'လွယ်ပါတယ်၊ အဲဒီလူကို ရဖို့ ကျုပ် တာဝန်ထားပါ

ကျိုကုံးချွင်က ရဲရဲတင်းတင်းပြောသည်။

သမားတော်ကြီးသည် မျက်မှောင်ကြုတ်နေလိုက်ပြီးမှ. . .

'အင်း. . . ခက်တော့ခက်တယ်ဗျ၊ ဆံပင်ဆိုတာ လူတွေ
အထွတ်အမြတ်ထားရာ ဖြစ်နေတော့. . .'

'စိတ်မပူပါနဲ့ သမားတော်ကြီး၊ ကျုပ်မှာ လိုအပ်သလို စီ
ဆောင်ရွက်ဖို့ စိတ်ကူး ရှိပြီးသားပါ'

ထိုစဉ် မေမုန့်ချူးက ဝင်ပြောလာသည်။

'ကျွန်မ မေးလိုပါတယ် သမားတော်ကြီး'

'မေးပါ. . . မေးပါ'

'သမားတော်ကြီးရဲ့ ဆေးဘက်က စောစောကပြောခဲ့
နေ့ရက်တာ အတိုင်းပဲလား'

'ဟုတ်ပါတယ် သခင်မလေး၊ ဆေးဘက်ဟာ စောစော
တင်ပြခဲ့တဲ့ အချက်အလက်တွေနဲ့ လုံးဝကိုက်ညီရမယ်၊ လွဲလို့မရ



ရောဂါဝေဒနာ ထူးဆန်းသလောက် ဆေးဘက်ကလည်း ဆန်း
ကြယ်စမြဲပဲ'

မေမုန့်ချူးသည် မျက်မှောင်ကြုတ်ပြီ ငြိမ်သက်သွားပြန်၏။

သူတို့သည် သမားတော်ကြီး စိုက်ဝါထို ပေါက်ကရ ပြော
နေလျှင်လည်း နောက်ဆုတ်၍မဖြစ်သည့်အခြေအနေ ရောက်နေ
ကြလေပြီ။

မေမုန့်ချူးသည် သခင်ကြီး ကျိုကုန်းချွင်ကို မျက်ခွံ
လှန်ကြည့်လိုက်ပြီး စိတ်မောဟန်နှင့် ပြောပြန်သည်။

'အင်း. . . ရောဂါဝေဒနာကလည်း ကြဲကြဲဖန်ဖန် ဆေး
ဘက်နဲ့မှ ပျောက်ရမယ်လို့'

'ဒါကို မယုံမရှိပါနဲ့ သခင်မလေး၊ ပြဒါးကို အပုပ်ရည်နဲ့
ဖမ်းမှ ရသလိုမျိုးပေါ့ဗျာ၊ ရောဂါဝေဒနာ ထူးခြားဆန်းကြယ်သလို
ဆေးပညာဟာလည်း ထူးခြားဆန်းကြယ်စမြဲပါ၊ ကျုပ်ဟာ ခင်ဗျားတို့
မိသားစုကို လိမ်ညာမပြောခဲ့ပါဘူး'

မေနို့ချူးသည် စိတ်မောစွာ သက်ပြင်းချပစ်လိုက်၏။

'သမားတော်ကြီးပြောတဲ့အတိုင်းဆိုရင်တော့ အဲဒီလူကို
ရှေးမြို့တော်သွားပြီး ရှာဖို့ မလိုတော့ပါဘူး'

မေမုန့်ချူးစကားကြောင့် ကျိုကုန်းချွင် ဆတ်ခနဲဖြစ်
သွားသည်။

'တကယ်လား ညီမလေး၊ ညီမလေးက အဲဒီလူကို
တွေ့ထားသလား'

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ကဲ့၊ သိပ်အကြာကြီး ရှာဖို့မလိုပါဘူး၊ သမားတော်ကြီးပြောတဲ့ မွေးဖွားနေ့ရက်အတိုင်း မွေးဖွားခဲ့တဲ့လူကို စဉ်းစားထားမိပါပြီ၊ ခုဆို အဲဒီလူဟာ နှစ်ဆယ့်လေးနှစ် တင်းတင်းပြည့်နေပါပြီ'

မေမုန့်ချူသည် သခင်လေးဝန်ရင်မော်ကို ရည်ညွှန်းပြီး ပြောဆိုလိုက်ခြင်းပင်။

ကျို့ကုံးချွင့်ကား မေမုန့်ချူး၏ ရည်ညွှန်းချက်ကို စဉ်းစားမိလိမ့်မည် မဟုတ်ချေ။

---

ကျို့ကုန်းချွင်သည် အလွန်ဝမ်းသာသွားဟန်နှင့် . . .

'ဝမ်းသာစရာပေပဲ'

'ဟုတ်တယ်၊ ဝေဒနာရှင်ရဲ့ ကံတရား မြင့်မားလာတဲ့ သဘောပဲ၊ ပျောက်ချိန်တန်ပြီလို့ ဆိုရလိမ့်မယ်၊ အရေးကြီးတာက ဆံပင်၊ လက်သည်း၊ သွေး၊ နောက်တစ်ခုက'

သမားတော်ကြီး စိုက်ဝါထိုက စကားကိုတစ်ပိုင်းတစ်စနှင့် ဖြတ်ပစ်လိုက်သည်။

'အားလုံး ရပါစေ့မယ် သမားတော်ကြီး၊ နောက်ဆုံးဆေးဘက်အတွက်သာ အချိန်ယူဖို့ လိုမှာဝါ'

'ကောင်းပြီ၊ ကောင်းပြီ'

သမားတော်ကြီးစိုက်ဝါထိုသည် သဘောကျ ကျေနပ်သွားဟန်နှင့် အနီးတွင်ရှိနေသော ဆေးသေတ္တာကြီးကို လှမ်းယူ



လိုက်သည်။

ထိုစဉ် ခပ်သွက်သွက်လျှောက်လာသော ခြေသံတဖျပ်ဖျပ် ပေါ်လာသည်။

မကြာမီမှာပင် ဧည့်ခန်းဝသို့ လူတစ်ယောက် ရောက်လာသည်။ သတင်းလာပို့သော ငယ်သားတစ်ယောက် ဖြစ်သည်။

'သခင်ကြီး ခင်ဗျား . . . ဧည့်သည်တစ်ယောက်က တွေ့ခွင့် တောင်းနေပါတယ်'

'ဘယ်သူလဲ'

'သူ့ကိုယ်သူ သမားတော်ကြီး 'စိုက်ဖြန်းရှို' လို့ပြောပါတယ် သခင်ကြီး'

ကျို့ကုံးချွင်သည် မျက်မှောင်ကြုတ်ပြီး ငြိမ်သက်သွားသည်။

ထိုစဉ် သတင်းလာပို့သူက အပြင်သို့ လှမ်းအော်မေးလိုက်သည်။

'အပြင်က လူ ခင်ဗျားက ဘယ်လို ရောက်လာတာလဲ'

'ကိုယ့်ခြေထောက်နဲ့ကိုယ် လျှောက်ပြီး ရောက်လာတာပေါ့ဗျ၊ ခင်ဗျားတို့ရဲ့ အပင့်အဖိတ်ကို စောင့်နေရင် နောက်ကျသွားမှာပေါ့'

ကျို့ကုံးချွင်သည် ကြားရသောစကားကြောင့် ခေါင်းတညိတ်ညိတ်ဖြစ်သွားသည်။

တုံထန်းကျသည် သခင်ကြီး ကျို့တုံးချွင်၏ အခြေအနေ

www.burmeseclassic.com

www.burmeseclassic.com



ကိုကြည့်ပြီး အပြင်ဘက်သို့ ခုန်ထွက်သွားတော့သည်။

'တုံထန်းကျ၊ အရမ်းမလုပ်နဲ့ လေးလေးစားစား ဖိတ်ခေါ်ခဲ့ပါ၊ ကျုပ်က ပင့်တယ်လို့ ပြောပါ'

အခြေအနေကို အကဲခတ်နေသော သမားတော်ကြီး စိုက်ဝါထိုသည် မျက်စိမျက်နှာ ပျက်လာသည်။

သို့သော် ဘေးလူ မသိအောင် ပြန်ပြင်လိုက်နိုင်သည်။

ထိုစဉ် တုံထန်းကျ၏ မေးမြန်းသံ ပေါ်လာသည်။

'မိတ်ဆွေက. . .'

'ခင်ဗျား ဘာတွေ မေးနေတာလဲ၊ သတ္တမနတ်မင်းက ကျုပ်ကို ဖိတ်ခေါ်နေပြီပဲ၊ ခင်ဗျား နားမကြားဘူးလား'

တုံထန်းကျ၏ တုံ့ပြန်သံ ဘာမှ မကြားရတော့ပါ။

▶▶ ◀◀



အခန်း (၁၄)

## မဖိတ်ဘဲလာသောဆေးဆရာ

မကြာမီမှာပင် တုံထန်းကျကော ဧည့်သည်ပါ ဧည့်ခန်းဆောင်အတွင်းဘက်သို့ ရောက်ရှိလာကြတော့သည်။

ဧည့်သည်သည် အခြားသူ မဟုတ်၊ သူ့ကိုယ်သူ မင်ရင်ကြယ်ဟုပြောသည့် အကျီဖြူဖြစ်သည်။

ကျိုးကုံးချွင်သည် အကျီဖြူနှင့် အကျီနက်ဝတ် ပိန်ပိန်လူကိုကြည့်ပြီး မျက်နှာပျက်သွားသည်။ သို့သော် ပျက်သွားသော မျက်နှာကို ချက်ချင်း ပြန်ပြင်လိုက်သည်။

မေမုန့်ချူးသည် အကျီဖြူကို စိုက်ကြည့်လိုက်ရာမှ ဝန်ရင်မော်ကိုပါ လှည့်ကြည့်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



စိတ်ထဲ၌ကား အကျီဖြူနှင့် ဝန်ရင်မော်သည် ရုပ်လက္ခဏာချင်း အတော်တူညီနေသည်ဟု တွေးလိုက်မိသည်။

မျက်နှာချင်းကား အနည်းငယ် ကွဲလွဲမှု ရှိနေသည်။

ကျို့ကုံးချွင်၏ခေါင်းထဲတွင်လည်း ဇဝေဇဝါ ဖြစ်သွားသည်။

ရင်ထဲတွင်လည်း ထိတ်ခနဲ ဖြစ်သွားသည်။

'အဆွေတော်က. . .'

ကျို့ကုံးချွင်က မေးသည်။

အကျီဖြူက. . .

'ကျုပ်ဟာ သိုင်းလောကထဲက အညတရ စာပေသမား မင့်ရင်ကြွယ်ပါ၊ သမားတော် စိုက်ဖြန်းရှိ လို့လဲ ခေါ်ပါတယ်၊ ကျုပ် ခုလို ရောက်လာတာဟာ သတ္တမနတ်မင်းတို့နဲ့ တွေ့ချင်လွန်းလို့ ရောက်လာတာပါ'

အကျီဖြူက နှစ်လိုဖွယ်ပြုံးရင်း ရှင်းပြသည်။

ထို့နောက် မေမုန့်ချူကို ကြည့်ပြီးမေးမြန်းလိုက်ပြန်သည်။

'ညီမလေးကတော့ သခင်လေး ဝန်ရင်မော်ရဲ့ ဇနီး မဟုတ်လား ခင်ဗျာ'

'ဟုတ်ပါတယ်၊ ကျွန်မနာမည် မေမုန့်ချူပါ'

မင်ရင်ကြွယ်က နှစ်လိုဖွယ် ထပ်ပြုံးရင်း အားလုံးကို ဦးညွှတ်ပြီး ဂါရဝ ပြုသည်။

ကျို့ကုံးချွင်က လှမ်းမေးသည်။



'ဒါနဲ့ မိတ်ဆွေက ဘာကိစ္စနဲ့ ရောက်လာတာပါလဲ'

မင်ရင်ကြွယ်က သမားတော်ကြီး စိုက်ဖါထိုကို လက်ညှိုး ထိုးပြပြီး. . .

'သူ့လို ရည်ရွယ်ချက်နဲ့ ရောက်လာတာပါ၊ ရည်ရွယ်ချက်ချင်းတူပေမယ့် အနှစ်သာရချင်းတော့ မတူပါဘူး၊ သူကတော့ ခင်ဗျားတို့ ပင့်ဖိတ်လို့ ရောက်လာတဲ့လူပဲ၊ ကျုပ်ကတော့ ကျုပ် အသိစိတ်နဲ့ ကျုပ် စွန့်စားလာခဲ့တာပဲ၊ ခြားနားချက်ကတော့ ဒါပါပဲဗျာ'

မင်ရင်ကြွယ်သည် အားလုံးကို ခြုံငုံအကဲခတ်လိုက်ရင်း တောင်းဆိုမှု ပြုလာပြန်သည်။

'ကဲ. . . ကျေးဇူးပြုပြီး ကျုပ်ကို သူ့လိုပဲ နေရာထိုင်ခင်း ပေးပါဦးဗျာ'

'ဪ. . . ဟုတ်ပါရဲ့ စိတ်မရှိပါနဲ့ မိတ်ဆွေ၊ သတိလစ် နေလို့ပါ၊ တုံထန်းကျ ထိုင်စရာ လုပ်ပေးပါ'

တုံထန်းကျက ခန့်ညားထယ်ဝါသော ကုလားထိုင်တစ်လုံး ကို ရွှေ့ယူလာပေးသည်။

မင်ရင်ကြွယ်သည် ကုလားထိုင်တွင် ဝင်ထိုင်ရင်းကျို့ကုန်း ချွင်ကို လှမ်းပြောသည်။

'သတ္တမနတ်မင်းရဲ့ ဂုဏ်သတင်းကို ကြားဖူးနေတာတော့ ကြာပါပြီ၊ ခုလို တွေ့ဆုံရမှ ယုံကြည်လေးစားမှု ပိုရလာပါတော့ တဲဟဲ'

www.burmeseclassic.com

www.burmeseclassic.com



'ကျုပ်ကလည်း မိတ်ဆွေဟောင်းတစ်ယောက်နဲ့ ပြန်လည်တွေ့ဆုံရတယ်လို့ သဘောထားမိပါတယ်၊ ဒါနဲ့ မိတ်ဆွေ ဆေးပညာတော်တော်ကျွမ်းပါသလား'

'ထိပ်တန်းရောက်သူလို့ မပြောလိုပါဘူး၊ ကျွမ်းကျင်သင့်သလောက်တော့ ကျွမ်းကျင်ပါတယ်၊ ဒါကြောင့်လည်း သမားတော် စိုက်ဖြန်းရှိ ဆိုတဲ့ နာမည်ကို ရရှိခဲ့တာပဲ၊ ကျုပ်ဒီပညာတိုတတ်ကျွမ်းခဲ့တာဟာ ရှေးပါရမီကြောင့်လို့ ဆိုရလိမ့်မယ်ထင်တယ်၊ ဆရာမရှိဘဲ တတ်ကျွမ်းခဲ့တာပါ၊ ဟိုသမားတော်ကြီး စိုက်ဝါထိုကတော့ သမားသက်ရင့်ပြီး ဆေးတုစားသူပါပဲ'

'ထားပါလေ၊ ကျုပ် သိချင်တာက မိတ်ဆွေအနေနဲ့ ထူးခြားဆန်းကြယ်တဲ့ ရောဂါဝေဒနာကို ကုသနိုင်ပါ့မလား'

ကျို့ကုံးချွင်က လှေ့လာအကဲခတ်ဟန်နှင့်မေးသည်။

မင်ရှင်ကြွယ်က. . .

'မကုနိုင်ဘဲနဲ့တော့ လာပါ့မလားဗျာ'

'စမ်းသားစရာပေပဲ၊ ဒါပေမယ့် ဒီသမားတော်ကြီးကို ပင့်ဖိတ်ထားပြီးပြီ ဆိုတော့. . .'

'ဒါက လွယ်ပါတယ်ဗျာ၊ သူက သူ့နည်းနဲ့ သူကု၊ ကျုပ်ကကျုပ်နည်းနဲ့ကျုပ် ကုတာပေါ့၊ ဝေဒနာပျောက်ကင်းဖို့သာ အရေးကြီးတာပါ'

သမားတော်ကြီး စိုက်ဝါထိုသည် မကျေနပ်ဟန်နှင့် မျက်နှာမဲ့သွားသည်။



ကျို့ကုံးချွင်က ထပ်ပြောသည်။

'ဒီက သမားတော်ကြီးက ဆေးနည်းကောင်းတွေ ရှိနေတယ်ဗျ'

'ဩော်. . . ဟုတ်လား၊ ဒီလိုဆိုရင်လဲ အဲဒီဆေးနည်းကို ပြောပြပါဦးလား'

မင်ရှင်ကြွယ်က စုံစမ်းသည်။

သို့သော်. . .

'ဒီကိစ္စက ဆေးပညာရှင်ကြီး စိုက်ဝါထိုရဲ့ ခွင့်ပြုချက်ရမှဖြစ်မှာဗျ'

စိုက်ဝါထိုက ဝင်ပြောသည်။

'ကျုပ်ဆေးနည်းဟာ မိရိုးဖလာ ဘိုးဘွားစဉ်ဆက်ရဲ့ ဆေးနည်းဗျ၊ ဒါကြောင့် ပြောလို့မဖြစ်ဘူး'

'ကြားတယ် မဟုတ်လား မိတ်ဆွေ'

မင်ရှင်ကြွယ်က ခနဲ့ပြုံး ပြုံးသည်။

'အကြံတူ ရန်သူ ဆိုတဲ့စကားလို ပညာတူရင်လဲ မနာလိုဝန်တို ဖြစ်တတ်ပါတယ်ဗျာ၊ ဝန်ရင်မော်ရဲ့ ရောဂါဝေဒနာဟာ ကျုပ်ရဲ့ ဆေးနည်းကလွဲပြီး ဘယ်သူမှ ပျောက်အောင်မကုနိုင်ပါဘူး'

'ဟားဟား. . . ကျုပ်ကလဲ အဲဒီသဘောထား အတိုင်းပါပဲဗျာ. . . ဟားဟား'

သမားတော်ကြီး စိုက်ဝါထိုက မခံချင်စိတ်နှင့် ရယ်သွမ်းသွေးသည်။

www.burmeseclassic.com

www.burmeseclassic.com



'ဟဲဟဲ. . . ဒါက ခင်ဗျား စိတ်အထင်ပါ၊ တကယ်တော့ ခင်ဗျားဆေးနည်းဟာ ကုလို့ရတဲ့ဆေးနည်း မဟုတ်ပါဘူး'

'အို. . . ခင်ဗျားဆေးနည်းသာ မရတာဗျ၊ အလကား လာပြီး ကြွားမနေနဲ့'

'ဟဲဟဲ. . . ဒေါသထွက်နေစရာ မလိုပါဘူးဗျာ၊ ကျုပ်တို့ဟာ ဆေးသမားအချင်းချင်းပဲ၊ ဘာမှ အငြင်းပွားနေဖို့ မလိုပါဘူး၊ အဓိကတာ ဝေဒနာရှင်ရဲ့ ရောဂါပျောက်အောင် ကုဖို့ပဲ၊ ဒီတော့ တစ်ယောက်ဆေးနည်း တစ်ယောက်ပြောပြီး ညှိနှိုင်းကြရအောင်လား'

'ဒီလို ပညာနှိုက်လို့ ဘယ်ရမှာလဲ၊ ကျုပ်ဆေးနည်းဟာ လောကမှာ အကောင်းဆုံး'

'ဟဲဟဲ. . . ကျုပ်က ကျုပ်ကုလို့ မပျောက်ရင် ကျုပ်ခေါင်းကို ဖြတ်ပေးမယ်၊ ခင်ဗျားကော ဖြတ်ပေးနိုင်မှာလား'

'ဖြတ်ပေးနိုင်ပါတယ်၊ ကျုပ်ကုလို့ မရရင်လဲ ကျုပ်ခေါင်းကို ဖြတ်ယူ'

သမားတော်ကြီး စိုက်ဝါထိုသည် မခံချင်စိတ်နှင့် ပြောလိုက်ရသော်လည်း ရင်ထဲ ဒိန်းခနဲ ဖြစ်သွားသည်။

သမားတော်နှစ်ယောက်၏ ငြင်းခုံမှုသည် ဆေးမကုရသေးခင်မှာပင် အသက်လုပွဲသို့ ဦးတည်လာလေပြီ။

သည်အတိုင်း ငြိမ်နေ၍ မဖြစ်တော့။ ကျို့ကုံးချွင်ကိုယ်တိုင် ဝင်ပြောရတော့သည်။



'နေပါဦး၊ ကျုပ် ပြောပါရစေဦး'

'ပြောပါ ပြောပါ'

သမားတော်နှစ်ယောက်က ပြိုင်တူပြောလာသည်။

'ဆရာတို့ သိပ်ငြင်းခုံမနေကြပါနဲ့၊ သမားတော်ကြီး စိုက်ဝါထိုက အရင်ဆုံး ကြွရောက်ခဲ့သူဆိုတော့ သမားတော်ကြီး စိုက်ဝါထိုပဲ အရင်ဆုံးကုပါ'

မင်ရင်ကြွယ် မျက်လုံးပြူးသွားသည်။

'သတ္တမနတ်မင်း၊ ကျုပ်အရဲစွန့်ပြီး ပြောပါရစေ၊ သတ္တမနတ်မင်းရဲ့ ဆုံးဖြတ်ချက်ဟာ သခင်လေး ဝန်ရင်မော်ရဲ့အသက်ကို ကစားသလို ဖြစ်နေပါပြီ'

မင်ရင်ကြွယ်စကားကြောင့် အကျီနက်ပိန်ပိန် မြင့်မြင့်လူနှင့် အကျီဖြူဝတ် ဆရာကြီးရွှေခေါ် ချန်ရှိုးသည် မျက်စိပျက်မျက်နှာပျက် ဖြစ်သွားသည်။

ကျို့ကုန်းချွင်ကား မျက်နှာကြီး နီရဲလာသည်။

'မိတ်ဆွေ ဘယ်လို ပြောလိုက်တာလဲ'

'စေတနာနဲ့ပါ၊ လက်တဲ့စမ်းတဲ့ ဆရာမျိုးနဲ့ တွေ့မှာစိုးလို့ပါ၊ သိုင်းလောကမှာ အညတရ ဆေးဆရာတွေ များနေတယ် မဟုတ်လား'

'ဘာပြောတယ်ဗျ၊ ခင်ဗျားက ကျုပ်ကို အညတရ ဆေးဆရာလို့ ပြောလိုက်တာလား'

သမားတော် စိုက်ဝါထိုက ဒေါသသံနှင့် မေးလာသည်။

www.burmeseclassic.com

www.burmeseclassic.com



'ကျုပ်က ခင်ဗျားကို တိုက်ရိုက်ပြောနေတာ မဟုတ်ဘူး သိုင်းလောကမှာ ရှိနေတာတွေကို ပြောတာ၊ တကယ်တော့ ကိုယ့်အကြောင်းကိုယ် အသိဆုံးပါဗျာ'

'ဟဲဟဲ... ခုမှ လျှော့ချမနေစမ်းပါနဲ့၊ ခင်ဗျားက ဆေးဖိုဝါးခမက်ပြီး အတင်းလု ကုချင်နေတာပါ'

သမားတော်ကြီးစိုက်ဝါထိုက စကားနာ ထိုးလာသည်။

'ဟားဟား... ခင်ဗျားက အရမ်းကုချင်လို့ အရမ်းပြောနေတာကိုး၊ ကျုပ်က ဆေးဖိုးဝါးခကို ဟစ်ပြားမှ မယူဘူးဗျ'

'အင်မတန် လေးစားကြည်ညိုစရာကောင်းတဲ့စကားပဲ ဟားဟား... ကျုပ်ကလည်း သတ္တဝါတွေရဲ့ အသက်ကို ကယ်တင်နေတဲ့လူပါဗျ၊ တိုက်ဆိုင်ပလေတယ်၊ တိုက်ဆိုင်ပလေတယ်'

'ကဲ... ကဲ... ခင်ဗျားတို့စကား ဒီမှာ ခဏရပ်ကြဦး ကာယကံရှင် မေမုန့်ချူးရဲ့ သဘောဆန္ဒကို ရယူဖို့ လိုပါသေးတယ်'

ကျို့ကုံးချွင်က ဖြတ်ပြောလာသည်။

မေမုန့်ချူးက...

'ကျွန်မသဘောက အစ်ကိုကြီးသဘောအတိုင်းပါပဲရှင်'

'ကျုပ်သဘောကတော့ အရင်ရောက်သူ အရင်ကုပဲ'

သမားတော်ကြီး စိုက်ဝါထို ဝမ်းမြောက်ဝမ်းသာဖြစ်သွားသည်။

'သတ္တမနတ်မင်း ဆုံးဖြတ်ချက် အတည်ဖြစ်ပြီလား'

'ဖြစ်ပါပြီ'



မင်ရင်ကြွယ် ကသိကအောက် ဖြစ်သွားသည်။

'သခင်ကြီး ဆေးဘက် မှားမှာကိုတော့ စိုးရိမ်တယ်ဗျာ'

စိုက်ဝါထို ဖေါသမျက်လုံးနှင့် စိုက်ကြည့်လာသည်။ စကားမူ လုံးဝ မပြောတော့ချေ။

မင်ရင်ကြွယ်ကသာ မေမုန့်ချူးကိုကြည့်ပြီး ရယ်သည်။

ထို့နောက်...

'မေမုန့်ချူး... ခုချိန်ဟာ အင်မတန်အရေးကြီးတဲ့အချိန်ပါ၊ သိုင်းလောကက ဆေးဆရာတွေကို သာမန်ဆေးဆရာတွေလား၊ ထူးချွန်တဲ့ ဆေးဆရာလားဆိုတာ ကွဲကွဲပြားပြား ခွဲခြားသိသင့်တယ်'

'ရှင့်စေတနာကို လေးစားပါတယ်၊ ဒီသမားတော်ကြီးကလည်း အသပြာသမားတော် မဟုတ်ပါဘူး'

'ဒီလိုဆိုရင် ကျုပ် တစ်ခုတောင်းဆိုချင်တယ်'

'ပြောပါ'

ကျို့ကုံးချွင်က စကားထောက်သည်။

မင်ရင်ကြွယ်က..

'သူက ကုလို့မရရင် ခေါင်းဖြတ်ပေးမယ်လို့ ကတိထားပြီးပြီ၊ ဒီတော့ သူကုပြီးတဲ့ အချိန်ထိ စောင့်ကြည့်ပါရစေ'

'သမားတော်ချင်းအတူတူ ဘာဖြစ်လို့ ရန်လိုနေတာလဲ မိတ်ဆွေ'

ကျို့ကုံးချွင်က မျက်မှောင်ကြုတ်ပြီး မေးသည်။

www.burmeseclassic.com

www.burmeseclassic.com



မင်းရင်ကြယ် ခပ်တည်တည် ဖြစ်သွားသည်။

'အထင်မလွဲပါနဲ့ သတ္တမနတ်မင်း၊ ကျုပ်က ကျုပ်ရဲ့ ဆေးပညာစွမ်းကို သိစေချင်လို့ပါ၊ နောက်တစ်ထပ်ခုက ကျုပ်ကတိတည်ကြောင်းလည်း ပြချင်လို့ပါ'

'ကဲ . . . ခင်ဗျား ဆန္ဒကို ဆက်ပြောပါ'

'သူကုပြီးတဲ့အထိ စောင့်ကြည့်ချင်ပါတယ်'

'ဖြစ်ပါတယ်၊ ခင်ဗျား ဆန္ဒကို လိုက်လျောပါမယ်'

'ကျေးဇူးသိပ်တင်ပါတယ်'

သမားတော်ကြီး စိုက်ဝါထိုက မခံချင်စိတ်နှင့် ကလေးဆန်ဆန် ဝင်ပြောတော့သည်။

'အလကားပါ၊ နှလေးငါးရက် ထမင်းညာစားချင်တာပါ'

'သမားတော်ကြီးက ကလေးစကား ပြောနေတာပဲ၊ ကျုပ်က ကျုပ်အသက်ကိုရင်းပြီး လာခဲ့ရသူပါ၊ ထမင်းလေးငါးနပ်လောက်တော့ ဘယ်နေရာသွားစားစား၊ စားလို့ရတဲ့နေရာတွေချည်းပါ၊ နောက်တစ်ခုက ကျိုးမီသားစုအိမ်တော်ဟာ အဆင့်မြင့်သိုင်းသမားတွေ စောင့်ကြပ်တဲ့နေရာပါ၊ ကျုပ် လိမ်ညာထွက်ပြေးလို့လဲ မရပါဘူး'

မင်းရင်ကြယ်စကားကြောင့် သမားတော်ကြီး စိုက်ဝါထို ပါးစပ်ပိတ်သွားသည်။

သတ္တမနတ်မင်း ကျိုးကုံးချွင်က မင်းရင်ကြယ်ကို လှမ်းပြောသည်။



'ကဲ . . . မိတ်ဆွေ ခင်ဗျားဆန္ဒအတိုင်း သမားတော်ကြီး စိုက်ဝါထို ဆေးကုပြီးတဲ့အထိ ကျုပ်အိမ်တော်မှာပဲ နေပါ၊ အစစအရာရာ ကျုပ် တာဝန်ယူပါတယ်'

'ကျေးဇူးအထူးတင်ပါတယ်'

မင်းရင်ကြယ်သည် ပြုံးပြီး ငြိမ်သွားသည်။

သခင်ကြီး ကျိုးကုံးချွင်က သမားတော်ကြီးစိုက်ဝါထိုကို လှည့်ပြောသည်။

'ကဲ . . . သမားတော်ကြီး စိုက်ဝါထို ကုသဖို့ အဆင့်သင့်ဖြစ်ပြီလား'

'ရောက်စတုန်းကတော့ ကျုပ်မှာ အသင့်ပါလာတဲ့ ဆေးနဲ့စတင်ကုဖို့ စိတ်ကူးထားပါတယ်၊ ခုတော့ သမားတော်အချင်းချင်းအငြင်းအခုံ ဖြစ်ခဲ့ရပြီဆိုတော့ သေချာတိကျသည်ထက် သေချာတိကျအောင် ပြင်ဆင်ဖို့ လိုနေပါပြီ'

'သမားတော်ကြီး လိုအပ်သလိုသာ ပြောပါ'

'ဒီမှာ ဆိတ်ငြိမ်တဲ့နေရာ ရှိပါသလား'

'ရှိပါတယ်၊ မယ်ဘုယျအားဖြင့်လဲ နေရာတိုင်းလိုလို ဆိတ်ငြိမ်နေပါတယ်'

မှန်ပါသည်။

ဤအိမ်တော်သည် တောင်ကုန်းပေါ်တွင် အထီးတည်းရှိနေ၍ အလွန်ဆိတ်ငြိမ်သောနေရာဖြစ်ပါသည်။

လူဝင်လူထွက်လည်း မများပါ။

www.burmeseclassic.com

www.burmeseclassic.com



ညှို့သည်လည်း တသောသော ရောက်လာတတ်သော နေရာမဟုတ်ပါ။

သမားတော်ကြီး စိုက်ဝါထိုသည် မျက်မှောင်ကြုတ် စဉ်းစားလိုက်ပြီးမှ. . .

'တစ်ခုတော့ သတ်မှတ်ထားပါရစေ၊ ကျုပ် ဆေးကုနေတဲ့ သုံးရက်အတွင်းမှာ ဆေးကုတဲ့နေရာကို ဘယ်သူမှ မလာရဘူး၊ သတ်မှတ်ချက်ကတော့ ဆေးကုနေတဲ့နေရာနဲ့ ကိုက်ငါးရာ အတွင်းပဲ'

'ဖြစ်ပါတယ်၊ သမားတော်ကြီး ဆန္ဒအတိုင်း ဖြစ်ရပါစေမယ်'

ကျို့ကုံးချွင်က ကတိပေးသည်။

'နောက်တစ်ခုက ဒီအိမ်ဂေဟာရဲ့ လက်ဝဲဘက် မြေကွက်လပ်ကို သဘောကျတယ်၊ အဲဒီမှာ မဏ္ဍပ်တစ်ဆောင် ဆောက်ပေးပါ၊ နောက်တစ်ခုက အဲဒီမဏ္ဍပ်ရဲ့ သတ်မှတ်ချက်အကွာအဝေးမှာ အပြင်လူ မဝင်နိုင်အောင် အစောင့်ချပေးပါ'

သမားတော်ကြီးစိုက်ဝါထို၏ အတွင်းသဘောကို မင်းရင်ကြယ် သဘောပေါက်နေသည်။

သမားတော်ကြီးသည် သူမဝင်နိုင်အောင် ကာကွယ်နေခြင်း ဖြစ်သည်။

သမားတော်ကြီးကလဲ ဆေးလေး တစ်ခါကုတာများ ဒီလောက်တောင် အစောင့် လိုသလားဗျ၊ စိတ်ချစမ်းပါ၊ ကျုပ်ဆေး



သည်း လာမခိုးပါဘူး'

မင်းရင်ကြယ်က ခပ်ချဉ်ချဉ်နှင့် လှမ်းပြောသည်။

ကျို့ကုံးချွင်ကလည်း. . .

'ဟုတ်ပါတယ်၊သမားတော်ကြီး ကျုပ်အိမ်တော်မှာ အင်မတန် ဆိတ်ငြိမ်ပါတယ်၊ လုံလဲ လုံခြုံပါတယ်'

'ကျုပ်က တကယ် လိုအပ်မှုကို ပြောနေတာပါ၊ ထူးဆန်းတဲ့ ရောဂါကို ထူးဆန်းတဲ့ သမားတော်က ထူးထူးဆန်းဆန်း ဖြစ်အောင် ကုပြမှာပါ၊ သာမန်နဲ့ မလုံလောက်ပါဘူး သတ္တမနတ်မင်း၊ အဆင့်မြင့် လက်ရွေးစင် သိုင်းသမားတွေချည်း စောင့်ကြပ်ပေးဖို့ အထူးလိုအပ်ပါတယ်'

'ကောင်းပါပြီ၊ ကောင်းပါပြီ လိုအပ်သလို ဆောင်ရွက်ပေးပါမယ်'

'နောက်တစ်ခုက မဏ္ဍပ်အဆောင်ကို လေလုံမိုးလုံ ဖြစ်စေရပါမယ်၊ ခုတင်တစ်လုံးလဲ လိုပါတယ်၊ အဲဒါ မြန်မြန်လုပ်ပေးပါ'

'သမားတော်ကြီး စားဖို့သောက်ဖို့ကိုကော ဘယ်လိုစီစဉ်ရမလဲ'

'သတ္တမနတ်မင်း ကိုယ်တိုင် စစ်ဆေးပြီး ပို့ပေးပါ'

'ကောင်းပါပြီ'

'ဒီလိုစီစဉ်ရတာဟာ အများကြီး အဓိပ္ပာယ် ရှိပါတယ်၊ နတ်မင်းရဲ့မိတ်ဆွေ ညီလေးဟာ သူတစ်ပါးရဲ့ လုပ်ကြံမှုကို ခံခဲ့ရသူဆိုတော့ သူ့ကို ကယ်တင်တဲ့ ကျုပ်ကိုလဲ အလားတူ လုပ်ကြံ

www.burmeseclassic.com

www.burmeseclassic.com



ဘူးလို့ မပြောနိုင်ပါဘူး၊ ကျုပ်ဆန္ဒအတိုင်း အစောင့်အကြပ်ခ ပေးရင်တောင် အစားအစာထဲမှာ အဆိပ်ခတ်နိုင်ပါသေးတယ်'

'ဒီလောက်လဲ မစိုးရိမ်ပါနဲ့လေ၊ ခင်ဗျား ပြောသလိုသာ ဖြစ်နိုင်တဲ့ အခြေအနေတွေ ရှိခဲ့ရင် ကျုပ်ခေါင်းဖြတ်တာ ကြာပြီပေါ့'

'သခင်ကြီးပြောတာ မှန်ပါတယ်၊ ဒါပေမယ့် သတိမေ့ ဂူမမြင်၊ သတိဟူသည် ပိုသည်မရှိ၊ လိုမြဲလို၏ ဆိုသလိုပေါ့ဗျာ'

'ဟုတ်ပါတယ် သမားတော်ကြီး စိုက်ဝါထိုရဲ့စကားကို ကျုပ်လဲ လက်ခံပါတယ်၊ ကျုပ်အတွက်လဲ လုံခြုံမှု လိုအပ်ပါသေးတယ်'

မင်ရင်ကြယ်က ရယ်ကျဲကျဲနှင့် ဝင်ပြောသည်။

ကျို့ကုံးချွင် ငြိမ်နေ၍ မရတော့။

'မင်ရဲ့လုံခြုံမှုကိုလဲ ကျုပ် တာဝန်ယူပါတယ်'

'ကျေးဇူးပါပဲ၊ သတ္တမနတ်မင်း တာဝန်ယူလို့ ကျုပ် စိတ်အေးရပါပြီ'

မင်ရင်ကြယ်က စိုက်ဝါထိုကို လှမ်းကြည့်ပြီး သရော်တော်တော်ပြောသည်။

သခင်ကြီး အခေါ်ခံ သတ္တမနတ်မင်း ကျို့ကုံးချွင်က အနားသတ်စကား ဆိုတော့သည်။

'ကဲ... ပထမဆုံး သတ်မှတ်ချက်အနေနဲ့ သမားတော်ကြီးစိုက်ဝါထိုက စိတ်အေးချမ်းသာစွာ ကုပေးပါ၊ ကျန်တဲ့ ကိစ္စအဝဝကို အမြန်ဆုံး ဆောင်ရွက်ပေးမယ်၊ တုံထန်းကျ ခေါ်သွားပေတော့'



တုံထန်းကျက ခေါင်းညိတ်ပြသည်။

သမားတော်ကြီးစိုက်ဝါထို ဘာမျှ အငြင်းမပွားတော့။

ဆေးသတ္တာနှင့် ကြော်ငြာစာတန်းကို ကောက်ကိုင်လိုက်သည်။

ထို့နောက် တုံထန်းကျ ဦးဆောင်ရာသို့ လိုက်ပါသွားတော့သည်။

မင်ရင်ကြယ်ကလည်း ထလိုက်ရန် ဟန်ပြင်သည်။ သို့သော် သခင်ကြီး ကျို့ကုံးချွင်က လှမ်းတားလိုက်သည်။

'ထိုင်ပါဦးမိတ်ဆွေ၊ မိတ်ဆွေနဲ့ကျုပ် ပြောစရာတွေ ရှိနေပါသေးတယ်'

မင်ရင်ကြယ် မငြင်းနိုင်။ ထနေရာမှ ပြန်ထိုင်လိုက်ရသည်။

'ဒီမယ်မိတ်ဆွေ၊ ခင်ဗျား နာမည် မင်ရင်ကြယ် ဟုတ်ရဲ့လား'

ကျို့ကုန်းချွင်က မင်သေသေ အမူအရာနှင့် မေးသည်။ မင်ရင်ကြယ်က ပခုံးနှစ်ဘက် တွန့်ပြီး ပြောသည်။

'ဒီနာမည်ဟာ ကျုပ်မိဘနှစ်ပါး ပေးထားတဲ့နာမည်ပါ၊ အတုမဟုတ်ပါဘူး၊ သခင်ကြီး ဘာဖြစ်လို့ ဒီလို မေးလိုက်တာလဲ'

'ကိုယ့်အကြောင်းနဲ့ကိုယ်ပေါ့ဗျာ၊ ဒါနဲ့ မိတ်ဆွေဟာ သိုင်းလောကသားပဲ မဟုတ်လား'

www.burmeseclassic.com

www.burmeseclassic.com



'ကံနဦးကတည်းက ပြောပြထားပြီးပါပြီလေ'

'ဒီလိုဆိုရင် ကျုပ်ရဲ့သိုင်းလောက အဆင့်အတန်းကို သိပြီးရောပေါ့'

'သိပါတယ်၊ သတ္တမနတ်မင်း ကျို့ကုံးချွင်ဟာ သိုင်းလောကကြီးတစ်ခုလုံးမှာ နံပါတ်တစ်နဲ့ နံပါတ်နှစ်နေရာမှာ ရှိတဲ့လူပဲ၊ ဒီအချက်ဟာ သိုင်းလောကကြီးတစ်ခုလုံးက လက်ခံထားတဲ့အချက်ပါ'

'ဟဲဟဲ. . . ဒီလောက်လဲ မြှောက်ပြောမနေပါနဲ့လေ၊ ကျုပ်ပြောချင်တာက ကျုပ်အခြေအနေဟာ သိုင်းလောကတစ်ခုလုံးနဲ့ ကျွမ်းဝင်နေသူပါ၊ ဒါပေမယ့် ခင်ဗျားနဲ့တော့ အတော်စိမ်းနေခဲ့တယ်၊ ဒါဟာ. . .'

'ဟုတ်ပါတယ်၊ ကျုပ်ဟာ အဆင့်မြင့်သိုင်းသမား မဟုတ်သေးလို့ပါ၊ ဒါကြောင့် သတ္တမနတ်ခင်း မသိကျွမ်းသေးတာပဲ'

'ကျုပ်ပြောတာကို စိတ်မရှိနဲ့နော်'

'မရှိပါဘူး၊ ရှိစရာအကြောင်းလဲ မဟုတ်ပါဘူး၊ တကယ်တော့ ကျုပ်ဟာ သိုင်းလောကနဲ့ ကင်းကွာနေခဲ့သူပါ၊ သဘောကတော့ ရန်ငြိုးရန်စတွေ၊ ကလဲ့စားချေမှုတွေနဲ့ မပတ်သက်ချင်လို့ပဲ'

'ကျုပ်အမြင်ကတော့ ခင်ဗျားကို သာမန်သိုင်းသမား၊ အညတရ သိုင်းသမားလို့ မထင်မိပါဘူး'

'ကျုပ်မှာ သိုင်းလောက အပေါင်းအသင်းတွေ များပါတယ်'



'ဒါနဲ့ မိတ်ဆွေက ဘယ်ဇာတိလဲ'

'ခင်ဗျားမိတ်ဆွေနဲ့ တစ်မြို့တစ်ရွာတည်းပါပဲ'

မင်ရင်ကြယ် စကားဆုံးသည်နှင့် ကျို့ကုံးချွင်ကို အကဲခတ်သည်။

ကျို့ကုံးချွင်က ထူးခြားဟန် မပြချေ။

အတန်ကြာအောင် ငြိမ်သက်နေလိုက်ပြီးမှ. . .

'ဝမ်းသာစရာပေပဲ၊ ဇာတိတူရင် ရင်းနှီးမှု ပိုရစမြဲပါ၊ မိတ်ဆွေက တကယ် ဆေးကုတတ်ပါသလား'

'ပတ္တမြားမှန်ရင် နွံနစ်ပေမယ့် မညစ်ပါဘူး၊ ရွှေစင်ရွှေသားအစစ်ဟာ မီးပြင်းဒဏ်ကို ကြံ့ကြံ့ခံနိုင်စွမ်း ရှိပါတယ်၊ ဟဲဟဲ. . . သတ္တမနတ်မင်း မယုံဘူးဆိုရင် ခုချက်ချင်းစမ်းသပ်ပြပါမယ်၊ သတ္တမနတ်မင်းရဲ့မိတ်ဆွေ ညီလေးကို သွေးကြောဖွင့်ပေးပါ၊ ကျုပ်ဆေးအပ် တစ်ချက်ထိုးရုံနဲ့ ပကတိအတိုင်း ဖြစ်လာစေရမယ်'

ကျို့ကုံးချွင်က ရယ်သွမ်းသွေးသည်။

'ကျုပ် ဆန္ဒမစောပါဘူး မိတ်ဆွေ၊ လေးငါးရက်တော့ စောင့်နေလိုက်ပါဦးမယ်'

မှန်သည်။

ကျို့ကုံးချွင်၏ အဆင့်**အတန်းနှင့် အခြေအနေ**သည် သာမန်လူလို ဆန္ဒမစောသင့်ချေ။

ဤအချက်သည်ပင်လျှင် သူ၏ လေးနက်တည်ကြည်မှုကို

www.burmeseclassic.com

www.burmeseclassic.com



သက်သေပြချက်ဖြစ်သည်။

ကျိုကုန်းချွင်က ထပ်ပြောလာသည်။

'မိတ်ဆွေဟာ မပင့်မဖိတ်ဘဲ ရောက်လာတဲ့သူဆိုတော့ ရည်ရွယ်ချက်လဲ ရှိလိမ့်မယ်ထင်တယ်'

'ဟဲဟဲ. . . အယောင်ဆောင် ဟန်သမားကိုမှ ရွေးပြီး ပင့်ဖိတ်ခဲ့တာကိုတော့ အံ့ဩလို့ မဆုံးပါဘူး၊ ကျုပ်က စေတနာ သန့်သန့်နဲ့ စွန့်စွန့်စားစား ရောက်လာခဲ့သူပါ၊ ဒါပေမယ့် ခင်ဗျား တို့က ကျုပ်ကို တစ်မျိုးထင်နေတယ်'

'ကျုပ်က ကျုပ်မျက်စိကို ကျုပ် ယုံထားပါတယ်'

'ဟဲဟဲ. . . ခင်ဗျားမျက်လုံးကတော့ မသက်သာစရာတွေ လွှမ်းနေတဲ့မျက်လုံးပဲ'

မမျှော်လင့်သောစကားကြောင့် ချန်ရိုးနှင့် ပိန်ပိန်ရှည်ရှည် အကျီနက်တို့ လှုပ်လှုပ်ရှားရှား ဖြစ်လာသည်။

ကျိုကုံးချွင်က အချိန်မီ ဟန့်တားလိုက်သည်။

'မဖွယ်မရာ မလုပ်ကြနဲ့'

ထိုလူနှစ်ယောက် ပြန်ငြိမ်သွားသည်။ မင်ရင်ကြယ်က ပြုံးပြနေသည်။

အတန်ကြာမှ. . .

'ကောင်းပြီ စိုက်ဝါယို့ရဲ့ ဇစ်မြစ်ကို သတ္တမနတ်မင်း သိထားသလား'

'သာမန်သိုင်းသမား မဟုတ်ဘူး ဆိုတာလောက်ပဲ သိပါ



တယ်'

'မဆိုးပါဘူး၊ သတ္တမနတ်မင်း အကဲခတ်မှုမှာပဲ စိုးရိမ် တယ်၊ သတ္တမနတ်မင်းရဲ့ အမြင်ထက်မြက်မှုကို ချီးကျူးပါတယ်'

▸▸ ◂◂

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၅)

### ငွေဖလား ပဟေဠိ

ကျို့ကုံးချင်သည် သက်ပြင်းတစ်ချက် မှုတ်ထုတ်လိုက်ပြီး မင်ရင်ကြွယ်ကို တစ်လုံးချင်း ပြောလာသည်။

'ကျုပ်ဟာ ကျုပ်မိတ်ဆွေ ညီလေးအတွက် အစွမ်းကုန် ကြိုးစားခဲ့ပြီးပါပြီ၊ ခုလည်း ကြိုးစားနေဆဲပါ၊ သိုင်းလောက တစ်ခုလုံးနဲ့လည်း ဆက်သွယ်ခဲ့ပါတယ်၊ ကျုပ် ဆန္ဒကတော့ ကျုပ်မိတ်ဆွေ ညီလေး ပကတိအတိုင်း ပြန်ဖြစ်လာမယ်ဆိုရင် ဘယ်သူပဲဖြစ်ဖြစ် မကန့်ကွက်ပါဘူး၊ ဒါပေမယ့် သတိတော့ အမြဲ ထားနေပါတယ်'

'သတ္တမနတ်မင်းအနေနဲ့ ဒီလိုပဲ သဘောထားရပါလိမ့်



မယ်၊ ဒါပေမယ့် အခုကြွရောက်လာတဲ့ပုဂ္ဂိုလ်အကြောင်းကို သတ္တမ နတ်မင်း တော်တော်များများ သိထားပါသလား'

ကျို့ကုံးချင်က ထိုမေးခွန်းကို မဖြေ။ မဖြေရုံမက အကျိုးဖြူ ၏သဘောထားကိုပါ ပြန်မေးလာသည်။

'သူ့အကြောင်းက အရေးကြီးလို့လား မိတ်ဆွေ'

'အရေးကြီးလို့ပေါ့ဗျာ'

'သိသင့်တာရှိရင် ပြောပါမိတ်ဆွေ'

'မနေ့ညက ဝန်ရင်မော်ဟာ ထိပ်တန်းဟိုတယ်ကို တစ်ယောက်တည်း ရောက်သွားခဲ့တယ်၊ သူနဲ့ မလှမ်းမကမ်း စားပွဲဝိုင်းမှာတော့ အကျိုးနက်အမျိုးသမီးနဲ့ အမျိုးသားတစ်ယောက် ထိုင်နေတယ်'

မင်ရင်ကြွယ်သည် ပုပ္ပဝဝ ဆရာကြီးရွှေ ခေါ် ချွန်ရှိုးကို လှမ်းကြည့်ပြီး ဆက်ပြောသည်။

'အဲဒီအကြောင်းကို ဟိုမိတ်ဆွေ ပြောပြီးရောပေါ့'

'ပြောပြီးပါပြီ၊ ကျုပ်တပည့်တွေ ခင်ဗျားကို မမြင်မတွေ့ သတိမထားမိခဲ့တာဟာ အပြစ်တင်စရာ မဟုတ်တော့ဘူး၊ မြင်တွေ့ခဲ့ရင်လည်း ခုလိုအခြေအနေမျိုးမှာ ခင်ဗျားကို မှတ်မိမှာ မဟုတ်ပါဘူး'

'ဖြစ်နိုင်စရာအကြောင်း ရှိပါတယ်'

'ဒါနဲ့ မိတ်ဆွေက အကျိုးနက်နှစ်ယောက်နဲ့ စိုက်ဝါဖိုးကို ပတ်သက်သူတွေလို့ ပြောချင်ပါသလား'

www.burmeseclassic.com

www.burmeseclassic.com



'ဟဲဟဲ. . . သတ္တမနတ်မင်းက အတော်လေး သိမြင်ထား သားပဲ၊ ဒီတော့ ကျုပ် အစအဆုံး ပြောပြပါမယ်'

မင်ရင်ကြွယ်သည် တူးမြောင်းဘေးမှ အတွေ့အကြုံ အလုံးစုံကို အသေးစိတ် ပြောပြတော့သည်။

ထိုအဖြစ်အပျက်များနှင့် ဝတ်သက်ပြီး သူ့ကိုယ်သူတား အကျိုးစီးအဘိုးကြီးအဖြစ် ပြောပြသည်။ ထို့နောက်. . .

'ဒီကိစ္စကို သတ္တမနတ်မင်းလည်း အတော် သိပြီးပါပြီ လူလွှတ်စုံစမ်းမှုလည်း ပြုပြီးပါပြီ။ ဒါပေမယ့် အဲဒီအပြုအမူကို အဲဒီလူ သိသွားတယ်၊ ဆက်ပြောရမယ့်စကားတွေက အမင်္ဂလာ စကားတွေဖြစ်နေတော့ ဆက်မပြောချင်တော့ပါဘူး'

ကျို့ကုံးချွင်က ခေါင်းတဆတ်ဆတ်ညိတ်ရင်း . . .

'ဟုတ်တယ်၊ ကျုပ်လူတွေ ပညာနုတာ အမှန်ပဲ၊ ကံကောင်းလို့ အားလုံး အစမပျောက်ခဲ့တာပဲ'

'မြင်းကောင်း ခွာလိပ် ဖြစ်တတ်စမြဲပါဗျာ၊ ကျုပ်တောင် သတိထားနေလွန်းလို့ ခုလို အသက်ရှင်နေတာပါ၊ ခု တွေ့ရောက်လာတဲ့ စိုက်ဝါထိုမှာ သီးခြားရည်ရွယ်ချက် ရှိဦးမယ်လို့ ယူဆပါတယ်'

'ကျုပ်တော့ ဘာရယ်လို့ မတွေးမိသေးဘူး၊ တွေးလို့လည်း မရသေးဘူး'

'အရေးကြီးတာက သတိမပြတ် စောင့်ကြည့်နေဖို့ပါပဲ'

'ဟုတ်ပါတယ်၊ မသက်သာစရာကောင်းတာတွေတော့



တွေ့နေပါတယ်၊ သူပြောတဲ့ ဆေးဘက်ဟာ ထူးဆန်းလွန်းပါတယ် ဗျာ၊ သိုင်းလောကမှာ တစ်ခါမှ မကြားဖူးသေးဘူး'

'ဘယ်လို ဆေးဘက်မို့လဲဗျာ'

'လူဗျ၊ လူမှ ရွှေမြို့တော်မှာမွေးသူ ဖြစ်ရမယ်တဲ့၊ မွေးရက် မွေးလကလည်း ဆယ့်နှစ်လ၊ နှစ်ဆယ်ရက်၊ ညသန်းခေါင်မွေး ဖြစ်ရမယ်တဲ့၊ အသက်ကလည်း နှစ်ဆယ့်လေးနှစ်ထင်းတင်း ပြည့် နေရမယ်တဲ့၊ နောက် ဆံပင်ရယ်၊ လက်သည်းရယ်၊ သွေးရယ်၊ ကျင်ငယ်ရယ်. . .'

'ထွီ. . . သူက ဒီလိုပဲ ပြောသလား'

'အသေအချာ ပြောတာပါပဲ'

ကျို့ကုံးချွင်က အထက်ပါဆေးဘက်ကို တစ်ခေါက်ပြန် ပြောသည်။

မင်ရင်ကြွယ် နှာခေါင်းရှုံ့နေမိတော့သည်။

'ပေါက်ကရတွေဗျာ၊ ဒါကို သတ္တမနတ်မင်းတ ကတိပေး လိုက်တယ်လား'

'ပေးလိုက်ပါတယ်'

'အိုး. . . သူပြောတာ မှန်တယ်ပဲ ထားဦး၊ အဲဒီလူကို ဘယ်လိုလုပ် ရှာမလဲ'

'ဟားဟား. . . လွယ်ပါတယ်၊ ဒီကိစ္စက သိပ်လွယ်တဲ့ကိစ္စ ပါ၊ ဘာဖြစ်လို့လဲဆိုတော့ သူပြောတဲ့ မွေးရက် အချက်အလက် တွေဟာ ကျုပ်ရဲ့မိတ်ဆွေညီလေး သခင်လေး ဝန်ရင်မှိုင်ရဲ့

www.burmeseclassic.com

www.burmeseclassic.com



မွေးရက် မွေးချိန်နဲ့ တစ်ထပ်တည်း ဖြစ်နေလို့ပေါ့ဗျာ၊ အားဟား

ကြားရသောစကားကြောင့် မင်းရင်ကြွယ် မျက်လုံးပြူးသွားသည်။

မင်းရင်ကြွယ်က မျက်တောင်ကို ပုတ်ခတ်လုပ်ပြီး ထပ်မေးသည်။

'နေပါဦး၊ သူက ဝန်ရင်မော်ကို ဘာဖြစ်လို့ ရှာနေတာလဲ မွေးနေ့မွေးရက်တွေကိုကော ဘယ်လို သိနေတာလဲ'

'ဒါက သူ့ကိစ္စ သူ့အစီအမံပါ၊ မိတ်ဆွေလည်း ဒီကိစ္စကို သိဖို့ အခက်အခဲ မရှိလှပါဘူး'

ကျိုကုံးချင်က သွေးအေးစွာ ပြောတော့သည်။

ယခုအချိန်၌ သမားတော်ကြီး စိုက်ဝါထိုသည် အတောင်တပ်ပြီး ပျံသန်းပြေးသော်လည်း လွတ်လမ်းမရှိတော့ပြီတည်း။

မင်းရင်ကြွယ်သည် သက်ပြင်းကို တင်းခနဲ ချလိုက်ပြီး

'ဝန်ရင်မော်ကို သူ့လက်ထဲ အပ်လိုက်ပြီလား'

'သတ္တမနတ်မင်း ယုံနေလား'

'ဟဲဟဲ. . . ဝန်ရင်မော်ကို သူ တကယ်သတ်ချင်ရင် ထိပ်တန်းဟိုတယ်မှာကတည်းက သတ်ပြီးပြီပေါ့ဗျာ၊ ခုလို အသေခံပြီး ထားမှာ မဟုတ်ပါဘူး၊ တကယ်တော့ ခုလဲ သူ အသေမခံဝံ့ပါဘူး'

'ဒီလိုဆိုရင် သူ ဒီကို လာတဲ့အကြောင်းက. . .'



'ကျုပ် သုံးနေ့နဲ့ သုံးညတိတိ စောင့်ကြည့်ဖို့ ဆုံးဖြတ်ထားပါတယ်၊ အချိန်စေ့မှ လိုအပ်သလို စာရင်းရှင်းမယ်၊ အဲဒီအခါကျရင် ဘယ်သူကမှ အပြစ်မတင်တော့ဘူး'

ကျိုကုံးချင်၏ မျက်နှာအမူအရာသည် ထမှုဟုတ်ချင်း အေးစက်တင်းမာလာသည်။ မင်းရင်ကြွယ်က

'ဒါတော့ ဒါပေါ့ နတ်မင်း၊ ဒါပေမယ့် သူ့ဘက်က လက်ဦးသွားနိုင်တယ်'

'သူပြောတဲ့ သူတောင်းဆိုတဲ့အတိုင်း လက်ရွေးစင် အဆင့်မြင့် သိုင်းသမားတွေကို တာဝန်ပေး စောင့်ကြပ်ခိုင်းလိုက်ပါပြီ'

'အင်း. . . တော်ပါတယ်၊ တော်ပါတယ်၊ သတ္တမနတ်မင်းဟာ တကယ် အမြော်အမြင်ကြီးသူပါပဲ'

'ဟဲဟဲ. . . ဒါနဲ့ မိတ်ဆွေရဲ့သဘောထားကို ပြောပါဦး'

'ကျုပ်က သူ့ကို သတိထားဖို့ လာအကြောင်းကြားတာပါ'

'ဟုတ်ကဲ့၊ ခုလို သိရလို့ အများကြီး ကျေးဇူးတင်ပါတယ်'

'ဝမ်းသာပါတယ်၊ ဒါပေမယ့် ကျုပ် စေတနာ ထက်သန်ခဲ့ပေမယ့် ခင်ဗျား သိသယ ရှိလိမ့်မယ်ဆိုတာကိုတော့ တွက်မိထားပါတယ်'

'ဒါမျိုး အဆန်းလုပ်လို့ဗျာ၊ ကျုပ်က ကျုပ်မိတ်ဆွေပေါ်လေးအတွက်ကော၊ ကျုပ်အတွက်ပါ အမြဲ သတိရှိနေရမယ့်လူပါ။ တစ်ချိန်တစ်ခါ ပေါ်ဆမိတာနဲ့ အကြီးအကျယ် အန္တရာယ်တွေ့ခဲ့ပြီးပြီပဲ၊ ဒီတော့ လမ်းဟောင်းအတိုင်း လျှောက်ပြီး အသည်းမခံ

www.burmeseclassic.com

www.burmeseclassic.com



တော့ဘူးပေါ့ဗျာ'

'ဟုတ်ပါတယ်၊ ဟုတ်ပါတယ်၊ သိုင်းလောကသားဆိုတာ သတိလက်လွတ်လို့ မဖြစ်ပါဘူး၊ သတိတစ်ချက် ဘဝတစ်သက် ဆိုတဲ့စကားလည်း ရှိသားပဲ'

'ခင်ဗျားလာတာ ဒီကိစ္စတင်ပဲလား'

'သတ္တမနတ်မင်းက ဘယ်လိုထင်နေလို့လဲ'

'မိတ်ဆွေရဲ့လာခြင်းဟာ ပြဿနာတစ်ခုထဲလို့ မယူဆ ဘူး၊ ကျန်နေပါသေးတယ်'

'ထိုင်ရှိခိုးဖို့တောင် ကောင်းနေပါလား'

'ကျုပ်အထင် မှန်နေပြီလား'

'ဟဲတဲ. . . ခင်ဗျားလူတွေ ဘေးဖယ်ခိုင်းလိုက်ပါ'

'မလိုပါဘူး၊ ဝန်ရှင်မော်ဟာ ညီလေးတစ်ယောက်ပါ ကျန်တဲ့လူတွေကလဲ ကျုပ်ရဲ့ သစ္စာရှိသွေးသောက်တွေပါ'

မင်းရင်ကြွယ်က ဘာမျှ မပြောတော့ပေ။

အင်္ကျီလက်အိုးထဲမှ ဝှက်ယူလာသော ပစ္စည်းကိုသာ ထုတ် ယူလိုက်တော့သည်။

'သတ္တမနတ်မင်း. . . ဒီပစ္စည်းကို မှတ်မိပါသလား'

မင်းရင်ကြွယ်က ပိန်လိုန်နေသော ငွေအရက်ခွက်ကို လက်ဖဝါးပေါ် တင်ပြလိုက်သည်။

'အရက်ထည့်သောက်တဲ့ ငွေဖလားပဲ၊ သိပါတယ်'

'ကောင်းပြီ. . . ဒီငွေဖလားကို ဘယ်တုန်းက ဘယ်သူ



သုံးခဲ့တယ် ဆိုတာတို့ကော မှတ်မိပါသလား'

သတ္တမနတ်မင်း ကျိုးကုံးချွင်သည် မျက်မှောင်ကြုတ်ပြီး ခလေးအနက် စဉ်းစားလိုက်သည်။

ထိုစဉ် တချိန်လုံး ငြိမ်သက်နေသော မေမုန့်ချူးက ဖြတ် ပြောလာသည်။

'မိတ်ဆွေ၊ ကျွန်မကို ခဏလောက် ပေးပြပါ'

မင်းရင်ကြွယ်က ငွေဖလားကို လက်နှစ်ဘက်နှင့်ကိုင်ပြီး အရိုအသေ ပေးသည်။–

မေမုန့်ချူးသည် ပိန်လိန်နေသော ငွေဖလားအရက်ခွက် ကို ကိုင်ကြည့်နေရင်း လက်ဖျားလေးများ တဆတ်ဆတ်တုန်လာ တော့သည်။

'ဒါ. . . ဒါဟာ ကျွန်မတို့ မင်္ဂလာပွဲညက ကျွန်မရဲ့ သတို့ သမီး ခန်းဆောင်ထဲမှာ သုံးခဲ့တဲ့ ငွေဖလားအရက်ခွက်ပဲ၊ ဒီဖလား မှာ အရက်မျိုးစုံ ထည့်ပြီး သောက်ခဲ့ပါတယ်'

မင်းရင်ကြွယ်၏မျက်လုံးအစုံသည် သိသိသာသာကြီး တောက်ပြောင်လာသည်။

'ဟုတ်တယ်၊ ဒီငွေခွက်ပဲ'

ကျိုးကုံးချွင်သည် ထိုင်နေရာမှ ဆတ်ခနဲ မတ်တတ်ထ လိုက်တော့သည်။

'ဒီငွေဖလားဟာ ညီမလေးတို့ အသုံးပြုခဲ့တဲ့ ငွေဖလား

www.burmeseclassic.com

www.burmeseclassic.com



. . . ဟုတ်လား'

'ဟုတ် . . . ဟုတ်ပါတယ် အစ်ကိုကြီး ကျွန်မတစ်သက် ဘယ်တော့မှ မမေ့နိုင်တဲ့ ငွေဖလားပါ'

မေမုန့်ချူ၏အသံသည် သိသိသာသာကြီး တုန်ယင်နေလေပြီ။

ကျို့ကုံးချွင်သည် အသက်ရှူကျပ်သွားဟန်နှင့် သက်ပြင်းမှုတ်ထုတ်လိုက်ပြီး-

'ခင်ဗျားက ဒီငွေဖလားကို ဘာဖြစ်လို့ သိမ်းထားတာလဲ ဘယ်လိုလုပ် ရထားခဲ့တာလဲ'

ကျို့ကုံးချွင်၏မျက်နှာသည် သိသိသာသာကြီး နီရဲနေလေပြီ။

'ကျုပ် အေးအေးဆေးဆေး ပြောပြပါမယ်၊ အဲဒါ မင်္ဂလာဆောင်တုန်းက ညည့်မှတ်တမ်းကို ပြန်လှန်ကြည့်ပါ၊ 'လေလွင့်သူ ယျှိုယိယန်' ဆိုတဲ့ နာမည်ကို တွေ့ပါလိမ့်မယ်၊ အဲဒီနာမည်ဟာ ကျုပ်ပဲ၊ အဲဒီနာမည်ဟာ ကျုပ်ရဲ့ဟန်ဆောင်နာမည်ပဲ၊ လာတာတတော့ အတွေ့ သက်သက် လာခဲ့တာပါ၊ ကျုပ် ယူလာတဲ့ လက်ဖွဲ့ပစ္စည်းကို အပ်နှံပြီး ဧည့်ခန်းထဲ ရောက်တဲ့အချိန်မှာ သတို့သမီးအဆောင်မှာ ရှုတ်ရှုတ်သဲသဲ ဖြစ်နေပါပြီ၊ ဒီနောက်မှာ အမှတ်မထင်ဘဲ ပစ္စည်းတစ်ခုကို တက်နင်းမိခဲ့တယ်၊ အဲဒီပစ္စည်းဟာ ဒီငွေဖလားပဲ၊ ကျုပ် အင်္ကျီလက်အိုးထဲ ဝှက်ပြီး ယူလာခဲ့တာပါ'

'ဒီငွေဖလားက ဘယ်လောက်များ တန်ဘိုးရှိလို့လဲဗျာ



'ဟင်းဟင်း . . . ကျုပ် ဒီငွေဖလားကို ယူခဲ့တာဟာ လောဘဇောတိုက်ပြီး ယူခဲ့တာ မဟုတ်ပါဘူး'

'ဆက်ပြောပါ မိတ်ဆွေ'

'သတ္တမနတ်မင်း၊ သေသေချာချာ ကြည့်စမ်းပါ'

သတ္တမနတ်မင်းက ဝိန်လိန်နေသော ငွေဖလား အရက်ခွက်ကို ယူကြည့်သည်၊ ဖင်ပြန်ခေါင်းပြန် ကြည့်သည်။

မင်ရှင်ကြယ်က လှမ်းပြောသည်။

'ဘာထူးခြားသလဲ သတ္တမနတ်မင်း'

'တခြား ငွေဖလားအရက်ခွက်တွေနဲ့ အတူတူပဲ'

'ဘာတူတာလဲ သတ္တမနတ်မင်း'

'မင်္ဂလာညစာခံပွဲညက အသုံးပြုခဲ့တဲ့ ငွေဖလားအရက်ခွက်တွေနဲ့ တူတယ်ပြောတာ'

'ဟုတ်ပါတယ်၊ ဒါအပေါ်ယံပါ၊ သေသေချာချာ ချိန်ဆကြည့်ရင်တော့ အဲဒီငွေဖလားအရက်ခွက်တွေနဲ့ မသိမသာ ပေါ့နေတာကို တွေ့ရပါလိမ့်မယ်'

'မိတ်ဆွေ ဘယ်လိုလုပ် သိနေတာလဲ'

'တစ်ခြား ငွေဖလား ငွေအရက်တွေနဲ့ ယှဉ်ပြီးကြည့်ခဲ့လို့ပဲ'

'မိတ်ဆွေ တော်တော်စေ့စပ်တာပဲ'

'ထပ်မေးပါရစေ၊ အထဲက အခြေအနေကကော'

'ထစ်ခြား ငွေဖလားတွေအတိုင်းပါပဲ'

'သေသေချာချာ ထပ်ကြည့်စမ်းပါ သတ္တမနတ်မင်း'

www.burmeseclassic.com

www.burmeseclassic.com



ကျို့ကုံးချင်က သေသေချာချာ ထပ်ကြည့်သည်။

'တွေ့ပြီ၊ ဖင်ဘက်မှာ အပ်ဖျားလောက် ဆံပင်ချည်လောက်ရှိတဲ့ အပေါက်လေးတွေ ရှိနေတယ်'

'သတ္တမနတ်မင်း မြင်တဲ့အတိုင်းပဲ၊ ဒါဟာ ထူးခြားချက်ပဲ'

'မိတ်ဆွေရဲ့အမြင်က '

'သတ္တမနတ်မင်းပဲ စဉ်းစားကြည့်ပါ၊ သတ္တမနတ်မင်းဟာ အမြော်အမြင်ကြီးမားတဲ့ပုဂ္ဂိုလ်ပါ'

မင်ရင်ကြယ်တ ပါးပါးနပ်နပ်ပြောသည်။ ကျို့ကုံးချင်က အဝေးကို ငေးနေလေတော့သည်။

▶▶◀◀



အခန်း (၁၆)

## သံသယ တရားခံ

ကျို့ကုံးချင်၏မျက်နှာသည် သိသိသာသာ တင်းမာလာသည်။

'ကျုပ်မိတ်ဆွေ ညီလေးကို ဒုက္ခပေးခဲ့တာ ဒီအရက်လားပဲ'

'သေချာပါတယ်၊ ဒါနဲ့ ဘယ်ဟိုတယ်က တာဝန်ယူပြီး အရက်ချက်ပေးပါသလဲ'

'ထိပ်တန်းဟိုတယ်ပါ'

'သတ္တမနတ်မင်း သတိထားရမှာက ထိပ်တန်းဟော်တယ်က အရက်ဖလားတွေဟာ ပန်းထိမ်ဆိုင် အမှတ်အသား ပါတယ်၊

www.burmeseclassic.com



ဟိုတယ် အမှတ်အသားလဲ ပါတယ်၊ ပုံသဏ္ဌာန်၊ အရောင်အသွေး တူပေမယ့် မတူတာ ရှိနေတယ်၊ ဒီအရက်ဖလားမှာတော့ အာစာ မပါဘူး'

'ဟုတ်တယ်'

ကျို့ကုံးချင်က အရက်ဖလားကိုကြည့်ရင်း ခေါင်းညိတ် သည်။

မင်ရင်ကြွယ်က ဆက်ပြောသည်။

'ဒီကိစ္စနဲ့ပတ်သက်ပြီး ခုန်ဖန်းကို စုံစမ်းကြည့်ပါတယ် ခုန်ဖန်းဟာ ထိတ်ထိတ်ပျာပျာ ဖြစ်သွားခဲ့တယ်၊ သူ့ကို သိုင်းပညာ ရှင်ကြီး ဖြစ်နေမှန်း သိခွင့်ရခဲ့တယ်'

'ဩော်. . . ဩော်. . . သူက လျှို့ဝှက်သိုင်းသမားတိုး တော်တော်မိရိတဲ့လူပဲ၊ ဟော့. . . ခုန်ဖန်းကို သိုင်းလောကသားမှန်း ဘယ်သူ သိထားသလဲ'

ကျို့ကုံးချင်က တစ်ဆက်တည်း သူ့လူတွေကို လှမ်းမေး လိုက်သည်။

'မသိပါဘူး ဆရာကြီး'

ဆရာကြီးရွှေခေါ် ချန်ရိုးနှင့် အကျီနက်ဝတ် ပိန်ပိန်ရှည် ရှည်လူက ကမန်းကတန်း လှမ်းဖြေသည်။

ကျို့ကုံးချင်၏မျက်နှာ ပိုပြီး တင်းမာသွားသည်။

'မင်းတို့မျက်စိတွေ ဘာလုပ်ဖို့ ဖွင့်ထားတာလဲ၊ မင်းတို့ နှစ်ယောက်လုံးနဲ့ သူနဲ့ အကျွမ်းဝင်နေပြီပဲ၊ အရက်အတူသောက်ပြီး



တေးသံ အတူနားထောင်ခဲ့ကြတာဟာ ဖိမ်ယူဖို့ မဟုတ်ဘူးကွ'

အကျီဖြူဝတ် ပုပုဝဝ ဆရာကြီးရွှေခေါ် ချန်ရှိုးသည် ရှေ့ကိုတစ်လှမ်းတိုးပြီး အရဲစွန့် ပြောလာသည်။

'ဟိုမိတ်ဆွေ ပြောတာကို ကျုပ် မယုံဘူး သခင်ကြီး'

'ဘာတွ၊ ဒီဧည့်သည်က တိုက်လာပြီး လိမ်ဝံ့ပါမလား'

'သခင်ကြီး သေသေချာချာ စဉ်းစားစေချင်ပါတယ်'

ဤတွင် မင်ရင်ကြွယ်က ဝင်ပြောလာသည်။

'မဟုတ်ရင် ကျုပ်ခေါင်း ဖြတ်ပေးမယ်၊ ကျုပ်စကားကို ကျုပ် တာဝန်ယူတယ်'

'မင်းတို့ ကြားပြီလား'

ကျို့ကုံးချင်က အေးစက်စက် လှမ်းပြောသည်။

အကျီဖြူ ပုပုဝဝ ဆရာကြီးရွှေခေါ် ချန်ရှိုးသည် မျက်နှာ ညှိုးသွားသည်။

'ကျုပ်တို့ သတိပေါ့ဆခဲ့တာကို ခွင့်လွှတ်ပါသခင်ကြီး'

'ဒီလိုဆိုရင် ခုန်ဖန်းကို သွားခေါ်ခဲ့'

မင်ရင်ကြွယ်က ခေါင်းရမ်းပြီး ဝင်ပြောသည်။

'နောက်ကျသွားပါပြီ သတ္တမနတ်မင်း၊ သတ္တမနတ်မင်း ခြေတစ်လှမ်း နောက်ကျသွားပါပြီ၊ ခုန်ဖန်း ထိပ်တန်းဟိုတယ်မှာ မရှိတော့ဘူး၊ မန်မန် လို့ခေါ်တဲ့ တေးသည်မလေးကိုပါ ခေါ်သွားခဲ့ ပါပြီ၊ သူတို့ ဘယ်သွားတယ်ဆိုတာကိုလဲ ဘယ်သူမှ မသိကြဘူး'

'ဘာ. . . သူတို့ ထွက်သွားပြီ ဟုတ်လား'

www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ပါတယ် အကြီးအကျယ် ဖဲရှုံးလို့ ဖိုးတယ်ကြီးတို့ တစ်ခြားလူလက်ထဲ လွှဲအပ်သွားခဲ့တယ်လို့ သိခဲ့ရတယ်'

'တောက်. . . ဒီလောက်တောင်မှ တိုက်ဆိုင်နေရသတဲ့လားဗျာ'

ကျို့ကုံးချွင်သည် မနှကျမနပ် ရေရွတ်လိုက်တော့သည်။ အကျိုဖြူ ပုပုဝဝနှင့် အကျိုနက် ပိန်ပိန်ရှည်ရှည်တို့လည်း ငြိမ်နေကြလေပြီ။

'ကျုပ်ဟာ ယန်ကျိုးမြို့မှာ မြက်ပင် ဘယ်နှစ်ပင် ရှိတယ်ဆိုတာတောင် သိထားတဲ့လူပါဗျ၊ ခုတော့ တောက်. . .'

ကျို့ကုံးချွင်၏ မကျေမနပ် တောက်ခေါက်သံသည် အခန်းတစ်ခုလုံး မြည်ထွက်သွားသည်။

မင်ရင်ကြယ်က ခပ်အေးအေး ထပ်ပြောသည်။

'ဒုတိယသခင်လေး ဝန်ရင်မော် လုပ်ကြံခံရတာနဲ့ ထိပ်တန်းဟိုတယ် ပတ်သက်မှု ရှိနေရင် သူတို့လဲ သတိရှိနေကြမှာပါပဲ'

'မိတ်ဆွေက ခုန်ဖန်း ထွက်သွားတာကို ဒီပြဿနာကြောင့်လို့ ယူဆသလား'

'တိတိကျကျတော့ စွပ်စွဲလို့ မရပါဘူး၊ ဖြစ်နိုင်ချက်ကတော့ ရှိနေတယ်'

ကျို့ကုံးချွင်သည်တစ်စုံတစ်ရာကို အတွေးနက်လိုက်ဖြစ်၏။

ထို့နောက် တုံထန်းကျကို လှမ်းခေါ်သည်။



'တုံထန်းကျ ခဏလာဦး'

တုံထန်းကျသည် အနောက်ဆောင်ဘက်မှ ခြေလှမ်းကျဲကျဲနှင့် လျှောက်လာသည်။

ကျို့ကုံးချွင်အနီးသို့ ရောက်သည်နှင့် ဦးညွှတ်ပြီး ပြောလာသည်။

'သမားတော်ကြီး စိုက်ဝါထိုအတွက် အားလုံးအဆင့်သင့်ဖြစ်ပါပြီ သခင်ကြီး'

'ကောင်းပြီ၊ သူ့ကိစ္စ အသာထားဦး၊ ထိပ်တန်းဟိုတယ်ရဲ့ မူလပိုင်ရှင် ဘယ်သူလဲဆိုတာ သိချင်တယ်၊ ဘယ်မှာ ရှိနေသလဲဆိုတာလဲ သိချင်တယ်၊ တွေ့ရင် တပါတည်း ခေါ်ခဲ့၊ မတွေ့ရင် သတင်းအမြန်ပို့'

'စိတ်ချပါ သခင်ကြီး'

တုံထန်းကျက ချက်ချင်း ထွက်ခွာဟန်ပြင်သည်။

မင်ရင်ကြယ်က တုံထန်းကျကို လက်နှင့် လှမ်းတားပြီး အလျင်စလို ပြောသည်။

'နေပါဦး မူလပိုင်ရှင်နဲ့ ခုန်ဖန်းဟာ တစ်ဂိုဏ်းတည်း ဖြစ်နေရင် သူလဲ ပြေးပြီပေါ့ဗျ၊ တစ်ဂိုဏ်းတည်း မဟုတ်ဘူးဆိုရင်လဲ မေးလို့မြန်းလို့ ရတော့မှာ မဟုတ်ပါဘူး'

'အကြံပေးစမ်းပါဦးဗျာ'

'မိတ်ဆွေဟာ သိုင်းလောကမှာ အဆင့်မြင့်သူ တစ်ယောက်ပါ၊ ဒီတော့ အပေါင်းအသင်း ဂိုဏ်းအဖွဲ့တွေဆီ ကြောင်း

www.burmeseclassic.com

www.burmeseclassic.com



ကြားစာ ပို့သင့်တယ်၊ ဖမ်းပေးဖို့နဲ့ ဟန့်တားထားနိုင်ဖို့ပေါ့ဗျာ'

'မိတ်ဆွေရဲ့ အကြံပေးချက်ဟာ ကောင်းတဲ့အကြံပေးချက်ပါပဲ၊ ဒါပေမယ့် ခုန်ဖန်းအတွက်နဲ့ သိုင်းလောကသားအများအပြား လှုပ်ရှားမဆောင်ရွက်ကြရမယ်ဆိုတော့ . . .'

'ဒါက သတ္တမနတ်မင်းရဲ့ အရေးကြီးတဲ့ကိစ္စပဲဗျာ'

'ဟုတ်ပါတယ် ဟုတ်ပါတယ် မိတ်ဆွေရဲ့ အကြံပေးမှုကို ကျေးဇူးအများကြီး တင်ပါတယ်၊ ကဲ . . . ဒီတာဝန်ကို တုံထန်းကျကပဲ တာဝန်ယူပြီး ဖြေရှင်းပေးပါ'

ကျိုကုံးချွင်က ချက်ချင်း ဆုံးဖြတ်ချက်ချသည်။

တုံထန်းကျကလည်း 'ဟုတ်ကဲ့ပါ သခင်ကြီး' ဟု ဆိုပြီး ခေါင်းငုံ့ထွက်သွားသည်။

'မိတ်ဆွေ အရှင် ဖမ်းခဲ့ပါ'

မင်ရင်ကြယ်က သတိထပ်ပေးသည်။

တုံထန်းကျက နောက်ပြန်လှည့်ကြည့်ပြီး . . .

'စိတ်ချပါမိတ်ဆွေ၊ စိတ်ချပါ၊ ကျုပ်သဘောပေါက်ပါတယ်'

တုံထန်းကျသည် စကားဆုံးသည်နှင့် ဧည့်ခန်းဆောင်ထဲမှ ခပ်သွက်သွက် ထွက်ခွာသွားတော့သည်။

---

ကျိုကုံးချွင်သည် တုံထန်းကျ ကွယ်ပျောက်သွားသည်နှင့် တတွတ်တွတ် ရေရွတ်လိုက်ပြန်သည်။



'အင်း . . . ခုန်ဖန်းတိုသာ ဖမ်းမိခဲ့ရင် လျှို့ဝှက်ချက်တွေ ဖော်ထုတ်နိုင်လဲ ကလဲ့စားတော့ ချေနိုင်ပါလိမ့်မယ်၊ ဒါနဲ့ မိတ်ဆွေ င်ရင်ကြယ်က ဒီကိစ္စမှာ ဘာဖြစ်လို့ တက်ကြွနေတာလဲ'

'ဟဲဟဲ . . . သတ္တမနတ်မင်းက ကျုပ်ရဲ့တက်ကြွမှုကို နှစ်သက်လို့လားဗျာ'

'ဒီလိုမဟုတ်ပါဘူးလေ၊ ကျုပ်ဟာ သိုင်းလောကရဲ့ ကောင်း ျိုးအတွက်ဆိုရင် အနက်ရောင်သိုင်းသမား အဖြူရောင်သိုင်း သမား မခွဲခြားတတ်ပါဘူး၊ ဘယ်သူ့ဆိုလိုက်လိုက်လှဲလှဲ ကြိုဆို ါတယ်၊ ဒါပေမယ့် မိတ်ဆွေ ဘာဖြစ်လို့ ဒီလောက်စေတနာ ားရတာလဲ ဆိုတာကိုတော့ သိချင်တာ အမှန်ပဲ'

'ကျုပ် ကိုယ်ချင်းစာပါတယ်၊ တကယ်တော့ ကျုပ်ဟာ သိုင်းလောကရဲ့တောင်းရာကောင်းကျိုးကို ဆောင်ရွက်နေတဲ့လူပါ၊ သိုင်းလောကမှာရှိနေတဲ့ ဒုစရိုက်သားတွေကိုလဲ ရှင်းလင်းပစ်ဖို့ ှုပ်ရှားနေတဲ့လူပါ၊ နောက်တစ်ခုက ထစ်ခေတ်မှာ နှစ်ယောက်လို့ ိုရလောက်အောင် ထင်ရှားနေတဲ့ သိုင်းသမားကြီးနှစ်ယောက်ကို ာညီမယ်ဆိုတဲ့ စိတ်ဆန္ဒ၊ ပြီးတော့ ဝန်ရင်မော်ဟာ ကျုပ်အပေါ် ကျေးဇူးရှိခဲ့ဖူးတယ်'

'သြော် . . . သြော် . . . ဒီအချက်ကိုတော့ ကျုပ်မိတ်ဆွေ ိုလေးက ထုတ်ဖော်မပြောပြဖူးသေးဝါဘူး'

'မဆန်းပါဘူး သတ္တမနတ်မင်း၊ ဝန်ရင်မော်ဟာ လူကြား ာစ်ယောက်မဟုတ်ပါဘူး၊ သူ့ကိုယ်သူ နှိမ့်ချနေတဲ့လူပါ၊ သူ့ ေမျှား

www.burmeseclassic.com



အပေါ် ဘယ်လို ကျေးဇူးကြီးခဲ့ကြီးခဲ့ ထုတ်ပြောတတ်တဲ့ ညှဉ်… လှပါဘူး'

'သဘောပေါက်ပါပြီ မိတ်ဆွေ ကဲ. . . မိုးတောင်အ… ချုပ်လာပြီ၊ မိတ်ဆွေ အနားယူဖို့ အချိန်တန်ပါပြီ'

ကျို့ကုံးချွင်သည် စကားဖြတ်ပစ်ပြီး အတိုမြန်နှင့် ပုပ္ပ… လူကို လှမ်းပြီး ပြောသည်။

'ချန်ရှိုး၊ သူ့ရဲ့ကောင်းမိတ်ဆွေ မင်းရင်ကြွယ်အတွ… အခန်းနေရာ ပြင်ဆင်ပေးလိုက်ပါ'

'ဟုတ်ကဲ့ပါ သခင်ကြီး'

ပုပ္ပဝဝ ချန်ရှိုးသည် မင်းရင်ကြွယ်ကို ခေါင်းညိတ်ပြ… ဦးဆောင်ထွက်သွားသည်။ မင်းရင်ကြွယ်သည် တစ်စုံတစ်ရာ … ဆန့်ကျင်ခြင်း မပြုဘဲ ခပ်သွက်သွက် လိုက်သွားသည်။

ခန်းမဆောင်ထဲမှ ထွက်ပြီးနောက် လက်ဝဲဘ… အဆောက်အအုံဘေးမှ ကပ်သွားကြသည်။ မင်းရင်ကြွယ်သည်… ပတ်ဝန်းကျင်ကို အကဲခတ်ပြီး လိုက်ပါလာခဲ့သည်။

မင်းရင်ကြွယ်သည် မျက်လုံးကို အငြိမ်မထားသတဲ့… ပါးစပ်ကလည်း မငြိမ်ပေ။

'အင်း. . . ကျုပ်ဟာ သိုင်းလောကနဲ့ ကင်းကွာနေတာ… တော်ကြာသွားပြီ၊ ဒီအဆောက်အအုံကို မြင်ရတော့ ဆန်းနေသလို… ဒီလိုအဆောက်အအုံမျိုး တည်ဆောက်နိုင်ဖို့ဆိုတာ မလွယ်ဘူး… သတ္တမနတ်မင်း တော်တော်အကုန်အကျခံနိုင်တယ်'



ပုပ္ပဝဝ ချန်ရှိုးက လှည့်ပြောလာသည်။

'ရွှေကျောင်းပြောင်ပြောင် ဝမ်းခေါင်ခေါင် ဆိုတာ အဲဒါပဲ …တ်ဆွေရဲ့၊ သူ ချမ်းသာသမျှ သူ့မိတ်ဆွေညီလေးရောဂါကုတာနဲ့ …ကုန်သလောက်ရှိနေပြီ'

'ဩော်. . . ကျုပ်တော့ အဲဒီလိုစေတနာမျိုးကို လေးစား …ို့ မဆုံးဘူး'

'စေတနာက မရှိသလောက် ရှားပါတယ်'

'ဩော်. . . ဒါနဲ့ နောင်ကြီးကို သတ္တမနတ်မင်း ခေါ် …ိုက်သံ ကြားမိပါတယ်၊ နောင်ကြီး ဘွဲ့နာမည်က ချန်ရှိုး 'ပြုံး …တ်နှာ နတ်ဆိုး ချန်ရှိုး' ဟုတ်ပါတယ်နော်၊ လက်စသတ်တော့ …နောင်ကြီးဟာ နာမည်ကျော် သူ့ရဲ့ကောင်းကြီးကိုး'

'သူ့ရဲ့ကောင်းလို့ မခေါ်ပါနဲ့ဗျာ၊ ကျုပ်ဟာ အစက အနက်ရောင် သိုင်းလောကသားပါပဲ၊ ဒါကြောင့် အဖြူရောင် …သိုင်းသမားတွေရဲ့ မုန်းတီးမှုကို ခံခဲ့ရပါတယ်၊ နောက်မှ သတ္တမ …တ်မင်းနဲ့ တွေ့ပြီး သတ္တမနတ်မင်းရဲ့ တပည့်အဖြစ် လက်ခံခဲ့ …ာပါ၊ နတ်ဆိုးကြီးလို့ မခေါ်ရင် ကျေနပ်လို့ မဆုံးတော့ပါဘူး'

ရွှေချန်ရှိုးက ခံစားချက်ရှိစွာ ပြောလာသည်။ မင်းရင်ကြွယ် …ူးလိုက်မိသည်။

'ဝမ်းသာစရာသတင်းပဲ၊ သိုင်းလောက ကောင်းကျိုးကို …ောင်ဆောင်လာလို့ အထူးလေးစားပါတယ်၊ ယောကျ်ားကောင်း …ယောကျ်ားမြတ်တွေဟာ လောကကောင်းကျိုးကို အသက်ပေး

www.burmeseclassic.com

www.burmeseclassic.com



ထမ်းဆောင်သူတွေပါ၊ ဒါနဲ့ ကျန်တဲ့ ဟိုမိတ်ဆွေကကောဗျာ'

'သူကတော့ ကျုပ်နဲ့အမြဲမကွာ ရှိခဲ့တဲ့ ညီလေ၊ အလျှင်ထ မျက်နှာအေးနတ်ဆိုး 'စွန်းပုရှောက်' လို့ ကျော်ကြားခဲ့သူပေါ့'

'ဩော်. . . ဩော်. . . ဟိုတုန်းက သရဲရှစ်ယောက်ကို အနိုင်ယူခဲ့လို့ ကျော်ကြားခဲ့သူတွေကိုး'

'ဟဲဟဲ. . . အဲဒါတွေ မပြောပါနဲ့တော့ဗျာ၊ ဟိုတုန်းက လုပ်ခဲ့ကိုင်ခဲ့တာတွေဟာ နာမည်ကြီးချင်လို့၊ ကိုယ်ကျိုးကို ရှေ့တန်းတင်ထားလို့၊ လောဘကြီးခဲ့လို့ လုပ်မိကိုင်မိတာတွေပါ'

ရွှေချန်ရိုးက ရယ်ပြီး ပြောလာသည်။

မင်ရင်ကြွယ်သည် ခေါင်းတညိတ်ညိတ်လုပ်ရင်း စကားလမ်းကြောင်း ပြောင်းလိုက်သည်။

'ဒါနဲ့ သခင်လေး ဝန်ရင်မော်ရဲ့ ဧကလာလက်ထပ်ပွဲမှာ ခင်ဗျား ရှိနေပါသလား'

'ဝန်ရင်မော်နဲ့ သတ္တမနတ်မင်းဟာ ညီရင်းအစ်ကိုလို ချစ်ခင်သူတွေဗျ၊ ဒီတော့ ကျုပ်တို့ အသင့်ရှိမနေလို့ ဖြစ်ပါ့မလား'

'ဒီလိုဆိုရင် သခင့်လေးအတွက် အရက်ကို ဘယ်သူလာပို့တယ်ဆိုတာ မမှတ်မိဘူးလားဗျ'

'မိတ်ဆွေမေးခွန်းက'

ရွှေချန်မိုးသည် စကားမဆက်ဘဲ တွေဝေသွားသည်။

'ကျုပ်က သဲလွန်စ ရမလားလို့ မေးမိတာပါဗျာ'

'ဟုတ်ပါတယ်၊ ကျုပ် သဘောပေါက်ပါတယ်၊ ဒါပေမယ့် အဲ ဒီအချိန်က လူရှုပ်တဲ့အချိန်ဗျ၊ စည်လိုက်တာလည်း အရှုပ်ပဲ၊ ဒါကြောင့် ဘယ်သူ လာပို့တယ်ဆိုတာတောင် သတိမထားလိုက်မိဘူး'

'အင်း. . . ဒီလိုဆိုရင် အရက်ပို့သူဟာ ဘယ်သူဆိုတာကို သတ္တမနတ်မင်းပဲ မေးကြည့်ရတော့မှာပဲ'

'မေမုန့်ချူကို မေးကြည့်မှ ကောင်းမယ်'

'မေမုန့်ချူလည်း သိမယ် မထင်ပါဘူးဗျာ'

'ဘာဖြစ်လို့လဲဗျ'

'ရှင်းပါတယ်၊ အချိန်က အိမ်ထောင်ဦး ညချမ်းအခါဆိုတော့ သတို့သမီး စိတ်လှုပ်ရှားနေမယ့်အချိန်ပေါ့၊ ခေါင်းကိုလည်း ပိတ်နီစ ပတ်ထားရတဲ့အချိန်ဆိုတော့ မျက်စိရှေ့က အရာကိုတောင် မြင်မှာမဟုတ်လို့ပေါ့ဗျာ'

'ဟုတ်ပြီ၊ ခင်ဗျားပြောတာ သဘာဝကျတယ်၊ သတ္တမနတ်မင်းကို မေးမှ ဖြစ်တော့မယ်'

မင်ရင်ကြွယ်နှင့် ရွှေချန်ရိုးတို့သည် စကားတပြောပြောနှင့် လျှောက်လာခဲ့ရာ တဲခါးပေါက်တစ်ခုရှိရာသို့ ရောက်ရှိလာခဲ့ကြသည်။ ဘေးတစ်ဘက်တွင်မူ ခြံဝင်းကြီး ရှိနေသည်။

မင်ရင်ကြွယ်သည် ခြံဝင်းပ ဂိလည်တို အကဲခတ်လိုက်သည်။ ရောက်ရှိနေသောခြံဝင်းနေရာသည် သိပ်မကျယ်ဝန်းလှချေ။ သို့သော် သန့်ရှင်းပြီး သေသပ်သည်။ အခန်းငယ်လေးများကို လည်း တွေ့နေရသည်။



www.burmeseclassic.com

www.burmeseclassic.com



အခန်းဆောင်ကလေးများ၏ရှေ့တွင် ပန်းခင်းကလေးများ ရှိနေသည်။ ရွှေချန်ရိုးသည် အရှေ့ဘက်မှ အခန်းထဲ လှမ်းဝင်လိုက်သည်။

---

ထိုစဉ် အခန်းထဲမှ လူတစ်ယောက် ထွက်လာသည်။ အစေခံ ဖြစ်ဟန်ရှိသည်။

'အခန်းကို သန့်စင်ရှင်းလင်းပြီးပြီလား'

ရွှေချန်ရိုးက ထိုသူ့ကို ချက်ချင်း လှမ်းမေးသည်။

ထိုလူက. . .

'ဟုတ်ကဲ့၊ ပြီးပါပြီ ဆရာကြီး၊ ဒါပေမယ့် ဆရာကြီး စစ်ဆေးကြည့်ပါဦး'

ရွှေချန်ရိုးက အခန်းတွင်း ဝင်ပြီး လှည့်ပတ်ကြည့်ရှုသည်။ ထို့နောက် အပေါက်ဝတွင် ရပ်နေသော မင်ရင်ကြွယ်ကို လက်ယမ်းပြလိုက်သည်။

'မိတ်ဆွေကြီး၊ အထဲကို ကြွပါ'

မင်ရင်ကြွယ်က ခေါင်းညိတ်ပြီး လှမ်းဝင်လိုက်သည်။ အခန်းတစ်ခုလုံးကို အကဲခတ်သည်။ အခန်းသည် သန့်ရှင်းသပ်ရပ်သောအခန်းပင်။

အိပ်ရာခုတင်၊ စားသောက်ရန်စားပွဲ၊ ကုလားထိုင်နှင့် ပန်းချီကားချပ်များကို သူ့နေရာနှင့်သူ စနစ်တကျ ထားရှိထားသည်။ ပြတင်းပေါက်အပြင်မှ ဝင်လာသော လေနုအေးသည် ရင်ထဲ



ငြိမ်းအေးစေသည်။ ခန့်ညားထယ်ဝါမှု မရှိသော်လည်း လှပသေသပ်သောအခန်းဖြစ်သည်။

မင်ရင်ကြွယ်သည် ဟိုဟိုသည်သည် လှည့်ကြည့်ပြီး ခေါင်းတညိတ်ညိတ် လုပ်သည်။

ရွှေချန်ရိုးက မင်ရင်ကြွယ်ကို အကဲခတ်ပြီး မေးသည်။

'ဘယ့်နှယ်လဲ မိတ်ဆွေ၊ သဘောကျရဲ့လား'

'ကျုပ်ဗျာ၊ ဒီအခန်းဟာ အင်မတန် လှပပြီး သန့်ရှင်းသပ်ရပ်တဲ့ အခန်းပါ၊ ကျုပ်တစ်သက်မှာ ဒီလိုအခန်းမျိုးနဲ့ တစ်ခါမှ မနေခဲ့ဖူးပါဘူး၊ ဒီအခန်းထဲ ရောက်နေရတာကို ဘုရင့်နန်းတော်ထဲ ရောက်နေသလားလို့တောင် အောက်မေ့မိပါတယ်'

ရွှေချန်ရိုး ပြုံးသွားသည်။

အပြင်ထွက်ရန် ဟန်ပြင်လိုက်စဉ်မှာပင် မင်ရင်ကြွယ်က လှမ်းပြောပြန်သည်။

'နေပါဦး နောင်ကြီး ရွှေချန်ရိုးရဲ့၊ ဟိုသမားတော် စိုက်ဝါထိုတ ဘယ်အခန်း ရောက်နေသလဲ'

'သူက တောင်ဘက်အခန်းမှာပါ၊ မနက်ဖြန်ကျရင်တော့ တောင်ကုန်းဘေးက ဆေးကုခန်းဆီ ပြောင်းသွားရမှာပါ၊ ဒုတိယသခင်လေးကို ဆေးကုဖို့လေ'

ရွှေချန်ရိုးက တစ်နေရာကို လက်ညှိုးထိုးပြပြီး ပြောသည်။

မင်ရင်ကြွယ်က ထိုနေရာကို လှမ်းကြည့်သည်။ တံခါးပိတ်ထားသော အခန်းတစ်ခန်းကို တွေ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအခန်း၏အသွင်အပြင်ကို မြင်ရရုံနှင့် သေသပ်သော အခန်းဖြစ်မှန်း သိသာသည်။

ရွှေချန်ရိုးက လှမ်းပြောပြန်သည်။

'တဲ့ . . . မိတ်ဆွေကြီး မင်း၊ အနားယူလိုက်ပါဦး၊ တစ်ခုခုရှိရင် အကြောင်းကြားပါ၊ လိုအပ်တာမှန်သမျှ ကျုပ် ဆောင်ရွက်ပေးပါ့မယ်၊ ကဲ . . . ကျုပ်ကို ခွင့်ပြုပါဦး'

ရွှေချန်ရိုးသည် စကားဆုံးသည်နှင့် အဖော်တစ်ယောက် ခေါ်ပြီး ထွက်သွားသည်။

မင်းရင်ကြွယ်သည် ရွှေချန်ရိုး၏ ကျောပြင်ကြီးကိုကြည့်ရင်း ကျေကျေနပ်နပ် ပြုံးလိုက်သည်။ ထိုအပြုံးသည် အဓိပ္ပာယ် လေးနက်သောအပြုံးပင်တည်း။



## အခန်း (၁၇)

## ဖုံးကွယ်ထားသောအတိတ်

မင်းရင်ကြွယ်သည် လက်နှစ်ဘက်ကို နောက်ပစ်ပြီး ခေါက်တုံ့ခေါက်ပြန် လျှောက်နေသည်။

ထို့နောက် စိုက်ဝါထိုအခန်းကို လှမ်းကြည့်သည်။

အခန်းတံခါး မဖွင့်သေးချေ။

စိုက်ဝါထိုသည် အခန်းတံခါးပိတ်ပြီး အိပ်နေသည်လော၊ တောက်ကျစ်စဉ်းလဲသောအကြံများကို ကြံစည်စဉ်းစားနေသည်လော။

မည်သူမျှ မသိချေ။

အချိန်သည် အမှောင်ကြီးစိုးနေပြီ ဖြစ်သဖြင့် အခန်း

www.burmeseclassic.com

www.burmeseclassic.com



တစ်ခုလုံး မှောင်နေသည်။

မင်ရင်ကြွယ်သည် အသင့်ရှိနေသောမီးအိမ်ကို မီးထွန်း[illegible]
လိုက်သည်။

မှောင်နေသောအခန်းသည် လင်းလင်းချင်းချင်း ဖြစ်လာ
သည်။

ထို့နောက် အခန်းအပြင်ဘက်သို့ ထွက်ပြီး တံခါး[illegible]
စေ့လိုက်သည်။

ပတ်ဝန်းကျင်ကို အကဲခတ်လိုက်ပြီးနောက် စိုက်ဝါ[illegible]
အခန်းရှိရာသို့ လျှောက်လာသည်။

ခြေသံကို တမင် ပြင်းပြင်းနင်းသည်။

လမ်းလျှောက်ရင်း ချောင်းတဟွတ်ဟွတ်ဆိုးရင်း အ[illegible]
ပေးသည်။

အခန်းရှေ့ရောက်သည်နှင့် တံခါးကို မတိုးမကျယ် ခေါ[illegible]
ထိုတ်သည်။

တုံ့ပြန်သံ မကြားရပေ၊ မင်ရင်ကြွယ် စိတ်ရှည်ပါသည်
တံခါးကို သုံးလေးချက် ထပ်ခေါက်ပြီး ငြိမ်နေလိုက်သည်။ ကြာကြာ
မစောင့်လိုက်ရပါ။

'ဘယ်သူလဲ' ဟူသည့်အသံ ထွက်လာသည်။

'ကျုပ်ပါဗျ၊ ဆေးဆရာ မိတ်ဆွေပါ'

အခန်းထဲမှ လှုပ်လှုပ်ရှားရှားအသံများ ကြားရတော့သည်
တဆက်တည်းတွင်. . .



'ဆေးဆရာအချင်းချင်း တွေ့ဆုံကြတာဟာ မကောင်းတဲ့
တွေ့ဆုံခြင်းပဲဗျ' ဟူသည့် စကားသံပါ ကြားရသည်။

မင်ရင်ကြွယ်က ဟက်ခနဲ ရယ်လိုက်မိသည်။

'အင်း. . . မိတ်ဆွေကြီးရဲ့ ဝမ်းမန်းတသော ကြိုဆိုမှုကို
ဘယ်တော့များမှ ရပါ့မလဲဗျာ၊ ကျုပ်က နောင်တော်ကြီးကို တွေ့ဆုံ
ချင်လွန်းလို့ လာခဲ့တာပါ၊ နောင်ကြီး ပိတ်ထားတဲ့ တံခါးချပ်
နှစ်ချပ်ဟာ ကျုပ်ကို ဟန့်တားနိုင်လိမ့်မယ်လို့ ယူဆနေပါသလဲ'

'ဟားဟား. . . တံခါး ရိုက်ချိုးပြီး ဝင်လာခဲ့ရင် သတ္တမ
နတ်မင်း ကျိုးကိုးချင်က လက်ပိုက်ကြည့်နေမှာတဲ့လား၊ ကျေနပ်
ပြုံးပြုံးနေမှာတဲ့လား၊ ကျုပ်နေရာကို ဘယ်သူမှ မလာရဘူးလို့
သဘောတူညီထားတယ်မဟုတ်လား၊ ကျုပ်ကို ဘယ်သူမှ နှောင့်
ယှက်ခွင့် မရှိဘူး'

'ဟဲဟဲ. . . ဒုတိယ သခင်လေး ဝန်ရင်မော်ရဲ့အသက်ကို
ကယ်ဆယ်ဖို့ဆိုရင် အခန်းတံခါး ပျက်ရုံမကလို့ အိမ်တော်ကြီး
တစ်ခုလုံး မီးလောင်တိုက် အသွင်းခံရလဲ သတ္တမနတ်မင်းက
အပြုံးပျက်မှာ မဟုတ်ဘူး၊ သဘောတူညီချက်ဟာလဲ ဒီညနဲ့
မသက်ဆိုင်သေးဘူး၊ တရားဝင် သဘောတူညီချက်ဟာ မနက်ဖြန်မှ
အကျုံးဝင်တာပါ'

စိုက်ဝါထံမှ ဒေါသထွက်လာသည်။

'ခင်ဗျားက အကြွမ်းဖက်ချင်လို့ ဒီစကားတွေ လာပြောနေ
တာလား'

www.burmeseclassic.com



'ဟဲတဲ . . . ခင်ဗျားရဲ့အကျိုးကို ခင်ဗျား စဉ်းစားသင့်တယ်၊ ကျုပ်က ခင်ဗျားရဲ့အခွင့်အရေးကိုကြည့်ပြီး တံခါးဖွင့်ခိုင်းနေတာပါ၊ ဒေါ်သာအမှောင်ဟာ ခင်ဗျားရဲ့ဘ၀ကို ဖျက်ဆီးပစ်မယ့်အရာပဲ'

စိုက်ဝါထို၏အသံ မကြားရတော့ချေ။

မကြာမီမှာပင် တံခါးဖွင့်သံ ကြားရပြီး တံခါးပွင့်လာသည်။

---

မှုန်ကုတ်ကုတ်မျက်နှာနှင့် စိုက်ဝါထိုကို တွေ့ရသည်။

စိုက်ဝါထိုသည် အပေါ်ရုံအင်္ကျီကို ဝတ်ထားပြီး ဖိနပ်စီးထားသည်။

မင်းရင်ကြွယ်ကို မကျေမနပ် ကြည့်နေသည်။

'ခင်ဗျားစကားက ဘာစကားလဲဗျ'

'အေးအေးဆေးဆေး ပြောကြတာပေါ့ဗျာ'

မင်းရင်ကြွယ်က ခပ်တည်တည်ပြောပြီး ခပ်ရင့်ရင့်လှမ်းဝင်လိုက်သည်။

စိုက်ဝါထိုက တံခါးဘောင်ကိုကိုင်ပြီး တဟင်းဟင်းလုပ်သည်။

'နောင်ကြီးတ မီးမထွန်းဘဲ နေနေတာကိုး၊ တစ်ခန်းလုံးမှောင်မည်းနေတာပဲ၊ နောင်ကြီးက အမှောင်ကြိုက်တယ်နဲ့တူတယ်'

မင်းရင်ကြွယ်သည် စကားတပြောပြောနှင့် မီးအိမ်ကိုမီးထွန်းလိုက်သည်။



အခန်းသည် ချက်ချင်း လင်းထိန်သွားသည်။

မီးရောင်အောက်တွင် ဆေးသတ္တာနှင့် ကြော်ငြာစာတန်းကို တွေ့ရသည်။

ခုတင်ပေါ်မှ စောင်တိုလည်း ပြန့်တျဲနေလျက် တွေ့ရသည်။

အိပ်ရာပေါ်မှ ဆင်းလာကြောင်း သိနေရသည်။

မင်းရင်ကြွယ် အခန်းကို အကဲခတ်နေစဉ်မှာပင် နောက်ဘက်တွင် ရပ်နေသော စိုက်ဝါထိုက လှမ်းပြောလာသည်။

'မင်. . . ခင်ဗျား ပြောခဲ့တဲ့စကားက ဘာစကားလဲဗျား၊ ရှင်းစမ်းပါ'

အသံက မာသည်။ မကျေနပ်ကြောင်း သက်သေပြချက်ဖြစ် သည်။

မင်းရင်ကြွယ်က ဟက်ခနဲ ရယ်သည်။

'နောင်ကြီး စိုက်ကလဲဗျာ၊ အမှတ်မထင် ပြောလိုက်တာကို အထအန တောက်နေပြန်ပါပြီ၊ ကဲ . . . ထိုင်ပါ၊ အေးအေးဆေးဆေး ဆွေးနွေးကြတာပေါ့'

မင်းရင်ကြွယ်က ကုလားထိုင်တစ်လုံးတွင် ခပ်တည်တည် ဝင်ထိုင်သည်။

စိုက်ဝါထို မတတ်သာ။

ခုတင်ဘေးတွင် ဝင်ထိုင်လိုက်ရတော့သည်။

အခန်းတစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေပြန်သည်။

www.burmeseclassic.com

www.burmeseclassic.com



မင်းရင်ကြွယ်သည် စိုက်ဝါထို၏ စိတ်အိုက်နေပုံကို ကြည့်ပြီး ရယ်ရယ်ပြုံးပြုံး လုပ်လိုက်သည်။

'ကျုပ်ပြောမယ့်စကားကို နောင်ကြီးစိုက်ဝါထို နားထောင်ချင်တယ် မဟုတ်လား'

စိုက်ဝါထိုက မင်းရင်ကြွယ်ကို မကြည့်ဘဲ ဖြေသည်။

'ခင်ဗျားပြောမယ့်စကားကို ကျုပ် စိတ်ဝင်စားပါတယ်'

'ကျုပ်စကားကို ခင်ဗျား စိတ်ဆိုးသွားမှာပဲ စိုးရိမ်ပါတယ်'

'ကျုပ်က ဘာဖြစ်လို့ စိတ်ဆိုးရမှာလဲ၊ ကျုပ်ဟာ သိုင်းလောကရဲ့ဆေးဆရာပါ၊ ဒီအလုပ်ကို လုပ်နေတာဟာ ငွေကြေးကြောင့်လည်းမဟုတ်ဘူး၊ ဂုဏ်ပကာသနကြောင့်လဲ မဟုတ်ဘူး ကျုပ်ဟာ ဒီအခန်းထဲက အချိန်မရွေး ပြန်ထွက်သွားနိုင်တဲ့လူ'

'ဟဲမဲ . . . ခင်ဗျား ဂုဏ်ပကာသန မမက်မောဘူး ငွေကြေးမလိုဘူးဆိုတာကို ကျုပ် ယုံပါတယ်၊ ဒါပေမယ့် ခင်ဗျား လိုချင်တာကိုတော့ မရရအောင် ယူသွားမယ့်လူပဲ၊ ခင်ဗျား ကျုပ်ဟာ ကိုယ့်သဘောနဲ့ကိုယ် ရောက်လာခဲ့ကြတဲ့သူတွေ ခင်ဗျား ထွက်သွားလဲ ကျုပ်က ကျန်နေဦးမှာပဲ၊ ဒီတော့ ဒုတိယ သခင်လေးအတွက် ဆေးကုပေးမယ့်လူကို ပူမနေရတော့ဘူးပေါ့ဗျာ ဟဲဟဲ'

စိုက်ဝါထိုသည် ဒေါသကြောင့် မျက်နှာကြီး နီရဲလာတော့သည်။

'ခင်ဗျားက ကျုပ်ကို ဒေါသထွက်အောင်လုပ်ပြီး ပထုတ်နေ



တာပေါ့၊ ဟုတ်လား၊ ဒီမယ် မင်း၊ ကျုပ်ဟာ သိုင်းလောကမှာ ကျင်လည်နေတဲ့လူဗျ၊ ခင်ဗျား ညာတာကို ခံနေမယ် ထင်နေသလား'

'ခင်ဗျား ဒီနေရာက ထွက်မသွားဝံ့ဘူးဆိုတာ ကျုပ်သိပါတယ်ဗျာ၊ ခင်ဗျား ဒီနေရာက လုံးဝ ထွက်မသွားရဲပါဘူး၊ စကားသုလုနဲ့ ကိုယ့်ကိုယ်ကို ကာကွယ်မနေစမ်းပါနဲ့'

'ကျုပ် ဒီတ မခွာရဲဘူး ဟုတ်လား၊ ကဲ. . . ဘာဖြစ်လို့လဲဆိုတာ အကြောင်းပြစမ်းပါ'

'ကျုပ်က ပွင့်ပွင့်လင်းလင်း အေးအေးဆေးဆေး ဆွေးနွေးချင်သူပါဗျ၊ ဘဝတူဆေးဆရာချင်း အပေးအယူ လုပ်ချင်တာပါဗျ'

'ဆေးဆရာချင်း ဘာဆွေးနွေးစရာရှိလဲ မင်းရဲ့'

'ကျုပ်က ခင်ဗျားရဲ့ဆေးနည်းကို မေးချင်လို့ လာတာမဟုတ်ပါဘူး၊ ခင်ဗျားရဲ့ ဘဝမှန်ကို သိချင်လို့ပါ၊ ခင်ဗျားရဲ့နာမည်၊ ခင်ဗျားရဲ့ဂိုဏ်း၊ အရှိကို အရှိအတိုင်း သိချင်တယ်ဗျာ'

မင်းရင်ကြွယ်က အေးအေးဆေးဆေး ပြောနေသော်လည်း စိုက်ဝါထိုရင်ထဲတွင်မူ ဒိန်းခနဲ မြည်သွားသည်။

သို့သော် စိုက်ဝါထိုသည် ဒေါသကို ထိန်းချုပ်လိုက်ပြီး . . .

'ဒါလောက်တော့ သိခွင့်ရှိပါတယ်ဗျာ၊ ကျုပ်မျိုးရိုးက 'စိုက်' နာမည်က 'ဝါထို' အလုပ်အကိုင်က ဆေးကုစားသူ၊ သက်ရှင်နေထိုင်တာက သိုင်းလောက၊ ရည်ရွယ်ချက်က ဒုက္ခသည်တွေကို ကယ်တင်ဖို့. . .'

'ကောင်းပါ့ ကောင်းပါ့၊ နောင်ကြီးစိုက်ဝါထိုရဲ့ စကား

www.burmeseclassic.com

www.burmeseclassic.com



ကြားရတာ လေးစားစရာပါပဲ၊ ဒါပေမယ့် ပေါက်ကရ စကားတွေလို့ ကျုပ် ယူဆထားပါတယ်၊ ဟဲဟဲ . . .'

စိုက်ဝါထို မျက်နှာပျက်သွားသည်။

'ဘယ်လို ပြောလိုက်တာလဲ မင်'

'ကျုပ်က မှန်မှန်ကန်ကန် ပွင့်ပွင့်လင်းလင်း ဆွေးနွေးချင်တဲ့လူဗျ'

'ဘယ်သူက မပွင့်မလင်း လုပ်နေလို့လဲဗျာ'

'ကိုယ့်အကြောင်း ကိုယ်အသိဆုံးပါလေ၊ ကျုပ်သာ ထုတ်ပြောလိုက်ရင် ခင်ဗျား မျက်နှာပျက်ရပါလိမ့်မယ်'

'ခင်ဗျား စကားတိုကြည့်ပြောပါ'

စိုက်ဝါထို ဒေါသထွက်လာသည်။ တုန်လည်း တုန်လှုပ်လာသည်။

'ဒီလောက်လဲ စိတ်လှုပ်ရှားမနေစမ်းပါနဲ့ဗျာ၊ ဒေါသဖြစ်စရာ အကြောင်းလဲ ဘာမှ ရှိတာမဟုတ်ပါဘူး၊ ပြဿနာဖြစ်လဲ အဆိုးသာ ဖြစ်လာမှာပါ၊ အေးအေးဆေးဆေး ဆွေးနွေးလို့ ဖြစ်တဲ့ ကိစ္စတွေပါ'

'အို . . . စကားပြောလို့ အပေါက်အလမ်းမှ မတည့်တာ ကျုပ်မှာ ခင်ဗျားနဲ့ ပြောနေဖို့ ဘာစကားမှ မရှိဘူး၊ ခုချိန်မှာ ခင်ဗျားကို နှင်ထုတ်ရင် ကျုပ်မှာ အပြစ်မရှိဘူး'

'ဒေါသမကြီးနဲ့လေဗျာ၊ စိတ်လှုပ်ရှားဖို့လဲ မလိုသေးပါဘူး ကိစ္စက ခင်ဗျားရဲ့သဘောထားပေါ်မှာသာ မူတည်နေတာပါ၊ ကျုပ်နဲ့



သာ ပူးပေါင်းမိရင် ခင်ဗျားကိစ္စထဲ ဘာမှဝင်မစွက်ပါဘူး၊ ကျုပ်က အအလို နေနေမယ်လူပါ၊ ကျုပ်မေးတာကို မပြောဘူး၊ မပူးပေါင်းဘူး ဆိုရင်တော့ . . .'

မင်ရင်ကြွယ်က စကားကို အဆုံးမသတ်ဘဲ ဖြတ်ထားလိုက်သည်။

စိုက်ဝါထို အံကြိတ်ပြီး ပြောလာသည်။

'ခင်ဗျား ဘာတွေ လျှောက်ပြောနေတာလဲ၊ ကျုပ်ဘာမှ နားမလည်ဘူး'

'နားမလည်ဘူးဆိုရင်လဲ ဖြစ်ပါတယ် နောင်ကြီးစိုက်၊ ဒါပေမယ့် ခင်ဗျား နားလည်အောင်တော့ ပြောပြဦးမှာပါ၊ ခင်ဗျားဟာ သမားတော်စိုက်ဝါထို အစစ်မဟုတ်ဘူး၊ အတုပါ၊ ဒီကို ရောက်လာတာက သခင်မလေးရှန်းရဲ့ အမိန့်နဲ့ လာခဲ့သူပဲ၊ ကိစ္စက ကျိုမိသားစုအိမ်တော်ထဲက ဝန်ရင်မော်ကို လာရှာတာ'

မင်ရင်ကြွယ်ပြောမယ့် ပြောတော့လည်း ဘွင်းဘွင်းကြီး ပြောတော့သည်။

စိုက်ဝါထိုသည် ရင်ထဲ ဒိန်းခနဲ မြည်သွားပြီး ထရမလို ထိုင်ရမလို ဖြစ်သွားသည်။

---

'ခင်ဗျား . . . ခင်ဗျား . . . ခင်ဗျားဟာက . . .'

မင်ရင်ကြွယ်က မဆိုးမခန့် ပြုံးလာသည်။

'နောင်ကြီးစိုက်ဝါထို၊ ကျုပ်တို့ဟာ သိုင်းလောကသားများ

www.burmeseclassic.com

www.burmeseclassic.com



တွေပါဗျ၊ ပါးနပ်လျှင်မြန်သူ့ရဲ့ မျက်လုံးထဲကို သဲနဲ့ ပက်လို့ မရဘူးဗျ ဟန်ဆောင်မနေစမ်းပါနဲ့ဗျာ၊ အပိုစကားတွေ ပြောပြီး အချိန်မဖြုန်းစမ်းပါနဲ့'

စိုက်ဝါထိုသည် လှုပ်ရှားနေသောစိတ်ကို အတည်ငြိမ်ဆုံးဖြစ်အောင် ထိန်းသိမ်းလိုက်သည်။

'ခင်ဗျားက မဟုတ်မဟတ် လုပ်ဇာတ်ခင်းနေတာကိုး၊ တို့မိသားစုကို အကြောင်းကြားလိုက်ရမလား မိတ်ဆွေ၊ ဘယ်သူခြေ အထိသူ့ကင်း ဆိုတာ ရှင်းသွားတာပေါ့'

စိုက်ဝါထိုသည် မင်းရင်ကြွယ်ကို ခြိမ်းခြောက်လိုက်သော်လည်း အော်ဟစ်အကူအညီတောင်းခြင်ကား လုံးဝ မရှိသေးချေ။

မင်းရင်ကြွယ်သည် မင်သေသေ လုပ်နေသော စိုက်ဝါထိုကိုကြည့်ပြီး ဟက်ခနဲ ရယ်ပစ်လိုက်သည်။

စိုက်ဝါထို မလုံမလဲ ဖြစ်လာသဖြင့် ထပ်ပြောလာသည်။

'တဲ. . . ခင်ဗျားသဘောထားကို ပြောပါ'

'ကျုပ်မှာ ဘာဆန္ဒ သဘောထားမှ မရှိပါဘူး၊ ကျုပ်သိချင်တာက ခင်ဗျား ဘယ်သူလဲ၊ ဘယ်ဂိုဏ်းကလဲ၊ ဝန်ရင်မော်တို့ ဘာဖြစ်လို့ လိုက်ရှာနေတာလဲ၊ ဒါပဲ'

စိုက်ဝါထို မျက်မှောင်ကြုတ်သွားတော့သည်။

တစ်စုံတစ်ရာကို အလေးအနက် စဉ်းစားသည်။

'ဪ. . . ကျုပ်ပဲ ကံဆိုးသလား၊ ခင်ဗျားပဲ ကံကောင်း



လား မကြာခင် သိရမှာပေါ့၊ ကျုပ်ပြောတာသာ နားထောင်'

စိုက်ဝါထို၏ ပခုံးနှစ်ဘက်သည် စကားပြောနေရင်း ဆက်ခနဲ လှုပ်သွားသည်။

သို့သော် စိုက်ဝါထို၏ လှုပ်ရှားမှုသည် လျှင်မြန်ခြင်းသော်လည်း လက်တွေ့တွင်မူ အနည်းငယ် နောက်ကျနေလေသည်။

မင်းရင်ကြွယ်၏လှုပ်ရှားမှုသည် ပြောမပြတတ်အောင် မြန်လွန်းနေသည်။

မင်းရင်ကြွယ်၏ ပြုတ်တူလို မြဲမြံသော လက်ချောင်းလေးများသည် သူ့ပခုံးကို ချုပ်ကိုင်ပြီးလေပြီ။

စိုက်ဝါထိုသည် ငါးများချိတ်တွင် ချိတ်မိနေသော ငါးလေး ဖြစ်နေလေပြီ။

'နောင်ကြီးစိုက်ဝါထို၊ လှုပ်ဖို့ မကြိုးစားနဲ့ ကျုပ်ရဲ့ လျှင်မြန်မှုကို ခင်ဗျား ဘယ်တော့မှ လိုက်မမီဘူး'

စိုက်ဝါထို မျက်စိပျက် မျက်နှာပျက် ဖြစ်နေတော့သည်။

'မိတ်ဆွေရဲ့ သိုင်းပညာက ကြောက်စရာကောင်းလောက်အောင် ထက်မြက်နေတာကိုး'

အသံသည် တုန်ယင်နေသည်။ သူ့စကားသည် ဤစကားသာ အမှန်ဖြစ်နေသည်။

'ဟဲဟဲ. . . ကျုပ်ရဲ့ သိုင်းပညာဟာ ခင်ဗျားထက် နည်းနည်းလေး ပိုထက်နေတာပါ၊ တအံ့တသြ ချီးကျူးလောက်တဲ့

www.burmeseclassic.com

www.burmeseclassic.com



ပညာ မဟုတ်ပါဘူး'

'ဘယ်လိုပြောပြော အမှန်ဟာ အမှန်ပါပဲ မိတ်ဆွေ ကျုပ်ရဲ့သိုင်းပညာဟာ ခင်ဗျားရဲ့သိုင်းပညာကို ယှဉ်လို့ မရတာ အမှန်ပါပဲ၊ ကျုပ် အရှုံးပေးပါတယ်'

စိုက်ဝါထိုအလွန် စိတ်ဓာတ်ကျသွားဟန်နှင့် ကျိုးကျိုးနွံ ပြောလာသည်။

မင်းရင်ကြွယ်က ရလာသော အခွင့်အရေးကို လက်လွှတ် မခံဘဲ ထပ်ပြောသည်။

'ကျုပ်အနေနဲ့ မိတ်ဆွေကို အသိပေးသင့်တာ ပေးထာ ပါမယ်၊ ကျုပ် သိချင်တာကို သိပြီးရင် အလိုလို ဟန်ဆောင်နေ ပါမယ်၊ ခင်ဗျားရဲ့ကိစ္စကို ပြောလည်းမပြောဘူး၊ နားလည်းမထော တော့ဘူး၊ ဒါ ကျုပ်ကတိပဲ၊ ဒါပေမယ့် ကျုပ် သိချင်တာကို အမှ အတိုင်း ထုတ်မပြောရင် ကျုပ်ကို အပစ်မတင်နဲ့ ကုန်တုန်ပြောရရ ခင်ဗျားဟာ ကျို့မိသားစုအိမ်တော်မှာ လုံးဝ ရပ်တည်ခွင့်မေ တော့ဘူးဆိုတာပဲ၊ အဲဒီအချက်ကို သေသေချာချာ စဉ်းစားပါ'

စိုက်ဝါထို မျက်နှာကြီး အိုပြီး ငိုင်တွေသွားသည်။

အတန်ကြာအောင်ငြိမ်နေပြီး. . .

'ကဲ. . . ခင်ဗျား ဘယ်ပုံဘယ်နည်း သိထားသလဲ ဆိုတာ ကို အရင်ရှင်းပြပါ'

'ရပါတယ် အမှန်ကို ပြောပြဖို့ ဝန်မလေးပါဘူး၊ သခင် လေးရှန်းနဲ့ သခင်လေးမော်လင်တို့ကို ထိပ်တန်းဟိုတယ်မှ



တွေ့ဆုံခဲ့တယ်၊ သူတို့ နှစ်ယောက်ဟာ အဲဒီမှာ စကားပြောဆိုပြီး တာနဲ့ တူးမြောင်းရှိရာ ထွက်သွားတယ်၊ ကျုပ်က နောက်ယောင် ခံပြီး လိုက်တယ်၊ ကျုပ်နောက်ယောင်ခံ လိုက်နေတာကို သူတို့လဲ သိတယ်၊ ကျုပ်ကိုတော့ မြင်မသွားဘူး၊ ကဲ. . . ဒီလောက်ဆို လုံလောက်ပါပြီ'

စိုက်ဝါထိုသည် သက်ပြင်းရှည်ကြီး ဟင်းခနဲ ချလိုက် တော့သည်။

'အင်း. . . ခုမှ ခြေပွေးပိုးထိတဲ့ကိန်း ဆိုက်တော့တာကိုး၊ သွားပြီ သွားပြီ၊ ဒီတစ်ခါတော့ ကျုပ်တို့ အရေးနိမ့်သွားပြီ၊ လူပါး ပလင်းထိဆိုတာ ဒါမျိုးပဲ၊ ဒီလောက် ပိရိတဲ့ မိန်းကလေးဟာ ခုမှ ဘာဖြစ်လို့ အချော်သွားခဲ့တာလဲ'

'အပိုစကားတွေ ပြောမနေစမ်းပါနဲ့၊ ကျုပ်မေးတာကိုသာ ဖြေပါ'

မင်းရင်ကြွယ်သည် သူပြောသလို တကယ်လုပ်မည့်ပုံစံမျိုး ပင်။ ထိုအချက်ကို စိုက်ဝါထို ကောင်းကောင်းရိပ်မိသည်။

ဟန်ဆောင်ဖုံးကွယ်၍ မရတော့။ လျှို့ဝှက်ချက်ကို ထုတ် ဖော်ပြောကြားလိုက်မှသာလျှင် ထွက်ရပ်လမ်း တွေ့ရတော့မည်။ စိုက်ဝါထိုသည် သက်ပြင်းကြီးကိုသာ လေးလေးပင်ပင် ချလိုက်မိ တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၁၈)

## မိုးမွှေးဂိုဏ်းကလူ

'ကျုပ် ထုတ်ပြောပြပါမယ်၊ ခင်ဗျား ကတိသာ တည်ပါ'

'ကျုပ်က ပြောသလိုလုပ်တဲ့ လူစားပါ'

'ကဲ. . . နွားထောင်၊ ကျုပ်မျိုးရိုးက ယွင်၊ နာမည်က ယန်ဖေး'

'ဪ. . . ဪ. . . လက်စသတ်တော့ သိုင်းလောကထဲက ရုတ်တရက် ပျောက်ကွယ်သွားတဲ့ 'ပိန်လှန်ကျူး'ကိုး၊ တိုက်ဆိုင်ပလေခြင်း'

မင်းရင်ကြွယ်က အံ့သြဟန်နှင့် ဆိုသည်။

စိုက်ဝါထိုက ခေါင်းကို ဆတ်ခနဲ ညိတ်ပြပြီး ဟုတ်မှန်



ကြောင်း ဝန်ခံသည်။

'ဟုတ်ပါတယ်၊ ကျုပ်ဟာ ပိန်လှုံကျူး ခေါ် ယွင်ယန်ဖေး ပါပဲ'

'အင်း. . . လက်စသတ်တော့ မထင်မှတ်ဘဲ ရုတ်တရက် ပျောက်ကွယ်သွားတဲ့ အဆင့်မြင့်သိုင်းပညာရှင်နဲ့ တွေ့ဆုံနေရတာကိုး၊ ခုလို တွေ့ရတာ ဝမ်းသာမိပါတယ်ဗျာ ကဲ. . . ခင်ဗျားရဲ့ ဂိုဏ်းကို ပြောပါဦး'

စိုက်ဝါထို၏ နှုတ်ခမ်းအစုံသည် တလှုပ်လှုပ် ဖြစ်လာရာမှ ပြန်ငြိမ်သွားသည်။

'သိပ်လဲ စဉ်းစားမနေပါနဲ့ နောင်ကြီး၊ ခင်ဗျားဟာ အဆင့်မြင့် သိုင်းပညာရှင်တစ်ယောက်ပါ၊ အမှားအမှန် အဆိုးအကောင်းကို ခွဲခြားသိတဲ့သူပါ'

မင်းရင်ကြွယ်က စိုက်ဝါထို၏အတ္တကို မြှင့်တင်ပေးလိုက်သည်။

စိုက်ဝါထိုသည် နဖူးရည်များ တွန့်တက်သွားအောင် မျက်မှောင်ကြုတ်လိုက်သည်။

'ဂိုဏ်းက လျှို့ဝှက်ဂိုဏ်းဆိုတော့. . .'

'ဒါကို ကျုပ် သိပါတယ်ဗျ၊ ဆက်ပြောရမယ်ဆိုရင် နတ်ဆိုးဘွဲ့ယူထားတဲ့ လက်ရှိဘက် ချန်ချွန်းယင်းဟာ နယ်လှည့်စစ်ဆေးရေးမှူးချုပ်တာဝန်ကို ယူထားသူပါ၊ သူ့လက်အောက် သိုင်းသမားလေးငါးယောက်ဟာလည်း စစ်ဆေးရေး တာဝန်ခံတွေပါ၊ ဒီလူတွေ

www.burmeseclassic.com

www.burmeseclassic.com



ပါဝင်နေတဲ့ဂိုဏ်းဟာ ကြီးမားကျယ်ပြန့်တဲ့ဂိုဏ်းပါ။ နာမည်တစ်ခုတော့ ရှိသင့်ပါတယ်၊ မရှိဘူး၊ မသိဘူး ဆိုလာရင်တော့ ဟဲဟဲ. . .'

မင်ရင်ကြယ်က မခိုးမခန့် ရယ်သွမ်းသွေးသည်။

စိုက်ဝါထို မျက်နှာပျက်သွားသည်။

'ခင်ဗျား သိထားတာတွေ တော်တော်များနေပြီပဲ'

'သိပ်မများပါဘူး၊ ဒီလောက်တလေးပါပဲ၊ ဒါကြောင့် ခင်ဗျားကို မေးနေရတာပေါ့'

'လူတွေဟာ ကိုယ့်အကြောင်းနဲ့ကိုယ် လှုပ်ရှားနေကြတာချည်းပါပဲ၊ ဘာ့ကြောင့် သူများကိစ္စကို ဝင်ပြီး စွက်ဖက်ချင်ရတာလဲ မင်'

'ခင်ဗျား အမြင်မှားနေတယ် ထင်တယ်၊ ခင်ဗျားပြောသလိုဆို လူတိုင်းလူတိုင်းမှာ တာဝန်ကိုယ်စီ ရှိနေကြတာချည်းပဲဗျ ရှင်းရှင်းပြောရရင် ကျုပ်ဟာ သခင်လေးဝန်ရင်မော် ဘယ်လို လုပ်ကြံခံရသလဲ၊ ဘယ်သူတွေက လုပ်ကြံသွားတာလဲဆိုတာကို စုံစမ်းထောက်လှမ်းနေတဲ့လူဗျ၊ ရှင်းရဲ့လား'

'ဒီကိစ္စနဲ့ ပတ်သက်ရင်တော့ ကျုပ်ကို သံသယရှင်းရှင်း ထားစမ်းပါဗျာ၊ ကျုပ်ဟာ အဲဒီပြဿနာနဲ့ ပတ်သက်သူ မဟုတ်ပါဘူး'

'ကျုပ်က ခင်ဗျားကိုကော၊ ခင်ဗျားတို့ဂိုဏ်းကိုပါ ဝန်ရင်မော်ကိစ္စနဲ့ ပတ်သက်လို့ စွပ်စွဲနေလို့လားဗျာ၊ တစ်ခွန်း တစ်ပါဒမှလည်း မစွပ်စွဲရသေးပါလား၊ တစ်ခုတော့ရှိတယ်၊ ဒီကိစ္စရဲ့



ဖြစ်မှန် အပေါ်မချင်း ဘယ်သူကိုပဲဖြစ်ဖြစ် သံသယမျက်လုံးနဲ့ ကြည့်နေရမှာပဲ၊ ဒါ ကျုပ် တာဝန်လေ'

'ကျုပ်တို့အပေါ် သံသယ ရှိနေရင်တော့ အချိန်ကုန် ဝန်းရုံပေါ့ မင်'

'လူတချို့ဟာ အမှန်တရားအတွက်ဆိုရင် အသက်တောင် အသေခံကြပါတယ်ဗျာ၊ ပင်ပန်းတယ်ဆိုတာ စကားထဲ ထည့်ပြောရာတောင် မလိုပါဘူး၊ ကဲ. . . ကျုပ် မေးတာသာ ဖြေပါ၊ အချိန်ဟာ တန်ဘိုးရှိပါတယ်၊ အဓိပ္ပာယ်မရှိတာတွေ ပြောမနေပါနဲ့တော့'

စိုက်ဝါထိုသည် အချိန်ဆွဲနေ၍ မရတော့မှန်း သဘောပေါက်လာသဖြင့် မျက်နှာပျက်ပျက်နှင့် ပြောကြားလာတော့သည်။

'တဲပါလေ၊ မင်းရဲ့ တောင်းဆိုမှုကို ဖြည့်ဆည်းပေးပါ့မယ်၊ ကျုပ်တို့ဂိုဏ်းဟာ ထန်ရှန်းကျောက် 'မိုးမွှေးဂိုဏ်း'ပါ၊ ဒီနာမည်ကို ခင်ဗျား ကြားဖူးရဲ့လား'

'တစ်ခါမှ မကြားဖူးသေးဘူး၊ ဂိုဏ်းထောင်ထားတာ သိပ်ကြာသေးဘူး ထင်တယ်'

စိုက်ဝါထိုက ခေါင်းကို ဘယ်ညာ ယမ်းပစ်လိုက်သည်။

'ခင်ဗျား အမြင်မှားသွားပြီ၊ ဒီဂိုဏ်းကို တည်ထောင်ခဲ့တာဟာ ကျုပ် သိုင်းလောကထဲ ပျောက်ကွယ်သွားတာတည်းကပဲ၊ အဲဒီကတည်းကစပြီး တည်ထောင်ခဲ့ကြတာ'

'ဒါဆို အတော်ကြာပြီပဲ၊ ခင်ဗျားတို့ဟာ တော်တော်ပုန်းလျှိုးကပ်တဲ့လူတွေပဲ၊ တော်ပါပေတယ်ဗျာ၊ တော်ပါပေတယ်'

www.burmeseclassic.com

www.burmeseclassic.com



'ဂိုဏ်းချုပ်ကတော့ ဝဲယာ ဂငှုန်လေးကောင်ရဲ့ အထက်

ရှိတယ်'

'ဂငှုန်လေးကောင် တော်တော်တောင်းတဲ့နာမည်

အမျိုးသမီးရဲ့ နာမည်ရင်းကို ပြောပါဦး'

'စီးမင်းရှုန်း လို့ ခေါ်တယ်'

'တော်တော်ကောင်းတဲ့ နာမည်ပါလား၊ ရာထူးက

ရာထူးလဲ'

'ဂိုဏ်းအုပ်ချုပ်ရေးမှူးပါ'

'အဲဒီရာထူးက အဆင့်မြင့်ရာထူးလား'

'ဟုတ်တယ်၊ ဂိုဏ်းချုပ်ရာထူးကလွဲရင် အဲဒီရာထူး

အဆင့်အမြင့်ဆုံး၊ ဂငှုန်လေးကောင်ဟာ အဲဒီရာထူးအဆင့်

ရထားသူတွေပဲ'

'ဪ. . . ဪ. . . ဒါနဲ့ ခင်ဗျား အဆင့်အတန်း

ဆိုရင်တော့. . .'

'မနိုင်းလောတ်ပါဘူး၊ ကျုပ်က ပါမွား အသေးအဖွဲ

'ဘာရာထူးမို့လဲ'

'အကျီပြာ ဝတ်ရတဲ့ အဆောင်မှူးပါ'

'ခင်ဗျားအဆင့်ဟာ နိမ့်ကျတဲ့အဆင့် မဟုတ်ပါဘူး

မေးချင်သေးတာက အကျီဝါက စည်းကမ်းထိန်းဆိုတော့ ခင်ဗျား

တို့ရဲ့ ဝတ်စုံအရောင်တွေက ရာထူးခွဲပြီး ဝတ်ရတာလား'

'ဟုတ်ပါတယ်၊ အကျီအရောင်ဟာ ရာထူးအဆင့်အ



ကို သတ်မှတ်ထားတာပါ'

'ဘယ်လို ခွဲခြားသတ်မှတ်ထားတာလဲ'

ပိုးသားအကျီ အဝါ၊ အဖြူ၊ ခရမ်းရောင်၊ အပြာရောင်၊ အနက်ရောင်၊ မီးခိုးပြာရောင်ဆိုပြီး အရောင်ခြောက်မျိုး ခွဲခြားထားပါတယ်'

'အသေးစိတ် ပြောပါဦး နောင်ကြီး'

'ကျုပ် ဒီလောက်ပဲ ပြောတတ်ပါတယ်ဗျာ'

ကောင်းပါပြီလေ၊ ကျန်တာတွေက သိပ်အရေးမကြီးလှပါဘူး၊ မော်လင်ဆိုတဲ့ လူငယ်ကတောဗျာ'

'သူက ကျုပ်တို့ရဲ့ သခင်လေးပါ'

'ဒါဖြင့် ဂိုဏ်းချုပ်က ဘယ်သူများလဲ'

စိုက်ဝါထိုသည် ထိုမေးခွန်းကို ဖြေကြားခြင်း မပြုတော့ချေ။

ထိုအချိန်မှာပင် မင်းရင်ကြွယ်၏ မျက်လုံးအစုံသည် ဝင်းလက်သွားသည်။

ထိုအချက်ကို စိုက်ဝါထို သတိမပြုမိလိုက်ချေ။

'ခင်ဗျားကို ကံကောင်းသူတစ်ယောက်လို့ ဆိုချင်ပါတယ်'

မင်းရင်ကြွယ်သည် ပဟေဠိဆန်သောစကားကို ပြောလိုက်ပြီးသည်နှင့် စိုက်ဝါထို၏ ပခုံးကို ချုပ်တိုင်ထားသောလက်အား ဖြေလျှော့ပေးလိုက်သည်။

စိုက်ဝါထိုသည် သေမင်းလက်ထဲမှ လွတ်လာသူဖြစ်နေ

www.burmeseclassic.com

www.burmeseclassic.com



သော်လည်း မျက်နှာပျက်နေဆဲရှိသည်။

ဖွင့်ဟပြောမိသည်တို့ကိုပင် အမှားဟု မြင်နေပြန်သည်။

တဖြစ်အတွင်းမှာပင် တစ်စုံတရာကို စိုးရိမ်ကြောက်ရွံ့စိတ်များ ပေါ်ပေါက်လာပြန်တော့သည်။

မျက်လုံးသည် အခန်းတံခါးကို လှမ်းလှမ်းကြည့်မိနေပြီး တလှုပ်လှုပ်ဖြစ်နေပြန်သည်။ ခြေသံများတို့ ကြားနေရသောကြောင့်တည်း။

မင်ရင်ကြွယ်က. . .

'စိတ်ချပါ နှောင်ကြိုး၊ ကျုပ် ယောကျ်ားပါ၊ ကတိတည်ပါတယ်၊ ကျုပ် သိထားတာတွေကို ဘယ်သူ့ကိုမှ မပြောပါဘူး၊ ဒီအကြောင်းတွေ ပြောနေရင်လည်း မသိဟန် ဆောင်နေပါ့မယ်၊ အအဟန် ဆောင်နေပါ့မယ်၊ ဘာမှ စိုးရိမ်မနေပါနဲ့၊ ဒီနေ့ကစပြီး နောက်သုံးရက်အတွင်းမှာ ခင်ဗျားတို့ လာတွေ့ပါဦးမယ်၊ ကျုပ်မှာ မေးခွန်းတွေ ရှိနေပါသေးတယ်'

စိုက်ဝါထို ဘာမှ မပြောမိတော့ချေ။

ခပ်လှမ်းလှမ်းမှ ခြေသံများကား တစ်ချိန်ထက်တစ်ချိန် ပိုပြီး နီးကပ်လာနေသည်။ မကြာပါ။

လှမ်းမေးသံ ပေါ်လာတော့သည်။

'သမားတော်ကြီး၊ မအိပ်သေးဘူးလားဗျ'

စိုက်ဝါထို ရင်ထဲ ဒိန်းခနဲ မြည်သွားသည်။

'ဘယ်သူလဲ'



စိုက်ဝါထိုသည် တံခါးပေါက်ရှိရာသို့ လှစ်ခနဲ ရောက်သွားသည်။

အော်မေးသူသည် မတ်တတ်ကြီး ရပ်နေသည်။ ရွှေချန်ရိုးင်ဖြစ်သည်။

ရွှေချန်ရိုးသည် မင်ရင်ကြွယ်ကို တွေ့လိုက်ရသည်နှင့် ဒိပ်လန့်တုန်လှုပ်သွားသည်။

သို့သော် ချက်ချင်းဟန်ဆောင်ပြီး ရယ်ရယ်မောမောပြောတော့သည်။

'သူ့ရဲကောင်းကြီး မင်က ဒီကို ရောက်နေတာကိုး၊ ကျုပ်ကင် အရှေ့ဘက်အခန်းမှာ ရှိနေတယ် အောက်မေ့နေတာ၊ သမားချင်းချင်း ဆေးပညာ ဖလှယ်နေကြတယ်နဲ့တူတယ်၊ ဟဲဟဲ. . .'

'ကျုပ်တစ်ယောက်တည်း ထိုင်နေရတာ ပျင်းတာနဲ့ဗျာ ခဲတဲ. . . ကောင်းကောင်းလည်း မအိပ်ချင်သေးတာနဲ့ အဖော်ရှာ း ထွေရာလေးပါး ပြောနေတာပါ'

မင်ရင်ကြွယ်က မင်သေသေ ပြန်ပြောသည်။

ရွှေချန်ရိုး၏ တလက်လက်တောက်ပနေသော မျက်လုံးအစုံသည် စိုက်ဝါထိုကိုသာ အကဲခတ်နေသည်။

ထို့နောက်. . .

'အင်း. . . ခင်ဗျားတို့နှစ်ယောက် တော်တော် စကားကစ်စုံတျနေကြပုံပဲ'

စိုက်ဝါထို ဖြုံးလိုက်စဉ်မှာပင် မင်ရင်ကြွယ်က ဝင်ပြောပြန်

www.burmeseclassic.com

www.burmeseclassic.com



သည်။

'လက်စုံကျထယ်ရယ်လို့တော့ မဟုတ်ပါဘူးဗျာ၊ အ တူချင်းဆိုတော့ တောင်ပြောမြောက်ပြောပေါ့၊ ဒါတောင် သ တော်ကြီးစိုက်ဝါထိုက ကျုပ်ကို သူ့ဆေးနည်း လာခိုးတယ် ထင် တာ၊ ကြည့်ပါလား၊ ကျုပ်ကို မကျေမနပ်ဖြစ်နေတဲ့ မျက်နှာတို

ရွှေချန်ရိုးက မရယ်ချင့်ရယ်ချင် ရယ်သည်။

စိုက်ဝါထိုက မဲ့ပြီး ပြောသည်။

'သူ့ရဲ့ကောင်း မင်ရင်ကြွယ်က စကားပြော အ ကောင်းတာကိုးဗျ၊ တကယ်တော့ သမားချင်းတူပေမယ့် ဆေးနည်း ချင်းက တူချင်မှ တူတာဗျ၊ သူလည်း သူ့ဆေးနည်းနဲ့သူ၊ ကိုယ်လည်း ကိုယ်ဆေးနည်းနဲ့ ကိုယ်၊ သူ့ရဲ့ကောင်း မင်ရင်ကြွယ် ထင်နေလို့ပါ တကယ်တော့ သူ့ဆေးနည်းက ကျုပ်ဆေးနည်းထက် ပိုကောင်း နေမှာပါ'

'အင်း. . . ခင်ဗျား ဒီလိုပြောလို့ ကျုပ် အားရှိလာ အမှန်ပဲ၊ ကျုပ်က ရှုံးမှာ ကြောက်နေတာ'

မင်ရင်ကြွယ်က ခပ်ပေါ့ပေါ့ ပြောလိုက်ပြန်သည်။

ရွှေချန်ရိုး ဘာမျှ ဝင်မပြောတော့၊ စိုက်ဝါထိုကိုသာ စိုက်ကြည့်နေသည်။ ထို့နောက်. . .

'ကဲ. . . သမားတော်ကြီး စိုက်ဝါထို၊ သွားဖို့ အသင့် ဖြစ်ပြီလား'

'အသင့်ပါပဲ၊ အဆောင်က ပြီးပြီလား'



'ဟုတ်ကဲ့၊ သမားတော်ကြီး ဆောက်ခိုင်းထားတဲ့ ဆေးကု ဆောင်ဟာ ဆောက်တုန်းပဲ ရှိပါသေးတယ်၊ သခင်ကြီးက သမား တော်ကြီး စိတ်တိုင်းကျဖြစ်အောင် ကိုယ်တိုင် လာကြည့်ဖို့ ပင့်ဖိတ် ခိုင်းလိုက်လို့ပါ'

'ဩော်. . . ဟုတ်ကဲ့၊ ဆရာကြီးတို့ တည်ဆောက်နေတဲ့ ဆေးကုဆောင်ဟာ မကောင်းစရာ မရှိပါဘူးဗျာ၊ ကောင်းမှာပါ၊ တ. . . သွားကြစို့လား'

စိုက်ဝါထိုသည် စကားဆုံးသည်နှင့် အပြင်ထွက်ရန် ဆန်ပြင်လိုက်သည်။

'ဆေးသေတ္တာဝါ တစ်ပါတည်း ယူခဲ့ပါဗျာ၊ တော်ကြာ သူ့ရဲ့ကောင်း မင်က ဆေးကောင်းဝါးကောင်းတွေ နှိုက်ယူသွားရင် ခက်နေမယ်ဗျ'

ရွှေချန်ရိုးက နောက်ပြောင်သံနှင့် ရယ်ရယ်မောမော ပြောသည်။

'အင်း. . . မိတ်ဆွေ သတိပေးပေလို့၊ ကဲကောင်းတယ် တော်ကောင်းတယ်'

စိုက်ဝါထိုသည် ဆေးသေတ္တာကို လှမ်းယူလိုက်ပြီး အင်္ကျီ ရင်ဘတ်ထဲ ထိုးထည့်လိုက်သည်။

'ကဲ. . . ပြီးပြီ၊ ဒါဆို စိတ်ချရပြီပေါ့'

စိုက်ဝါထိုက မင်ရင်ကြွယ်ကိုကြည့်ပြီး ရွှေချန်ရိုးကို လှမ်း ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



ရွှေချန်ရိုးတာ. . .

'ကဲ. . . အချိန်လည်း သိပ်မရှိတော့ဘူး၊ သူရဲကောင်းမင်းလည်း အနားယူပါတော့ဗျာ၊ ကျုပ်တို့ သွားလိုက်ဦးမယ်'

ပြောပြောဆိုဆို နှစ်ယောက်သား ထွက်ခွာသွားကြတော့သည်။

မင်းရင်ကြွယ်သည် သူတို့နှစ်ယောက်စလုံး ပျောက်ကွယ်သွားတော့မှ တဟားဟားရယ်ပြီး ရေရွတ်လိုက်သည်။

'ဟင်း. . . ဟင်း. . . လူတွေတ ပြောကြတယ်၊ တစ္ဆေသရဲကို ရင်ဆိုင်ရဲပေမယ့် နတ်ဆိုးကိုတော့ ရင်မဆိုင်ရဲဘူးတဲ့'

မင်းရင်ကြွယ်သည် တစ်ကိုယ်တည်း ရေရွတ်ရင်း အခန်းထဲမှ ထွက်လာခဲ့တော့သည်။

မကြာခင်မှာပင် မိမိ အခန်းဆောင်ထဲသို့ ပြန်ရောက်လာတော့သည်။

▶▶ ◀◀



အခန်း (၁၉)

## ကြောင်လက်သည်းဖွက် စကားရှင်

စိုက်ဝါထိုနှင့် ရွှေချန်ရိုးတို့သည် ခြံဝင်းကြီးထဲ၌ လမ်းလျှောက်နေကြတုန်းဖြစ်သည်။

ရွှေချန်ရိုးသည် လမ်းလျှောက်နေရင်းက စိုက်ဝါထိုကို မေးတော့သည်။

'သမားတော်ကြီး စိုက်ဝါထို၊ မင်းရင်ကြွယ်က ဘာတွေသာပြောနေတာလဲ'

စိုက်ဝါထို (ခေါ်) ပိန်လျှန်ကျုံးသည် တည့်တည့်ကြီး အမေးခံလိုက်ရသဖြင့် ထိတ်ခနဲ ဖြစ်သွားတော့သည်။

မျက်နှာအထားရ ခက်နေသဖြင့် ခေါင်းကိုသာ ကွင်တွင်ခါ

www.burmeseclassic.com

www.burmeseclassic.com



လိုက်တော့သည်။

'ဘာရယ် မဟုတ်ပါဘူးဗျာ၊ အလကား လေလာပေါ်နေတာပါ။ သူက ကျုပ်ဆေးနည်းကို လိုချင်နေတာ အမှန်ပဲဗျ ဘယ်ပေးလို့ ဖြစ်မလဲဗျာ၊ နောက်ဆုံးတော့ ထွေရာလေးပါးပဲ ပြောဖြစ်ကြတာပေါ့'

စိုက်ဝါထိုက မင်သေသေ ပြောသည်။

ရွှေချန်ရိုးက ရယ်ပြီး ဆိုသည်။

'ဒါ တကယ်ပဲလားဗျာ'

'တကယ်ပါဗျ၊ ကျုပ်က ခင်ဗျားကို လိမ်ပြောဝံ့ပါ့မလား ကျုပ်မှာ လိမ်ပြောစရာလည်း ဘာမှ မရှိပါဘူးဗျာ၊ လိုလည်း မလိုအပ်ပါဘူး'

'ဟုတ်ပါတယ်၊ သမားတော်ကြီးက ညာမပြောတတ်ဘူးဆိုတာ ကျုပ် ယုံကြည်ပါတယ်၊ ဒါပေမယ့် သတိပေးချင်တာတော့ ရှိတယ်ဗျ၊ ကျုပ်တို့ရဲ့ သခင်လေး ဝန်ရှင်မောက်ကို ဆေးကုပေးနေတဲ့ အချိန်မှာ ရန်သူက လာပြီး တားမြစ်ကောင်း တားမြစ်လိမ့်မယ်ဗျ၊ အဆင်မသင့်ရင် ခင်ဗျားကိုတောင် သတ်သွားကောင်း သတ်သွားပါလိမ့်မယ်၊ ဒါပေမယ့် သခင်ကြီးက သမားတော်ကြီးရဲ့ လုံခြုံရေးကို တာဝန်ယူပြီးသားပါ၊ ကျုပ်ကိုလည်း သမားတော်ကြီး အတွက် အထူးတာဝန် ပေးထားပါတယ်၊ ဒီတော့ ကျုပ်အတွက်ကော ခင်ဗျားအတွက်ပါ ပိုပြီးစိတ်ချသွားရအောင် ခင်ဗျား သိထားသမျှ ပြောပြစေချင်ပါတယ်၊ သိသင့်တာ သိမထားရင်



တော့. . .'

ရွှေချန်ရိုးက စကားကို တုံးတိတိကြီး ဖြတ်ထားလိုက်သည်။

စိုက်ဝါထိုသည် ဘာကြောင့်ရယ် မသိ၊ မျက်နှာတစ်ပြင်လုံး ဖြူဖပ်ဖြူရော် ဖြစ်သွားပြီး တစ်ကိုယ်လုံး တဆတ်ဆတ်တုန်လာတော့သည်။

'ကြောက်. . . ကြောက်စရာလားဗျ'

'အိုး. . . သမားတော်ကြီးကလည်း ကြောက်စရာမရှိတာ ကြောက်နေပြန်ပြီ၊ ခုတာက ကြောက်စရာမှ မဟုတ်သေးတာ၊ ဖြစ်လာနိုင်တာကို ပြောပြနေတဲ့ဥစ္စာ၊ စဉ်းစားကြည့်လေဗျာ၊ ကျုပ်တို့ရဲ့ ဒုတိယသခင်ကလေးကို ဒုက္ခရောက်အောင် လုပ်ထားတဲ့ လူက သခင်လေး ဒုက္ခက လွတ်တော့မယ်ဆိုရင် အေးအေးဆေးဆေး လက်ပိုက်ကြည့်နေမှာလားဗျ၊ ခင်ဗျားပဲ ကိုယ်ချင်းစာကြည့်ပေါ့. . . ဟဲဟဲ'

ရွှေချန်ရိုးက စကားစဖြတ်ပြီး တဟဲဟဲ ရယ်သည်။

စိုက်ဝါထိုလည်း ခေသူ မဟုတ်ပါ။

အကင်းပါးသူ၊ ဟန်ဆောင်ကောင်းလွန်းသူပင်ဖြစ်သည်။

'ဒီ. . . ဒီလိုဆိုလဲ. . . ကျုပ်. . . ကျုပ်ပြောပြပါ့မယ်ဗျာ'

'ကဲ. . . ပြော၊ ခင်ဗျား သိထားသမျှ အကုန်ပြော'

'ဒီလိုပါ၊ မင်ရင်ကြယ်က ကျုပ်ကို သခင်လေး နေကောင်းအောင် တကယ်ကုနိုင်ရဲ့လားတဲ့'

'ဒီလောက်တော့ ကျုပ် သိပါတယ်၊ သမားတော်ကြီးအနေ

www.burmeseclassic.com

www.burmeseclassic.com



နဲ့ မပြောသင့်တာတွေ ရှိကောင်း ရှိနေမှာပါ၊ သိုင်းလောကဆိုတာ ရှုပ်ထွေးတဲ့ လောကကြီးဗျ၊ အကောင်းရှိသလို အဆိုးလည်း ရှိတာ ပါပဲ’

စိုက်ဝါထိုက ဆက်ပြောလာသည်။

‘ကျုပ်သိထားတာက မင်းရှင်ကြွယ်ဟာ သူ့ဘာသာ . . .’

‘ဟုတ်ပါတယ်၊ သူ့ရဲ့ကောင်းမင်က သူ့ဘာသာ အရဲစွန့်ပြီး အိမ်တော်ထဲ ဝင်လာခဲ့တာဗျ၊ ဘယ်သူကမှ ဖိတ်ခေါ်ခဲ့တာ မဟုတ်ဘူး၊ သံသယ ဖြစ်စရာတော့ အတော်ကောင်းပါတယ်၊ တဲ့ဝါ . . . ခင်ဗျားစကားကိုသာ ဆုံးအောင် ပြောပါ’

ရွှေချန်ရှိုးက အတင်းဝင်ပြောပြီး အတင်းလော . . . ပြန်သည်။

သမားတော်ကြီး စိုက်ဝါထိုက ရှုမဲ့ပြီးပြောလာတော့သည်။

‘ဒီလိုဗျာ၊ ဒီလို၊ မင်းရှင်ကြွယ်က ကျုပ်ကို ငွေသား . . . ထောင် အတင်းလာပေးတယ်၊ ပြီးတော့ ဒုတိယသခင်လေး . . . ရောဂါကို သူ့အလျှင် ကုပါရစေလို့ တောင်းဆိုတယ်’

‘သူက ဒီလိုလား ခင်ဗျားကကော သူ့တောင်းဆိုချက် . . . လက်ခံလိုက်သလား’

စိုက်ဝါထိုက မျက်နှာထား တည်ပစ်လိုက်သည်။

‘ကျုပ် သူ့ငွေကို မမက်မောပါဘူး၊ တမြန်နှစ်က . . . ရောဂါဆန်းတစ်ခုကို ကျုပ်ကုပေးခဲ့တယ်၊ ဝေဒနာရှင်က သူ့ . . . တကယ်ပျောက်ကင်းသွားလို့ ရွှေစင်လျှန်နှစ်ထောင်ချီးမြှင့်ခဲ့ . . . ပါပေမယ့် ကျုပ် မယူခဲ့ဘူး၊ ဒီတော့ သူ့ငွေတစ်ထောင်ကို မယူတာ . . . ဘာဆန်းသလဲ၊ ကျုပ်က လောဘကင်းတဲ့လူပါ’

‘သမားတော်ကြီးရဲ့ စိတ်ဓာတ်ဟာ အတော်လေးစား ရာကောင်းတာပဲ၊ ဒါနဲ့ မင်းရှင်ကြွယ်ရဲ့တောင်းဆိုချက်ကို လက်ခံ လိုက်ပါသလား’

‘နေဦးဗျ၊ စကားက အဲဒီအထိ မရောက်ခဲ့ဘူး၊ သူ့အပေး အယူစကား ပြောနေတုန်းမှာပဲ ခင်ဗျား ရောက်လာတော့တာပဲ’

‘တိုက်ဆိုင်လွန်းပလေကျာ၊ ကျုပ်သာ ခြေနှစ်လှမ်းလောက် နောက်ကျရောက်ခဲ့ရင် သူ့ဆီက စကားနှစ်ခွန်းတော့ အနည်းလေး ထွက်လာမှာဗျ . . . တဲ့ဟဲ’

ရွှေချန်ရှိုး၏အသံသည် သရော်သံ ပါလာသည်။

သို့သော် စိုက်ဝါထိုက ဂရုစိုက်ခြင်း မရှိချေ။

‘ကျုပ်ပြောတာ မလုံလောက်သေးဘူးလားဗျ’

‘မလုံလောက်ဘူး၊ သူက ခင်ဗျားကို မောင်းထုတ်ချင်နေ . . . သူက သခင်လေးရဲ့ရောဂါကို သူပဲ ကုချင်နေတာ၊ ပျောက် . . . ရင် ဆုတော်လာဘ်တော်က တနင့်တပိုးကြီး ရမှာ မဟုတ်လား’

‘ဟုတ်တယ်၊ သူ ဒါကို ချောင်းနေတာပဲ၊ သူသာ ကျုပ် . . .’

‘ဒီအတွက် သမားတော်ကြီး စိတ်ချနေပါ၊ သူ့ဘာတောင် . . . ဖြစ် ကျုပ်တို့က မျက်ခြည်မပြတ် စောင့်ကြည့်နေမှာပါ၊ ဘာ . . . နေပါနဲ့’



www.burmeseclassic.com

www.burmeseclassic.com



'ဒါဆို စိတ်အေးရပြီ'

သို့နှင့် ရှေ့ကို ဆက်လျှောက်လာကြပြန်သည်။ မကြာ မှာပင် တုံထန်းကျနှင့် တွေ့ဆုံရပြန်သည်။

တုံထန်းကျသည် ရွှေချန်ရိုးကို မြင်သည်နှင့် လက်ဆုပ်ပြီး ဂါရဝပြုလာသည်။

ရွှေချန်ရိုးက သူ့ကို တွေ့တွေ့ချင်း အမိန့်ပေးတော့သည်

'တုံထန်းကျ၊ သမားတော်ကြီးကို ခေါ်သွားပါ၊ ဆေးဆောင် ဆောက်တဲ့နေရာကိုနော်၊ ကျုပ်သခင်ကြီးနဲ့ ဝင်တွေ့ လိုက်ဦးမယ်၊ သမားတော်ကြီး မကြိုက်တာရှိရင် စိတ်တိုင်း ဖြစ်အောင် စီစဉ်ပေးပါ'

'စိတ်ချပါ ဆရာကြီးရွှေ'

ရွှေချန်ရိုးသည် တုံထန်းကျကို လွှဲအပ်ပြီးသည်နှင့် သမား တော်ကြီးကို စိုက်ဝါထိုကို လှည့်ပြောပြန်သည်။

'သမားတော်ကြီး သူနဲ့ လိုက်သွားပါ၊ တုံထန်းကျ ပညာဟာ ကျုပ်ထက် မညံ့ပါဘူး၊ စိတ်ချရပါတယ်၊ ကျုပ်သခင်ကြီး တွေ့လိုက်ဦးမယ်၊ ကိစ္စပြီးတာနဲ့ လိုက်လာခဲ့ပါ့မယ်'

'ကောင်းပါပြီ'

စိုက်ဝါထိုက ခေါင်းညိတ်ပြီး ပြုံးပြသည်။

ထို့နောက် တုံထန်းကျ ဦးဆောင်ရာသို့ စိတ်ချလက်ချ လိုက်သွားသည်။

ရွှေချန်ရိုးသည် သူတို့ကို ငေးကြည့်ရင်း တစ်ဘက် ...ညွှတ်ခဲ့သည်။

သူ၏ ခြေလှမ်းသည် သခင်ကြီး ရှိနေရာသို့လှမ်းနေခြင်း ...တုတ်ပါ။

ဖြတ်လမ်းငယ်လေးများကို အသုံးချပြီး မင်ရင်ကြွယ်ရှိရာ အဆောင်ခန်းဆီသို့ လျှောက်လှမ်းနေခြင်း ဖြစ်ပါသည်။

မကြာမီမှာပင် အဆောင်ခန်းရှိရာ ရောက်သွားတော့ သည်။

ရွှေချန်ရိုးသည် တံခါးပေါက်တွင် ရပ်မိသည်နှင့်. . .

'အဟမ်း. . . အဟမ်း . . . သူရဲကောင်းကြီးမင်၊ ရွှေချန် ...က တွေ့ဆုံခွင့်တောင်းပါတယ်၊ ကျေးဇူးပြုပြီး ဝင်ခွင့်ပြုပါ'

'ဝင်ခဲ့ပါ ဆရာကြီးရွှေ ဝင်ခဲ့ပါ၊ တောင်းတောင်းပန်ပန် ...ပ်နေစရာ မလိုပါဘူး'

ရွှေချန်ရိုးက ပေါ့ပေါ့တန်တန် ရယ်သံပေးပြီး ဖွင့်ထား သောတံခါးကို တွန်းပြီး ဝင်သွားသည်။

တုလားထိုင်တစ်လုံးတွင် ရွှေချန်ရိုး ဝင်ထိုင်ပြီးသည်နှင့် ...င်ရင်ကြွယ်က စကား စတော့သည်။

'ဆရာကြီးရွှေ သမားတော်ကြီး စိုက်ဝါထို ဘယ်ရောက် နေလဲဗျ'

'ဘယ်ရောက်နေလဲဆိုတာထက် ကျုပ်ပြောချင်တာက ...ညတော့ သူ့ အခန်းကို သူ ပြန်လာမယ် မထင်တော့ဘူး'

'တောင်စောင်းက ဆေးကုဆောင် အတော် ပြီးမီသွား



www.burmeseclassic.com

www.burmeseclassic.com



လို့လား'

'ဟဲဟဲ . . . သူက သူ့ဆေးနည်းတို သူရဲကောင်းမင်းလူ သွားမှာ အတော်စိုးရိမ်နေတယ်ဗျ'

ရွှေချိန်ရိုးက မင်းရင်ကြွယ့်အမေးကို မဖြေဘဲ သူပြော ရာသာ ပြောနေတော့သည်။

မင်းရင်ကြွယ် အကင်းပါးပါသည်။

'အင်း . . . သူက စိုးရိမ်မယ့်သာ စိုးရိမ်နေတာပါဗျာ၊ တ မိဘလက်ထက်ကတည်းက တီထွင်ဖော်စပ်ထားတဲ့ ဆေးနည်း ဟာ သူ့ဆေးထက် အများကြီး သာပါတယ်၊ ကျုပ်ကသာ ဆေးနည်းကို သူ လုမှာ စိုးရိမ်နေတာပါ'

'အင်း . . . ဒါလဲ ဖြစ်နိုင်ပါတယ်၊ သူရဲကောင်းမင်း စိုက်ဝါထိုအကြောင်း ဘယ်လောက်သိထားပါသလဲ'

'နောင်ကြီးရွှေက ဒီမေးခွန်းကို ဘာဖြစ်လို့ မေးမေး တာလဲ'

'စိုက်ဝါထိုဟာ ယုံကြည်ထိုက်သူ မဟုတ်ဘူးလို့ သ ရှိနေလို့ပါ'

နောင်ကြီးရွှေက မသင်္ကာစရာ ဘာများ တွေ့မြင်ထား လို့ပါလဲ'

'ဘာမှတော့ တွေ့မထားသေးပါဘူး၊ သူရဲကောင်းမ အကြောင်းတွေ ပြောနေလို့ပါ'

'ဘာတွေများ ပြောနေလို့လဲဗျာ'



'သွားပုပ်လေလွင့်တွေပေါ့ မင်း'

'ဩော် . . . ဩော် . . . ကဲ . . . ပြောပြစမ်းပါဦး၊ ဘယ်လို လုပ်ဇာတ်တွေ ခင်းကျင်းလိုက်သလဲဗျ'

'မင်းဟာ အလကား ဆေးဆရာတဲ့၊ ငွေမက်ပြီး ဆေးဆရာ တန်ဆောင်နေတာတဲ့၊ သူသာ တကယ့်သမားကောင်း၊ ဆရာ ကောင်းတဲ့၊ သူ့ဆေးနည်းသာ သခင်လေးရဲ့ရောဂါကို ပျောက်ကင်း အောင် ကုနိုင်တဲ့ဆေးနည်းတဲ့၊ ကလေးဆန်တဲ့ စကားတွေပါဗျာ'

'ဩော် . . . ဩော် . . . နောက် ဘာတွေ ပြောသေးလဲ ဆရာကြီးရွှေ'

'ခင်ဗျားက သူ့ ဆေးနည်းကို လိုချင်လို့ ငွေတစ်ထောင် လာပေးသတဲ့၊ ဒါဟာ သခင်ကြီးရဲ့ ချီးမြှင့်မှုကို ခင်ဗျား တစ်ယောက် တည်း အပိုင်စီးချင်လို့တဲ့၊ ဒါကြောင့် သူ့ကို လာဘ်ထိုးပြီး ထွက်ပြေး ခိုင်းနေတာတဲ့'

'ဟားဟား . . . တော်တော် ကလေးဆန်တဲ့ သမားတော်ပဲ၊ ကျုပ်က သူ့ပါးစပ်ထဲကို ရွှေဒင်္ဂါးတွေ ပစ်သွင်းပေးလိုက်ချင်တာဗျ'

'ဟုတ်ပါတယ်၊ သူပြောတာတွေဟာ လုပ်ဇာတ်တွေပါပဲ'

'နောက်ကော ဘာပြောသေးလဲ'

'သူက သမားစစ်တဲ့၊ ငွေတစ်ထောင်မပြောနဲ့ ရွှေဒင်္ဂါး လျှံတစ်ထောင် ပေးတာတောင် စိတ်လှုပ်ရှားခဲ့တာ မဟုတ်ဘူးတဲ့၊ ဒါကြောင့် မင့် တောင်းဆိုချက်ကို မလိုက်လျောခဲ့ဘူးတဲ့၊ မင်းကသာ သူ့ဆီက ပစ္စည်းတစ်ခုတောင် ထပ်တောင်းသတဲ့'

www.burmeseclassic.com

www.burmeseclassic.com



'ဘာ ပစ္စည်းတဲ့လဲ'

မင်ရင်ကြွယ်က စိတ်လှုပ်ရှားသွားဟန်နှင့် ပြောသည်။

'သူ့အသက်'

မင်ရင်ကြွယ်၏ မျက်ခုံးနှစ်ဘက် မြင့်တက်သွားသည်။

ထို့နောက် သဘောကျစွာ တဟဲဟဲ ရယ်သည်။

'တဲ့ . . . ကျုပ်တစ်ခု တောင်းဆိုပါရစေ၊ ကျုပ်ကို သတ္တမနတ်မင်းနဲ့ တွေ့ဆုံခွင့် ပေးပါ'

မင်ရင်ကြွယ်က စိတ်မပါလက်မပါ တောင်းဆိုသည်။

ရွှေချိန်ရိုးက အံ့အားသင့်သွားသည်။

'မင် ဘာလုပ်မလို့လဲ၊ သူ လုပ်ကြံပြောနေတာပါဗျ၊ သတ္တမနတ်မင်းနဲ့ တွေ့ဖို့ မလိုသေးပါဘူး'

'မဟုတ်ဘူး ဆရာကြီးရွှေ၊ ကျုပ် တောင်းဆိုတာ ဒါကြောင့် မဟုတ်သေးပါဘူး၊ ရှင်းရှင်းပြောမယ်ဗျာ၊ ဆရာကြီးရွှေ ခုလိုလာပြီး ကျုပ်ကို အကဲခတ်ဖို့ မလိုပါဘူး၊ ကျုပ် ဒီနေရာက ချက်ချင်း ထွက်သွားပါမယ်'

ဆရာကြီးရွှေသည် မထင်မှတ်သောစကားကြောင့် မျက်စိမျက်နှာပျက်သွားသည်။

'ဒီ . . ဒီလို မလုပ်ပါနဲ့မင်၊ ကျုပ်ကို အထင်မလွဲပါနဲ့၊ ကျုပ်က သမားတော်ပြောတာကို အရင်းအတိုင်း ပြန်ပြောနေတာပါ၊ သူ့စကားကိုယုံပြီး မင် ကို လာအကဲခတ်တာ မဟုတ်ပါဘူး၊ ကျုပ် သူ့စကားတွေအတွက် တာဝန်ယူပါတယ်၊ သူက ကလေး



ဆန်ဆန် ပြောပြခဲ့တာတွေပါ'

'ဘာပဲဖြစ်ဖြစ်လေ၊ သူ ဘာဖြစ်လို့ ဒီလိုပြောတယ်ဆိုတာကိုတော့ စဉ်းစားသင့်ပါတယ်'

'ဟုတ်ပါတယ် မင်၊ သူ့စကားက ရှင်းရှင်းလေးပါ။ သူက အကြံတူ ရန်သူလို သဘောထားပြီး ပြောလိုက်တာပါ'

'သူ့ရည်ရွယ်ချက်က ဒါတင် ဟုတ်မယ် မထင်ပါဘူးဗျာ'

မင်ရင်ကြွယ်သည် ပါးစပ်ပိတ်ပြီး ငြိမ်သက်သွားတော့သည်။

ဆရာကြီးရွှေသည် မင်ရင်ကြွယ်ကို ကြည့်နေပြီး စကားဆက်ရန် ချိန်ဆစဉ်းစားနေလိုက်သည်။

အခန်းဆောင်သည် အပ်ကျသံ ကြားရလောက်အောင် တိတ်ဆိတ်ငြိမ်သက်သွားသည်။

▶◀

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၀)

## သူ့လူကိုယ့်လူ ခြိမ်းခြောက်သူ

ရွှေချန်ရှိုးသည် တစ်စုံတရာကို လေးနက်စွာ စဉ်းစားနေရာမှ တိတ်ဆိတ်မှုကို ဖြိုခွင်းလိုက်ပြန်သည်။

'သူ့ရဲကောင်း မင်း၊ ခင်ဗျားအမြင်ကို ပြောစမ်းပါဦး'

'ကျုပ်ကတော့ သူ့ကို သံသယရှိတယ်၊ ခေါင်းထဲ မရှင်းအားအထောက်အထားလည်း မရှိဘူး။ ဒါပေမယ့် စိတ်ထဲမှာ မသန့်ဘဲ ဖြစ်နေတယ်'

'အင်း . . . ဒီလိုဖြစ်တာဟာ သူ့ရဲကောင်းမင် တစ်ယောက်တည်း မဟုတ်ပါဘူး'

'ဩော် . . . ဆရာကြီးရွှေကလဲ သံသယ ရှိနေတယ်လား'



'ဒီလိုပဲ ပြောရလိမ့်မယ် ထင်ပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ သူပြောတဲ့ ဆေးနည်းနဲ့ ဆေးဘက်ဟာ ထူးဆန်းလွန်းနေလို့ပဲ'

'ဟုတ်တယ်၊ ဆရာကြီးရွှေအနေနဲ့ ဒီကိစ္စကို သတ္တမနတ်မင်းနဲ့ ဆွေးနွေးသင့်တယ်၊ သူပြောခဲ့တာတွေကိုလဲ အမြန်ဆုံးသတင်းပို့သင့်တယ်'

'လိုမယ် မထင်ပါဘူးမင်၊ ကျုပ်တောင် သံသယဖြစ်နေရင် သတ္တမနတ်မင်းက ပိုပြီး သံသယ ဖြစ်မှာပေါ့၊ သူက ကျုပ်တို့ထက်အများကြီး အကင်းပါးတဲ့လူပဲ'

'သမားတော် စိုက်ဝါထိုအကြောင်းကို သတ္တမနတ်မင်း ရိပ်မိနေတယ်လို့ ဆိုလိုပါသလား'

'ကျုပ် သိမြင်တာထက် ပိုလိမ့်မယ်လို့ ယူဆထားပါတယ်'

'ဒီလိုဆိုရင် ဒုတိယသခင်လေး ဝန်ရင်မော်ကို သူ့လက်ထဲဘာကြောင့်အပ်လိုက်ရတာလဲ၊ သုံးနေ့နဲ့သုံးညဆိုတာ နည်းတဲ့အချိန်မဟုတ်ဘူး၊ ဒီအချိန်အတောအတွင်းမှာပဲ သခင်လေး ဝန်ရင်မော်ကို'

'ဒါက သတ္တမနတ်မင်းရဲ့ သဘောထားပါ၊ သူ့မှာ လျှို့ဝှက်တဲ့ အစီအစဉ်ကောင်း ရှိကောင်းရှိလို့ ဖြစ်ပါလိမ့်မယ်'

'ကျုပ် သဘောပေါက်ပါပြီ၊ ကျိုးမိသားစုအိမ်တော်က အဆင့်မြင့် သိုင်းသမားတွေဟာ အားကိုးလောက်သူချည်းပဲ ဆိုတော့ သမားတော်စိုက်ဝါထိုအတောင်ပေါက်ပြီး ပြေးလဲ ထွက်လို့

www.burmeseclassic.com



မရဘူး၊ ပြေးလို့မလွတ်ဘူးဆိုတဲ့ သဘောထားပဲ၊ ရှင်းပါတယ်ဗျာ’

ရွှေချန်ရိုးက ခေါင်းလည်းမညိတ် ခေါင်းလည်းမခါပေ။

မင်ရင်ကြယ်ကသာ သူ့အမြင်ကို ဆက်ပြောသည်။

‘ဒါပေမယ့် သမားတော်စိုက်ဝါထိုဟာ သတ္တမနတ်မင်းကို တောင်းဆိုခဲ့တယ်၊ သုံးနေ့နဲ့သုံးညအတွင်း သူ့ဆီကို ဘယ်သူမှ မလာရဘူးတဲ့၊ သတ္တမနတ်မင်းက ဒါကို ကတိပေးခဲ့တယ်၊ ဒီတော့ စိုက်ဝါထိုသာ ဒီအချက်ကို အခွင့်ကောင်းယူပြီး ကောက်ကျစ်ခဲ့ရင် . . .’

‘ဟဲဟဲ . . . မစိုးရိမ်ပါနဲ့လေ၊ သတ္တမနတ်မင်းကလဲ ဒီအချက်ကို လျစ်လျူရှု မထားပါဘူး’

‘ကျုပ်သဘောကတော့ သတ္တမနတ်မင်းကိုယ်တိုင် သံသယရှိလျက်နဲ့ သခင်လေး ဝန်ရင်မော်ကို သူ့လက်ထဲ စိတ်ချလက်ချအပ်လိုက်တာဟာ ဘဝင်မကျစရာအကောင်းဆုံးပဲ၊ လုပ်သင့်တာက သူ့ကို ဖမ်းဆီးချုပ်နှောင်ပြီး စစ်ဆေးတာက ပိုပြီးကောင်းလိမ့်မယ်’

‘ဆန္ဒမစောပါနဲ့မင်၊ အထောက်အထားမရှိဘဲ ဆန္ဒစွဲနဲ့ စွတ်လုပ်ရင် တရားမဲ့ရာ ကျပါတယ်၊ သတ္တမနတ်မင်းဟာ တိကျသေချာတဲ့ အထောက်အထားမရှိဘဲ ဘာကိုမှ လုပ်လေ့မရှိပါဘူး၊ သမားတော်ကြီးစိုက်ဝါထိုဟာ အင်မတန် အစွမ်းထက်တဲ့ သမားတော်လဲ ဖြစ်တောင်းဖြစ်နိုင်ပါတယ်၊ ဆေးတုတတ်တဲ့ အရည်အချင်းလဲ အမှန်ရှိနေပါလိမ့်မယ်၊ သူအချိန်ယူပုံကတော့



ဆေးကုဖို့ လိုအပ်ချိန်ဖြစ်နိုင်သလို သူ့ဘတ်တော်သားတွေကို စောင့်ခေါ်ဖို့ အချိန်ယူတာလဲ ဖြစ်ကောင်း ဖြစ်နိုင်ပါတယ်’

ရွှေချန်ရိုးက တွေးတွေးဆဆ နှိုင်းနှိုင်းချိန်ချိန် ပြောလာသည်။

မင်ရင်ကြယ် အံ့အားတသင့် ဖြစ်နေမိသည်။

‘ဆရာကြီးရွှေ ဘယ်လိုများ ပြောလိုက်ပါသလဲ’

‘ဟဲဟဲ . . . သတ္တမနတ်မင်းက ခင်ဗျားကို ပြောမပြဘဲ ထိန်ချန်ထားတာတွေ ရှိနေပါသေးတယ် မင်၊ အဲဒါက ဒုတိယ သခင်လေး ဝန်ရင်မော်ကို ဆေးတုပေးဖို့ လာတဲ့ သမားတော်တိုင်း၊ ဆေးဆရာတိုင်းဟာ ညဘက်ရောက်တာနဲ့ သူတို့ဆီကို လုပ်ကြံသတ်ဖြတ်မယ့်လူ ရောက်ရောက်လာတတ်တာပဲ၊ ကျုပ်တို့တတွေ ဝိုင်းဝန်းဖမ်းဆီးခဲ့ကြပေမယ့် ဖမ်းလို့ကို မမိခဲ့ပါဘူး၊ ထူးခြားတာက သမားတိုင်း ဆေးဆရာတိုင်းဟာ အန္တရာယ် ကြီးကြီးမားမား မဖြစ်ခဲ့ကြပေမယ့် အလွန်ထိတ်လန့်ချောက်ချားသွားကြတဲ့ အချက်ပဲ၊ အဲဒီကိစ္စကြောင့် ကျန်နေသေးတဲ့ သမားတော် ဆေးဆရာတွေဟာ ဒီကို မလာဝံ့ကြတော့ဘူး’

‘ဩော် . . . ဩော် ဒါဟာလဲ ထူးခြားတဲ့ အချက်ပေပဲ’

‘ဟုတ်ပါတယ်၊ ဒါပေမယ့် ဒီလိုဖြစ်ရတာဟာ ဆန်းတော့ မဆန်းပါဘူး၊ လုပ်ကြံသူဟာ သခင်လေးရောဂါကို ဘယ်တော့မှ ပျောက်ကင်းခွင့် မပေးဘူးဆိုတဲ့ သဘောထားပေပဲ’

‘ဘာပဲဖြစ်ဖြစ်လေ ကျိုမိသားစုရဲ့ သိုင်းသမားအင်အားနဲ့

www.burmeseclassic.com

www.burmeseclassic.com



ဆိုရင် ရန်သူကို ဘယ်နည်းနဲ့မဆို ဖမ်းမိနိုင်တာပဲ'

မင်ရင်ကြွယ့်စကားကြောင့် ရွှေချန်ရိုး မျက်နှာပျက်သွားသည်။

သို့သော် အရိပ်အကဲ ဖမ်းမရအောင် ချက်ချင်း ဣန္ဒြေဆည်လိုက်သည်။

'သူ့ရဲကောင်းမင် မသိလို့ပါဗျာ၊ အဲဒီလူရဲ့ သိုင်းပညာဟာ သိပ်အစွမ်းထက်တယ်ဗျ၊ နှိုင်းယှဉ်ရရင် ဒုတိယသခင်လေး နေထိုင်ကောင်းစဉ်က တည်ရှိနေတဲ့ သိုင်းစွမ်းရည်ထက်တောင် အတော်လေး သာလွန်ထက်မြက်နေတယ်'

မင်ရင်ကြွယ် အလွန်အံ့အားသင့်သွားတော့သည်။

'သိုင်းလောကမှာ ဗျပ်စောင်းခားရှည် စာပေသမားထက်တော်တဲ့သူ ရှိသေးလို့လား ဆရာကြီးရွှေ'

'သူ့ထက်သူ လူစွမ်းကောင်း ဆိုတဲ့ စကားလဲ ရှိသားနဲ့ဗျာ'

'ဒီလိုဆိုရင် ဆရာကြီးရွှေ စဉ်းစားကြည့်စမ်းပါ၊ ဆရာကြီးရွှေပြောတဲ့ အတိုင်းဆိုရင် အဲဒီပုဂ္ဂိုလ်ဟာ သခင်လေး ဝန်ရင်မော်ကို သတ်နိုင်ဖို့ အခတ်အခဲ ဘယ်ရှိတော့မလဲ၊ ဒီတော့ သခင်လေးဝန်ရင်မော်ကို ကိစ္စတုံး သတ်မပစ်ဘဲ ဘာဖြစ်လို့ အရူးဘဝရောက်အောင် လုပ်ထားရတာလဲဗျာ'

'ဒီအချက်ဟာ အလေးအနက် စဉ်းစားရမယ့်အချက်ပဲ'

'ဟဲဟဲ. . . သူ့ရဲကောင်းမင်ရဲ့စကားက ဝှက်ဖဲ ရိုက်လိုက်သလိုပါလား၊ သူ့ရဲကောင်းမင်က သခင်လေး ဝန်ရင်မော်အသက်ရှင်နေတာထက် သေတာက ကောင်းတယ်လို့ ဆိုလိုနေတာလား'



မင်ရင်ကြွယ်သည် အချက်ကို အထိုးခံလိုက်ရသူကဲ့သို့ ကြောင်ငေးငေးကြီး ဖြစ်သွားသည်။

အတန်ကြာမှ. . .

'ဟုတ်တယ်၊ သခင်လေး ဝန်ရင်မော်ဟာ ခုလို ဘဝမျိုး ရောက်နေရတာထက် သေသွားတာက ပိုကောင်းတယ်၊ ဒါဟာ ကျုပ်ရဲ့စေတနာပဲ၊ ဘာဖြုလို့လဲ ဆိုတော့ လုပ်ကြံသူဟာ သခင်လေးကို သေအောင်လုပ်နိုင်လျက်သားနဲ့ သေလည်းမသေစေဘူး၊ ဆေးကုခွင့်လဲ မပေးဘူးဆိုတော့ လောကမှာဒီလောက် ကောက်ကျစ် ယုတ်မာတဲ့ လုပ်နည်းလုပ်ဟန်မျိုး ရှိနိုင်ပါဦးမလား၊ အင်မတန် စုတ်ပဲ့တဲ့အကြံအစည်ပဲ၊ ဒီအတိုင်းသာဆိုရင် ကျုပ်တောင် အချိန်မရွေး အသတ်ခံရကိန်း ရှိနေပြီ'

'အင်း. . . စိုးရိမ်စရာတော့ စိုးရိမ်စရာပဲ'

ရွှေချန်ရိုးတ မှုဖမ်းမရနိုင်သည့် အမူအရာနှင့်ပြောသည်။

'ဒါပေမယ့် သူ့ရဲကောင်းမင်ရဲ့ သိုင်းပညာကလဲ အင်မတန် ထက်မြက်ပြီး အဆင့်မြင့်တဲ့ သိုင်းပညာပါပဲ'

'သခင်လေး ဝန်ရင်မော် ထက်တော့ ပိုမတော်ပါဘူး ဆရာကြီးရွှေ'

'ထားပါလေ၊ ဒီကိစ္စအတွက် သိပ်ပြီး ပူပန်ကြောင့်ကြနေပါနဲ့၊ ကျို့မိသားစုအိမ်တော်ဝင်းကြီးတစ်ခုလုံးမှာ ခင်ဗျား

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



အတွက် အစောင့်အကြပ်တွေ ရှိနေပါတယ်၊ စိုးရိမ်စရာတော့ မရှိလှပါဘူး၊ ကြောက်စရာတွေချည်းပဲ ရွေးပြီး တွေးနေရင်တော့ ကြောက်မိပေမပေါ့ဗျာ. . . ဟဲဟဲ'

ဆရာကြီးရွှေ၏စကားသည် အမှန်ပင်ဖြစ်သည်။

ကျို့မိသားစုအိမ်တော်နှင့် ပတ်ဝန်းကျင်သည် အလွန်လုံခြုံသောနေရာဖြစ်သည်။

တစ်စုံတစ်ရာ ပြဿနာ ဖြစ်ပေါ်ရန်ကား လွယ်ကူဖြင်း မရှိလှချေ။

တကယ်တမ်း လုံခြုံမှု မရှိပါကလည်း သတ္တမနတ်မင်း၏ ဂုဏ်သိက္ခာကြီးမားမှုသည် အမှိုက်ပုံထဲသို့ ရောက်နေပေရော့မည်။

သို့သော် မင်ရင်ကြယ်သည် အရာရာကို စိတ်ချခြင်း မရှိချေ။

သိုင်းလောက၏ ရှုပ်ထွေးပွေလီမှုသည် ပြောမဆုံးပေါင်း တောသုံးထောင်ဖြစ်ကြောင်း အတွေ့အကြုံ သင်ကြားထားပြီး ဖြစ်သည်။

ထို့ကြောင့် ဘာစကားမျှ ထပ်မပြောဘဲ ငြိမ်သက်နေ လိုက်မိသည်။

ရွှေချန်ရှီးသည် သူ့ကို ငေးကြည့်နေရာမှ စကား စလာ ပြန်သည်။

'ဒီမယ် သူရဲကောင်းမင်၊ ခင်ဗျားကိစ္စတစ်ခုကို တွေးမိသလား'



'ဘာကိစ္စလဲ'

'သမားတော်ကြီး စိုက်ဝါထိုဟာ ကြိုတင်ပြင်ဆင်ပြီးတော့ ရောက်လာဟန် မတူဘူး၊ ဒါပေမယ့် သခင်လေးရဲ့မွေးနေ့ မွေးချိန်တွေကို အတိအကျ သိထားတာဟာ စိတ်ဝင်စားဖို့ကောင်းတယ်၊ ထူးလည်း ထူးခြားတယ်'

'စဉ်းစားစရာပဲ၊ ဒါကို သူဘယ်လိုလုပ်ပြီး သိထားသလဲ'

'ဒါနဲ့ ပတ်သက်ပြီး သတ္တမနတ်မင်းက သူ့ကို စစ်ဆေး မေးမြန်းဖြစ်လိမ့်မယ် ထင်တယ်'

'အဲဒါကို မင်က ဘယ်လို မေးမှာလဲ'

'အခုတော့ မေးလို့ မဖြစ်သေးဘူး'

"အင်း. . . လေးငါးရက် ကြာသွားရင်တော့ မေးဖို့ အချိန်တန်ပါပြီ"

'မှန်ပါတယ် ဆရာကြီးရွှေ မှန်ပါတယ်'

'ဒါနဲ့ သခင်လေးရဲ့ဝေဒနာကို ခင်ဗျား တကယ် ကုပေး နိုင်ပါသလား'

မင်ရင်ကြယ်က တွေဝေတုံ့ဆိုင်းဖြင်း မရှိဘဲ ချက်ချင်း ခေါင်းညိတ်ပြသည်။

'ကုပေးနိုင်ပါတယ်၊ ပိုင်လဲ ပိုင်နိုင်ပါတယ်၊ မယုံရင် ချက်ချင်းကုခွင့်ပေးလိုက်ပါလား၊ နေ့ဝက်မကြာခင် ပကတိ အတိုင်း ပြန်ကောင်းလာစေရမယ်၊ ဘယ့်နှယ်လဲ'

'ကျုပ်ကတော့ မယုံမရှိပါဘူး သူရဲကောင်းမင်၊ ဒါပေမယ့်

www.burmeseclassic.com



မင်ရဲ့ဆန္ဒတို့ ဒီအတိုင်း ထားလိုက်ပါဦး၊ တျှပ်အမြင်တ
သတ္တမနတ်မင်းက သမားတော်ကြီးကို ငါးစာ လုပ်ထားတာ
သဘောရပါတယ်၊ သုံးနေ့နဲ့သုံးညဆိုတာ ဘယ်လောက်မှ မ
ပါဘူးဗျာ၊ သည်းခံပြီး စောင့်လိုက်စမ်းပါ'

မင်ရင်ကြွယ် ဘာမျှ မပြောသာတော့ချေ။

ရေင့်နှုတ်ပိတ် ဆိတ်ဆိတ်သာ နေလိုက်ရတော့သည်။

ထိုအချိန်မှာပင် ရွှေချန်ရိုးတ မတ်တပ်ထရပ်ပြီး နှုတ်ဆ
တော့သည်။

'မဝ်လားအပေါင်းနဲ့ ပြည့်စုံတဲ့ ညချမ်းပါ မင်၊ ကျွ
ပြန်ခွင့်ပြုပါဦး၊ တောင်စောင်းကွက်လပ်မှာ ဆောက်နေတဲ့ ဆေ
တောင် အခြေအနေကို သွားပြီး ကြီးကြပ်ရပါဦးမယ်'

မဝ်ရင်ကြွယ်လည်း ထိုင်ရာမှ ထပြီး ဂါရဝပြုတော့သည်။

ထို့နောက် အပေါက်ဝထိအောင် လိုက်ပို့သည်။

ရွှေချန်ရိုး ပျောက်ကွယ်သွားသည်နှင့် အခန်းတံခါး
သေသေချာချာပိတ်ပြီး မင်းတုပ ထိုးထားလိုက်သည်။

ထို့နောက် ခုတင် ပေါ်တက်ထိုင်ပြီး စဉ်းစားခန်း ဝင်
မိတော့သည်။

⏩⏪



## အခန်း (၂၁)

## အဆိပ် သံမှုန့်ရှင်

အခြေအနေကို တွက်ဆကြည့်သောအခါ ကျိူ မိသားစု
သည် မိမိအပေါ် သံသယ ရှိနေသည်မှာ ထင်ရှားလှသည်။

ဤကိစ္စသည် အဖြစ်တင်စရာတော့ မဟုတ်ချေ။

မိမိသည် ရုတ်တရက် ရောက်လာပြီး ရုတ်တရက်
ပြန်ပျောက်သွားလျှင် သူတို့၏သံသယနှင့် အထင်မှားမှုသည် ပိုပြီး
ကြီးထွားလာပေလိမ့်မည်။

မိမိကိုယ်၌တား သူတို့၏ မရိုးသားမှုကို တွေ့မြင်နေရ
သည်။

တစ်အချက်အနေနှင့် သခင်လေး ဝန်ရင်မော်ကို

www.burmeseclassic.com



ဆေးကုပေးရန် ကြွရောက်ခဲ့ကြသည့် ဆေးဆရာများနှင့် သမားတော်ကြီးများသည် ရန်သူ၏ ခြိမ်းခြောက်မှုနှင့် အန္တရာယ်ပြုမှု ခံရခြင်း လုံးဝမရှိခဲ့ချေ။

သို့ပါလျက် တို့မိသားစုသည် မိမိကို လုပ်ကြံသတင်းမှာ ဘာကြောင့် ပြောကြားနေကြသနည်း။

နှစ်အချက်အံ့နေဖြင့် စိုက်ဝါထို၏ အဓိတ ရည်ရွယ်ချက်ကို သိရှိထားပြီးဖြစ်သော်လည်း စိုက်ဝါထိုသည် သခင်လေး ဝန်ရင်မော်၏ မွေးနေ့ မွေးရက်နှင့် မွေးချိန်တို့ကို မည်သည့်နည်းနှင့် သိရှိသွားလေသနည်း။

တကယ့်တကယ်၌ သခင်လေး ဝန်ရင်မော်၏ မွေးနေ့ မွေးရက်၊ မွေးချိန်တို့ကို အတိအကျ သိထားနိုင်သူများကား-

သတ္တမနတ်မင်းကျို့ကုံးချွင်၊ မေမုန့်ချူး၊ ဝန်ရင်မော်၏ သွေးသောက်ကြီး အကျိုးစိမ်း၊ အဘိုးကြီး၊ နောက်ကာယကံရှင် ဝန်ရင်မော်တို့အပြင် ဝန်ရင်မော်၏ဖခင် ဝန်ရင်တုန်းနှင့် မိခင်

ဖခင် ဝန်ရင်တုန်းကား ဝန်ရင်မော် ကိုယ်တိုင် တွယ်ထွ သွားပြီဟု ယူဆထားခဲ့ပြီးသူဖြစ်သည်။

သို့ဖြစ်ပါလျက် ထန်ရှန်းဂိုဏ်းသားဟောင်း ပိန်လျှန်တုန်း ခေါ် ယွင်ယန့်ဖေး (စိုက်ဝါထို)သည် သခင်လေး ဝန်ရင်မော်၏ လျှို့ဝှက်ချက်ကို မည်သည့်နည်းနှင့် သိသွားလေသနည်း။

သူသည် မည်သည့်အရေးကိစ္စနှင့် သခင်လေး ဝန်ရင်မော်ကို လိုက်လံရှာဖွေနေလေသနည်း။



ဝန်ရင်မော် အဆိပ်ခတ်ခံရသည့်ကိစ္စသည် ကာလကြာလေ သံသယ ပွားစရာ များပြားလေလေ ဖြစ်နေပေပြီ။

မင်ရင်ကြယ်သည် ခုတင်ထက်တွင် လဲလျောင်းနေလိုက်မိန်သည်။

အချိန်သာတစတစ ကုန်လွန်ခဲ့သော်လည်း အတွေးများ ထွေပြားနေသဖြင့် အိပ်၍မပျော်ဘဲ ဖြစ်နေတော့သည်။

သို့နှင့် သုံးချက်တီးအချိန်သို့ပင် တိုင်လာခဲ့တော့သည်။

အိပ်မရသည်နှင့် ပိတ်ထားသောမျက်စိကို ပြန်ဖွင့်လိုက်မိန်သည်။

ထိုစဉ် အလင်းရောင်များ လင်းခနဲ ဖြစ်သွားသည်ကို သတိပြုလိုက်မိတော့သည်။

အာရုံစိုက်လိုက်သောအခါ ခြေသံများ ကြားလာရတော့သည်။

ခြေသံရှင်သည် သတ္တမနတ်မင်းနှင့် ပညာချင်း မတိမ်းမယိမ်း ရှိဟန်တူသည်။

ခြေသံသည် တဖြည်းဖြည်း နီးကပ်လာသည်။

ဦးနှောက်ထဲတွင် ရွှေချန်ရိုး ပြောခဲ့သည့်စကားများကို ဖျတ်ခနဲ သတိရလာသည်။

ထိုလူသည် ယခင်ယခင်က ယခုလို လာဖူးခြင်း မရှိဟု ယုံကြည်ယူဆထားသော်လည်း ယခုမူ အမှန်တကယ် လျှောက်လှမ်းလာနေချေပြီ။

www.burmeseclassic.com

www.burmeseclassic.com



သည်အတိုင်း ငြိမ်နေ၍ မဖြစ်တော့။

အန္တရာယ်ပြုလာပါက ရင်ဆိုင်နိုင်ရန် အသင့်ပြင်လိုက်ရတော့သည်။

အသေဖမ်းနိုင်ခြင်းထက် အရှင်ဖမ်းနိုင်ရန် ကြိုးစားရတော့မည်။

ခြေသံရှင်သည် မိမိနှင့် ကိုးကိုက် ရှစ်ကိုက် အကွာအဝေးတွင် ရပ်တန့်သွားပြီး ရှေ့ဆက် တိုးမလာတော့ချေ။

ခြေသံရှင်သည် အလွန်အတင်းပါးသူဖြစ်ကြောင်း ထင်ရှားနေလေပြီ။

ရုတ်တရက် 'ဝှစ်၊ ဘုတ်၊ ဖတ်' ဟူသော အသံများ ဆက်တိုက်ကြားလိုက်ရသည်။

အဖြူရောင်အလုံးလေးတစ်လုံးသည် ပြတင်းပေါက်မှ ပြေးဝင်လာပြီး အခန်းနံရံကို ထိမှန်ကာ ကြမ်းခင်ပေါ်ကျလာခြင်းပင်။

စက္ကူလုံးလေးတစ်လုံးဖြစ်သည်။

မင်းရင်ကြွယ်သည် ငြိမ်သက်နေသော စက္ကူလုံးကလေးကို သတိထားပြီး ကောက်ယူကြည့်လိုက်သည်။

စာရွက်တစ်ရွက်ကို လုံးထားသော စက္ကူလုံးကလေးဖြစ်သည်။

ဖြန့်ကြည့်လိုက်သောအခါ လှပသော စာလုံးများကို တွေ့ရသည်။



'အိပ်ရေးဖျက်အောင် လုပ်မိတာ သည်းခံပါ၊ ကျေးဇူးပြုပြီး ခဏထွက်တွေ့ပါ'

စာသည် မည်သူမည်ဝါဟု လက်မှတ်ရေးထိုးထားခြင်း မရှိချေ။

မင်းရင်ကြွယ် တုံ့ဆိုင်းခြင်း မရှိချေ။

အဆောင်ခန်းခေါင်မိုးပေါ်သို့ ဖျတ်ခနဲ ဖျတ်ခနဲ ခုန်တက်လိုက်သည်။

ထို့နောက် ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်ရှုလိုက်သည်။

အခန်းဆောင် ဘေးတစ်ဘက်ရှိ အုတ်တံတိုင်းပေါ်တွင် အရပ်ပုပု လူတစ်ယောက်ကို တွေ့ရတော့သည်။

အကျီသည် အနက်ရောင်အကျီဖြစ်သည်။

ထိုလူသည် မင်းရင်ကြွယ် ထွက်ပေါ်လာသည်နှင့် ခြံဝင်းအပြင်ဘက်သို့ တဟုန်ထိုး ပြေးထွက်သွားတော့သည်။

မင်းရင်ကြွယ်လည်း ဘာမျှ မပြောနိုင်တော့။ ကိုယ်ဖော့သာကို အသုံးချပြီး တရကြမ်း ပြေးလိုက်တော့သည်။

ပြေးလိုက်နေရင်းကလည်း ရှေ့မှလူကို အတွင်းအား သုံးပြီး လှမ်းပြောသည်။

'ဘယ်လိုလုပ်တာလဲ မိတ်ဆွေ၊ ကျုပ်ကို အပြင်လဲ ခေါ်ထုတ်သေး၊ ထွက်လဲပြေးသေး ဘာသဘောလဲ မိတ်ဆွေရဲ့'

အရပ်ပု အကျီနက်သည် တရကြမ်း ပြေးနေရာမှ နောက်သို့ လှည့်ကြည့်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုလူသည် မျက်နှာကို မျက်နှာဖုံး စွပ်ထားသူ ဖြစ်နေသည်။

'ခင်ဗျား အမြင်မှားနေပြီဗျ၊ ထွက်ပြေးချင်မှတော့ အပင်ပန်းခံပြီး လာတွေ့ပါ့မလားဗျာ၊ ကျုပ်က ခုချိန်မှာ ကျို့ကုန်းချင်တို့ လူစုကို ထိတ်ထိတ်လန့်လန့် မဖြစ်စေချင်သေးဘူးဗျ'

အရပ်ပုအကျီနက် မျက်နှာဖုံးစွပ်သည် စကားဆုံးသည်နှင့် အပြေးပါ မှုပ်သွားသည်။

မင်းရင်ကြွယ်လည်း သူနှင့်ခပ်လှမ်းလှမ်းတွင် ရပ်နေလိုက်သည်။ ထို့နောက်. . .

'ဒါနဲ့ မိတ်ဆွေက ဘယ်သူများပါလဲ'

အရပ်ပု အကျီနက်မျက်နှာဖုံးစွပ်က မင်းရင်ကြွယ်စကားကို မကြားဟန် ဂရုမစိုက်ဟန်ပြုပြီး သူပြောလိုရာ ပြောလာသည်။

'ခင်ဗျား အင်မတန် မါးနပ်လိမ္မာတဲ့လူပဲ၊ ကျုပ် အရောင်ပြခဲ့တာက တစ်နေရာ ခင်ဗျား ထွက်လာတဲ့နေရာက တစ်နေရာ၊ ဟားဟား. . . တော်တော် တော်တဲ့လူပဲ၊ တကယ်လို့သာ ပြတင်းပေါက်က ခုန်ထွက်ခဲ့ရင် ကျုပ်မှာ ဘာမှ အလဟဿ ဆုံးရှုံးမှု ဖြစ်မှာ မဟုတ်ဘူး၊ ခုတော့ ခင်ဗျားက ခေါင်မိုးပေါ်က ခုန်ထွက်လာတယ်၊ ဒီတော့ ကျုပ်ရဲ့ တန်ဖိုးကြီးမားတဲ့ အဆိပ်သဲပွင့်တွေဟာ အလဟဿ ဖြစ်ကုန်တော့တာပေါ့၊ ဟဲဟဲ. . . တော်ပါတယ်၊ တော်ပါတယ်'



မင်းရင်ကြွယ်သည် ထိုကိစ္စကို တစ်စုံတစ်ရာ ပြန်လည်ချေပခြင်း မပြုချေ။

'မိတ်ဆွေက ဘယ်သူများလဲ' ဟုသာ ထပ်တလဲလဲ မေးလိုက်တော့သည်။

အကျီနက်မျက်နှာဖုံးစွပ်က. . .

'အထွေအထူး မှတ်မနေပါနဲ့ဗျာ၊ ခင်ဗျားကို ဖိတ်ခေါ်သူပေါ့. . . ဟဲဟဲ'

'ဒီလို ဘယ်ဟုတ်မလဲဗျာ၊ လူဆိုတာ နာမည် တစ်လုံးတော့ ရှိစမြဲပါ'

'ဟဲဟဲ. . . ခင်ဗျားက ကျုပ်နာမည်ကို ပြောဖြမယ် ထင်နေသလား'

'မပြောချင်လည်းနေပါ မိတ်ဆွေ၊ ကျုပ်ကို ဘာဖြစ်လို့ အပြင်ခေါ်ထုတ်တယ် ဆိုတာပဲ ပြောပါ'

အကျီနက်မျက်နှာဖုံးစွပ်က သရော်ဟန်နှင့် ရယ်သွမ်းသွေးသည်။

'ဟဲဟဲ. . . ဒီမေးခွန်းကလဲ အပိုမေးခွန်းပါ၊ ခင်ဗျားကို အပျင်းပြေ ခေါ်ထုတ်လာတယ်လို့များ ထင်နေသလား'

'ဒီလိုဆိုရင်လဲ ရှင်းရှင်းပဲ ပြောပါ့မယ်၊ ခင်ဗျားရဲ့ အဆိပ်သဲမှုန့်တွေဟာ ကျုပ်ကို သေအောင် မသတ်နိုင်တော့ ခင်ဗျားကိုယ်တိုင်ပဲ လာသတ်ပါတော့'

အကျီနက်မျက်နှာဖုံးစပ်က ခေါင်းကို တွင်တွင်ခါ

www.burmeseclassic.com

www.burmeseclassic.com



ရမ်းလိုက်သည်။

'ဒီလောက်လဲ အလျင်မလိုသေးပါဘူး မိတ်ဆွေ၊ ခင်ဗျားရဲ့ သိုင်းပညာအဆင့် မြင့်မားမယ်ဆိုတာ ခန့်မှန်းမိပေမယ့် ခုလောက် အသိတရား ရှိလိမ့်မယ်လို့တော့ မထင်မိခဲ့ဘူးဗျ၊ ခုတော့ ခင်ဗျား တော်ဝါတယ်၊ ကျုပ်သဘောက ကျုပ်ပြောတာကို နားထောင်ပြီး ခေါင်းညိတ် သဘောတူခဲ့ရင် ကျုပ်အေးအေးဆေးဆေး ပြန်ထွက် သွားမှာပါ'

'ခင်ဗျာ ပြောစရာရှိတာ ပြောပါ'

'ခင်ဗျားရဲ့ ရည်ရွယ်ချက်ကို စွန့်လွှတ်ပြီး ဒီခြံဝင်းထဲက ထွက်ခွာသွားပါ'

'ဒီလိုဆိုရင် မိတ်ဆွေဟာ ဝန်ရှင်မော်ကို လုပ်ကြံခဲ့သူမေ့ ဟုတ်လား'

'မှန်ပါတယ်၊ ကျုပ်ပဲ'

'တွေ့မထိတွေ့တော့လဲ လွယ်လွယ်ကူကူ တွေ့နေရပါလား၊ ကျုပ်ဖြင့် ရှာလိုက်ရတာမောလို့၊ တွေးလိုက်ရတာ ဦးနှောက် ပျက်မတတ်ပဲ၊ ကျုပ်ကလဲ တုံ့ပြန်တောင်းဆိုပါတယ်၊ ကျုပ်စကားကို မှန်မှန်ကန်ကန်ဖြေပါ၊ ပြီးရင် ခင်ဗျားရဲ့ တောင်းဆိုမှုကို အဖြေ ပေးမယ်'

'မေး. . . မေး. . . ကြိုက်တာမေး'

'ခင်ဗျားနဲ့ သခင်လေး ဝန်ရှင်မော်ဟာ ရန်ငြိုးရန်စ ရှိခဲ့သလား'



'ခင်ဗျားဟာ အဆင့်မြင့် သိုင်းပညာရှင်တစ်ယောက်ပါ၊ သိုင်းလောကရဲ့ ပြဿနာတိုင်းဟာ ရန်ငြိုးရန်စကြောင့် ဖြစ်ပွား ပေါ်ပေါက်လာတာတွေချည်း မဟုတ်ပါဘူးဗျာ၊ အရာကိစ္စတွေဟာ တိုက်ရိုက်ပြဿနာတွေချည်း ဖြစ်လေ့ရှိတာ မဟုတ်ပါဘူး'

'ဒီလိုဆိုရင် အဲ့ကြောင်းမဲ့ ဒုက္ခပေးတာလို့ စွပ်စွဲရမှာလား'

'ဒီလိုလဲ ယေဘုယျမဆန်တဲ့ ပြောလို့ မရပါဘူး၊ အကြောင်းပြ ချက် ရှိတယ်လို့ ပြောရင်လဲ ရတယ်၊ မရှိဘူးလို့ ပြောရင်လဲ ရတယ်'

အကျိုနက်မျက်နှာဖုံးစွပ်က မပေဟဦးဆန်ဆန် ပြောပြီး ပခုံးနှစ်ဘက် တွန့်ပြသည်။ မင်းရင်ကြွယ်က တဟဲဟဲ ရယ်သွမ်းသွေး သည်။ ထို့နောက်. . .

'ဘာဝဲဖြစ်ဖြစ်လေ၊ ကျုပ်ကိုတော့ တစ်စုံတစ်ရာ ပြောပြ စေချင်ပါတယ်'

'ကျုပ်ကတော့ ကျုပ်ဆန္ဒကို လူသိမခံစေချင်သေးဘူးဗျ'

'ရပါတယ်လေ၊ ဒါပေမယ့် ခင်ဗျားဟာ အရင်က ဒီကို ရောက်လာဖူးကြတဲ့ ဆေးဆရာတွေ၊ သမားတော်တွေကို ဘာဖြစ်လို့ မလုပ်ကြံခဲ့တာလဲ'

'မေးရတ်လိုက်တာဗျာ၊ အဲဒီတုန်းက ကျုပ် ဒီကိုရောက် မလာခဲ့ပါဘူး'

'တဲဟဲ. . . ခင်ဗျားတော်တော် ညာတတ်သားပဲ၊ တစ်ခု တော့ရှိတယ်၊ တစ်ခြားလူတို့ ညာလို့ ရပေမယ့် ကျုပ်ကိုတော့ ညာလို့ မရပါဘူး၊ တျို့မိသားစုအိမ်တော်အကြောင်းကို အားလုံးသိလို့

www.burmeseclassic.com

www.burmeseclassic.com



သိထားပါတယ်၊ ကုန်တုန်ပြောရရင် မြက်ဘယ်နှစ်ပင်ရှိလဲ ဆိုတာတောင် သိထားတဲ့လူဗျ’

‘ဟဲဟဲ . . . ခင်ဗျား စကားကို ကျုပ်ယုံကြည်ပါတယ်၊ တကယ်တော့ အရင်က ဒီကိုရောက်လာတဲ့ ဆေးဆရာတွေကို ကျုပ်ခြောက်လှန့်ဖူးပါတယ်’

အကျီနက်မျက်နှာဖုံးစွပ်စကားကြောင့် မင်းရင်ကြယ် ဟက်ခနဲ ရယ်လိုက်မိသည်။ တစ်ဆက်တည်းတွင် . . .

‘ခင်ဗျားဟာ ရေလိုက်ငါးလိုက်လဲ အတော်ပြောတတ်သားပဲ၊ ဘယ်ဇာတ်သဘင်ပဲဖြစ်ဖြစ် မဟုတ်တာတွေကို လုပ်ကြံပြီး ပြောနေခြင်းနေ၊ ကပြနေရင် ဘယ်လိုမှ နားထောင်လို့ မကောင်းဘူးဗျ၊ ဟဲဟဲ’

အကျီနက်မျက်နှာဖုံးသည် ရှေ့စကားကို မည်သို့ ဆက်ပြောရမှန်း မသိအောင် ဖြစ်သွားသည်။

အတန်ကြာမှ . . .

‘ဒါကတော့ဗျာ၊ ကိုယ့်စိတ်နဲ့ကိုယ် မြင်ချင်သလို တွေးချင်သလို တွေးနိုင်ပါတယ်၊ ယုံတာ မယုံတာ ခင်ဗျား အလုပ်ပဲ၊ ကျုပ်ပြောချင်တာက အရင်က ဆေးဆရာတွေဟာ အရိပ်အယောင်ပြပြီးခြောက်လှန့်တာနဲ့ ထွက်ပြေးကြတာချည်းပဲဗျ . . . သူတို့ကို ထိပ်တိုက်တွေ့ဆုံဖို့ မလိုအပ်ပါဘူး၊ ခင်ဗျားကျတော့ သူတို့နဲ့ ယှဉ်ကြည့်လို့ မရဘူး၊ ဒါကြောင့် ခုလို လာတွေ့ရတာ ဒီတော့ ရှင်းရှင်းပဲ ပြောမယ်၊ ခင်ဗျား ဒီက ထွက်သွားမလား



အသတ်ခံသွားမလား၊ ဆုံးဖြတ်ပါ’

အကျီနက်မျက်နှာဖုံးစွပ်သည် တကယ် တိုက်ခိုက်တော့မည့်အသွင်နှင့် ပြောကြားနေပေပြီ။

မင်းရင်ကြယ်သည် ထိုစကားကို ဂရုစိုက်ခြင်း မရှိလှချေ။

ပခုံးနှစ်ဘက်ကို ထွန့်ပစ်လိုက်ရင်း-

‘ဒီလိုလုပ်ဖို့ ဆုံးဖြတ်ထားတာဟာ ခင်ဗျားမှာ အကြောင်းပြချက် ရှိသလား’

‘သိပ်ရှိတာပေါ့၊ ဝန်ရင်မောင်ကို တုနိုင်မယ့်လူဟာ ခင်ဗျား တစ်ယောက်ပဲ ရှိတယ်၊ တကယ် တုနိုင်လိမ့်မယ်လို့လဲ ကျုပ်ယုံကြည်တယ်၊ ဒါကြောင့်မို့ ခုလို လာတွေ့တာပဲ’

ကြားရသောစကားကြောင့် မင်းရင်ကြယ်၏ မျက်လုံးအရောင်သည် ဝင်းခနဲ တောက်ပသွားသည်။

‘ဒီအချက်ကို ခင်ဗျား ဘယ်လိုလုပ်ပြီး သိထားသလဲ’

‘တစ်ဆင့်စကားတွေကို နားထောင်ဖို့ မလိုပါဘူးဗျာ၊ ကျုပ်ကလဲ ခင်ဗျားလို ကျိုမိသားစုအကြောင်းကို ခရေစေ့တွင်းကျ သိထားတဲ့လူပါ’

မင်းရင်ကြယ် အံ့ဩဟန် မပြပေ။

‘ဪ . . . ဪ . . . ခင်ဗျား စကားအရ ပြောရရင် ကျိုမိသားစုအိမ်တော်ထဲမှာ ခင်ဗျားတို့ရဲ့ အတွင်းလူ ရှိနေပုံပဲ’

‘စိတ်ထင်ရာ ပြောမနေစမ်းပါနဲ့ မိတ်ဆွေ၊ ကျုပ်က သူများ ပြောတာကို သိပ်ယုံကြည်တဲ့လူ မဟုတ်ဘူး၊ ကျုပ်တို့လူ မရှိလဲ

www.burmeseclassic.com

www.burmeseclassic.com



ကျုပ်မှာ မျက်စိ ရှိပါတယ်၊ အတွင်းလူ မလိုပါဘူး၊ ကျုပ်အစွမ်းကို ခင်ဗျား တောင်းကောင်းအကဲခတ်နိုင်မှာပါ'

'အင်း. . . သခင်လေး ဝန်ရှင်မော်ကတော့ ခင်ဗျားကို ပြောပြမှာ မဟုတ်ပါဘူး'

'ဟားဟား. . . ရှူးနေတဲ့လူက ဘာများ မှန်မှန်ကန်ကန် ပြောပြနိုင်မှာလဲဗျာ'

'သခင်လေး ဝန်ရှင်မော်ဟာ ကျုပ်နဲ့ မိတ်ဆွေရင်းချာပါ'

'ဟားဟား. . . ခင်ဗျားကို ဘာများ ပြောနိုင်မှာမို့လဲ ဟားဟား'

အကျီနက်မျက်နှာဖုံးစွပ်က သရော်တော်တော် ပြောပြီး ဟန်လုပ် ရယ်သည်။

မင်ရင်ကြယ်ကာ ပခုံးနှစ်ဘက် တွန့်ပြလိုက်ပြီး. . .

'ဒါ ရယ်စရာလားဗျ၊ ဝန်ရှင်မော် ဘာမှ ပြောမပြနိုင်ဘူး ဆိုရင် ခင်ဗျားကကော ဘာများ ပြောပြနိုင်မှာမို့လဲ'

'စကားကပ်ပြီး အနိုင်မယူချင်ပါနဲ့ မိတ်ဆွေ၊ ကျုပ် ခင်ဗျားရဲ့ လှည့်ပတ်မှုကို လည့်စင်းခံမယ့်လူမျိုး မဟုတ်ဘူးဗျ'

'ဒါနဲ့ ခင်ဗျားက ကျို့မိသားစုအကြောင်းကို အားလုံး သိထားတယ်ဆိုဗျ၊ ခုနကပဲ ခင်ဗျား ပြောပြခဲ့သေးတာပဲ'

'ဟုတ်တယ်လေ၊ ကျုပ်က မဟုတ်ဘူးလို့ ငြင်းနေလို့လား'

'ဒီလိုဆိုရင် ခင်ဗျား ဒီအိမ်တော်ဝင်းထဲမှာ ဘယ်လောက် ကြာအောင် နေခဲ့ဖူးလို့လဲ၊ ဘယ်တုန်းက လာခဲ့ဖူးလို့လဲ၊ ကျုပ်ယဲ ဘာမှ မတွေ့ခဲ့ မမြင်ခဲ့ပါလား'

'ဒါက ခင်ဗျားရဲ့ အရည်အချင်းကိစ္စဗျ. . . ဟဲဟဲ'

'ကဲပါလေ၊ ကျုပ် မေးပါရစေ၊ အဆင့်မြင့်သိုင်းသမား ရွှေချန်ရိုးကို ခင်ဗျား သိသလား'

'သိပ်သိတာပေါ့၊ သူ့နာမည်က 'ပြုံးမျက်နှာ နတ်ဆိုး ရွှေချန်ရိုး'လို့ ခေါ်တယ်'

'ဟုတ်သားပဲ၊ ဒါပေမယ့် ဒါဟာ သိပ်အရေးကြီးတဲ့အချက် မဟုတ်ပါဘူး၊ ကျုပ်ပြောချင်တာက ရွှေချန်ရိုးက ကျုပ်ကို ပြောပြခဲ့ ပါတယ်၊ အလျင်က ဒီကို ဆေးကုလာခဲ့ကြတဲ့ ဆေးဆရာတွေဟာ အသေသတ် မခံခဲ့ကြရပေမယ့် လုပ်ကြံခံခဲ့ကြရတယ်တဲ့၊ ဒါပေမယ့် ဒီစကားဟာ တကယ် မဟုတ်ခဲ့ပါဘူး၊ ဒီလိုပဲ ကျုပ် ယုံတယ်၊ ဒါပေမယ့် ဒီစကားကို ရွှေချန်ရိုး ပြောပြပြီးတဲ့အချိန်နဲ့ မရှေး မနှောင်းမှာ ခင်ဗျား ရောက်လာတာကတော့ ထူးခြားချက်ပဲ၊ နောက်တစ်ချက် ရွှေချန်ရိုးဟာ ကျုပ်ကို ဝန်ရှင်မော်ရဲ့ရောဂါကို ပျောက်အောင် ကုနိုင်သူလို့ ပြောခဲ့တယ်၊ ခင်ဗျားကလည်း ခု သူ့လို ပြောနေတယ်၊ ဒီအချက်ဟာ ထန်းသီးကြွေခိုက် ကျီးနင်းခိုက်လို့ ပြောရခက်တဲ့အချက်ပဲ၊ ခုတော့ ခင်ဗျားက ကျုပ်ကို သတ်မှ ဖြစ်မယ်လို့ ပြောနေပြန်ပြီ'

'ဘာလဲဗျ၊ ခင်ဗျားက ရွှေချန်ရိုးကို ကျုပ်လူလို့ ဆိုလိုက် တာလား'

'ခင်ဗျားတို့ တစ်ဂိုဏ်းလုံး ဒီအတိုင်းပဲဆိုရင် ပို့ပြီး မှန်ပါ



www.burmeseclassic.com

www.burmeseclassic.com



လိမ့်မယ်'

မင်ရင်ကြွယ်တ ရှင်းရှင်းနှင့် ဘွင်းဘွင်း ဆိုလိုက်တော့သည်။

အကျီနက်မျက်နှာဖုံးစွပ်သည် အတန်ကြာအောင် ငြိမ်နေပြီးမှ အေးစက်စက် ပြောလာသည်။

'ခင်ဗျားရဲ့စွပ်စွဲချက်ကို ဟုတ်တယ်လို့ ကျုပ် ဝန်ခံတယ်ဒါပေမယ့် ဒီအကြောင်းတို ခင်ဗျား ဘယ်သူ့ကိုမှ ပြောပြခွင့် မရှိတော့ဘူး၊ ခင်ဗျားအတွက် ပြောချိန်မရတော့တာဟာ ရောနစ်နာချက်ကြီးပဲ'

'ကျုပ် သေရမှာ မကြောက်ပါဘူး၊ ခုလို ဝန်ခံတာဟာ ခင်ဗျားရဲ့ ပါးနပ်လိမ္မာမှုပဲ၊ ခင်ဗျား ဝန်မခံလဲ ကျုပ်က အမှန်အတိုင်း ခန့်မှန်းပြီးသားပါ၊ တကယ်တော့ ခင်ဗျားဟာ နှစ်ဘက်ချွန်ပဲ၊ ကျိုမိသားစုနဲ့ သိုင်းလောကို ရန်တိုက်ပေးတယ်၊ ကျိုကိုသိုင်းသမားကောင်းတွေအပေါ် အထင်လွဲစေခဲ့တယ်၊ ရန်သူကိုမိတ်ဆွေ ထင်ပြီး မိတ်ဆွေကို ရန်သူ ထင်စေခဲ့တယ်၊ အင်မတန်ကောက်ကျစ်စဉ်းလဲတဲ့ အကြံအစည်ပဲ'

'ခင်ဗျား ပြောစရာ တုန်ပြီလား၊ ပြောလို့ကော ပြီးပြီလား'

'မပြီးသေးဘူး၊ ကျုပ် သိချင်သေးတာက စိုက်ဓါထိုဟာဆေးသမား တစ်ယောက်ပဲ၊ သူဟာ ဒီကို ကျုပ်အရင် ရောက်ခဲ့တယ်ဒါတောင် သူ့ဆီမသွားဘဲ ကျုပ်ဆီ အရင်ဆုံး ဘာကြောင့် ရောက်လာခဲ့တာလဲ'



'ရှင်းရှင်းကလေးပါ၊ သူက သာမန် ဆေးသမားအဆင့်သာရှိသူပါ၊ နောက်တစ်ချက်က အတုအယောင်သမား၊ သူ့နေရာမှာကျိုမိသားစုရဲ့ အစောင့်အကြပ်တွေကလဲ အပ်ချစရာ နေရာမရှိအောင် များနေတယ်၊ ရှင်းရဲ့လား'

'ရှင်းပါတယ်၊ ဒီနေရာမှာတော့ ခင်ဗျားရဲ့ သက်သေပြချက် ခိုင်လုံပါတယ်'

'ကဲ. . . ကျုပ် မေးတာကိုလဲ ဖြေဦး'

'ဘာလဲ'

'ခင်ဗျားရဲ့ ရည်ရွယ်ချက်ဖြစ်တဲ့ ဆေးတုမှုကို ပယ်ဖျက်ပြီးအမြန်ဆုံး ထွက်သွားပါ၊ သွားဆို ခုညတွင်းချင်း သွားပါ၊ နားထောင်ရင် ခင်ဗျားအသက်ကို ချမ်းသာခွင့် ပေးမယ်'

'ကျုပ်ပါးစပ်ကနေပြီး ခင်ဗျားတို့ရဲ့ လျှို့ဝှက်ချက်တွေပေါက်ကြားသွားမှာကို မစိုးရိမ်ဘူးလား'

'စိုးရိမ်စရာ မရှိပါဘူး၊ ခင်ဗျားပါးစပ်ကို အချိန်မရွေးပိတ်ပစ်နိုင်တဲ့ အစွမ်းသတ္တိတွေ ကျုပ်မှာ ရှိပြီးသားပါ'

'လူတွေဟာ ကိုယ့်ကိုယ်ကိုတော့ အထင်ကြီးတတ်စမြဲပဲကျုပ်ကလဲ ခင်ဗျားကို လုပ်ကြံသူလို့ သိထားပြီးပါပြီ၊ ခင်ဗျားကကျုပ်ကို ခွင့်လွှတ်နိုင်ပေမယ့် ကျုပ်ကတော့ ခင်ဗျားကို ခွင့်မလွှတ်ဘူး'

'ထပ်ပြီး ဆွေးနွေးဖို့ မစဉ်းစားတော့ဘူးလား မိတ်ဆွေ'

'ကျုပ်က ထွေးပြီးတဲ့တံတွေးကို ပြန်ကောက်ပြီး မျိုတတ်

www.burmeseclassic.com



တဲ့လူ မဟုတ်ဘူး'

'ဟားဟား. . . မီးပုံကို ပူမှန်းသိလျက်နဲ့ မီးပုံထဲ ခုန်ချမယ်ဆိုတာဟာ အသိတရား ကင်းမဲ့ရာကျပါတယ် မိတ်ဆွေ'

'ခင်ဗျား သိထားဖို့က ဝန်ရှင်မော်ဟာ ကျုပ်ရဲ့မိတ်ဆွေပါ ကျုပ်အပေါ်မှာ ကျေးဇူးကြီးမားသူလည်း ဖြစ်တယ်'

'ဒီလိုဆိုရင် ညီနှိုင်းဆွေးနွေးလို့ မရတဲ့အဆင့်ကို ရောက်နေပြီပေါ့'

'စကတည်းက ညှိနှိုင်းစရာအကြောင်း မရှိခဲ့ပါဘူး'

'သိုင်းလောကသားတွေက ကျို့ကုံးချွင်တို့ သိုင်းလောကရဲ့ သတ္တမနတ်မင်းလို့ ကင်ပွန်းတပ်ခဲ့ကြပါတယ်၊ ဒါပေမယ့် သူဟာ ကျုပ်ကိုတော့ ဘာမှ လုပ်နိုင်စွမ်း မရှိပါဘူး၊ သူ့မိတ်ဆွေ ဝန်ရှင်မော် အတွက်တော့ သူဟာ တာဝန်ကျေခဲ့သူပဲ၊ ခင်ဗျားကိုတော့ စေတနာ စကားတစ်ခွန်းလောက်. . .'

'မလိုပါဘူး မိတ်ဆွေ၊ အချိန်ဟာ တန်ဘိုးရှိပါတယ်၊ အသင့်သာ ပြင်ဆင်လိုက်ပါ'

မင်ရှင်ကြွယ်သည် ရှည်ရှည်ဝေးဝေးကြီး ပြောမနေတော့ဘဲ ဆုံးဖြတ်ချက်တစ်ခုကို ပိုင်ပိုင်နိုင်နိုင် ဆုံးဖြတ်လိုက်တော့သည်။

▶▶ ◀◀



အခန်း (၂၂)

## ပြေးသူနှင့်လိုက်သူ

အကျိုနက်မျက်နှာဖုံးစွပ်၏ မျက်လုံးအစုံကား ဒေါသ ချောင်းများ တလျှမ်းလျှမ်း တောက်ပလာလေပြီ။

သည်ကြားထဲက မာန်ဝင့်သောစကားကို ပြောဖြစ်အောင် ပြောလာသေးသည်။

'ခင်ဗျားဟာ ကိုယ့်ဒုက္ခကိုယ်ရှာသူပဲ၊ သုံးနာရီတိတိမှာ သရမယ့်လူဟာ ငါးနာရီအထိ အသက်ရှင်နေလေ့ မရှိပါဘူး၊ ဲ. . မိတ်ဆွေရဲ့အသက်ကို ကျုပ် ခြွေယူတော့မယ်'

အကျိုနက်မျက်နှာဖုံးစွပ်သည် စကားဆုံးသည်နှင့် သူ၏ ဘက်နှစ်ဘက်ကို လှုပ်ရှားလိုက်သည်။ ပြင်းထန်သော လက်ဝါး

www.burmeseclassic.com



သည် မင်းရင်ကြွယ်၏ ရင်ဘတ်ပေါ်သို့ ဖြန်းခနဲ ကျရော
လာတော့သည်။

အလွန်ပြင်းထန်သော ရိုက်ချက်ပင်ဖြစ်သည်။

သို့သော် မင်းရင်ကြွယ်က လွတ်အောင်ရှောင်လိုက်နိုင်
သည်။

'တယ်ကောင်းတဲ့ ရိုက်ချက်ပါလား'

မင်းရင်ကြွယ် စကားမဆုံးခင်မှာပင် ဒုတိယရိုက်ချက်
ကျရောက်လာပြန်သည်။

မင်းရင်ကြွယ် မရှောင်ပါ။ လက်ဝါးချင်း ထိပ်တိုက်ခ
ပေးလိုက်သည်.

'ဖြန်း' ဟူသော အသံကြီး ကျယ်လောင်စွာ မြည်ဟည်း
သွားသည်။

မင်းရင်ကြွယ်သည် ရိုက်ချက်ကို ခုခံပြီးသည်နှင့် မသိမသာ
ခြေတစ်လှမ်း ဆုတ်လိုက်သည်။

အကျီနက်မျက်နှာဖုံးစွပ် အကြီးအကျယ် အံ့အားသင့်သွား
သည်။

'ဟော့လူ. . . ခင်ဗျား မင်းရင်ကြွယ်လား၊ ခင်ဗျားနာမည်
မင်းရင်ကြွယ်ဆိုတာကို ကျုပ် မယုံဘူး၊ ခင်ဗျား ဘယ်သူလဲ၊ မှန်
ပြောပါ'

'ဟားဟား. . . မင်းရင်ကြွယ်ဆိုတာ မင်းရင်ကြွယ်ပဲပေါ့
ဘယ်သူ ဖြစ်ရဦးမှာလဲ၊ ခင်ဗျားဟာ ရေတွင်းထဲက ဖားငယ်



သမုဒ္ဒရာကို မြင်ဖူးသူမှ မဟုတ်ပဲ၊ ရေတွင်းကိုသာ သမုဒ္ဒရာလို့
ထင်နေသူပဲ၊ လောကမှာ နာမည်မကျော်ဘဲ တော်တဲ့တတ်တဲ့လူတွေ
အစ်ပုံကြီးပါ၊ နာမည်ကျော်တိုင်း တော်ကြတတ်ကြတာ မဟုတ်
ပါဘူး၊ ဟားဟား'

'ခင်ဗျား ပြောချင်ထာ ပြောနိုင်ပါတယ်၊ ဒါပေမယ့် ဒီည
ဟာ ခင်ဗျား မုချ သေရမယ့်ညပဲ'

'အချိန်က စကားပြောပါလိမ့်မယ် မိတ်ဆွေ၊ သေလူ
ဘယ်သူဆိုတာ မကြာခင် သိရမှာပါ'

'ဟဲဟဲ. . . သေလူဟာ ခင်ဗျားပဲဗျာ၊ ကျုပ်ပစ်ပေးခဲ့တဲ့
စာရွက်ပေါ်က အဆိပ်တွေဟာ ခင်ဗျားသွေးကြောထဲ စိမ့်ဝင်နေ
ပြီ၊ မယုံရင် အတွင်းအားကျင့်စဉ်ကို လှည့်ပတ်ကြည့်လိုက်စမ်းပါ'

အကျီနက်မျက်နှာဖုံးစွပ်သည် သူ့စကားသူ သဘောကျပြီး
ဟားဟား ရယ်တော့သည်။

မင်းရင်ကြွယ် တုန်လှုပ်ခြင်း ဖြစ်မသွားပါ။ သူ့လိုပင်
ဟဲဟဲ ရယ်နေသည်။

'ဟဲဟဲ. . . ကျုပ်လဲ သိုင်းလောကမှာ ကျင်လည်နေတာ
ကြာပြီ နေပါပြီ၊ ဒီလို လုပ်လို့ ရတမ်းလား၊ ကျုပ်က အဲဒီစာရွက်ကို
ကောက်နှစ်ဘက်လုံးက သွေးကြောတွေ ပိတ်ပြီးမှ ကိုင်ခဲ့တာဗျ၊
သဘောပေါက်ရဲ့လား'

'အလကား စကားပါ၊ ခင်ဗျားစကားကို ကျုပ် မယုံဘူး'

'မယုံရင်လဲ ရပါတယ်၊ လက်တွေ့တိုက်ပွဲက အဖြေပေးလာ

www.burmeseclassic.com

www.burmeseclassic.com



ပါလိမ့်မယ်၊ ဟဲဟဲ'

'တုတ်တယ်၊ ဒီနည်း အမှန်ဆုံးပဲ'

အကျီနက်မျက်နှာဖုံးစွပ်သည် စတားဖြတ်ပြီး ခုန်ဝင် တိုင်ခိုက်တော့သည်။

မင်းရင်ကြွယ်ကလည်း ဝင်လာသမျှသော တိုက်ခိုက်မှုများကို တန်ပြန်တိုက်ခိုက်ခြင်း ပြုတော့သည်။

ဤအကြိမ်၌ကား လက်ဝါးအားယှဉ်သည့် တိုက်ခိုက်မှု မပြုလုပ်ကြတော့ချေ။

မိမိတို့ ပိုင်နိုင်သောတိုက်ကွက်များကိုသာ အစွမ်း အသုံးချပြီး တိုက်ခိုက်ကြတော့သည်။

နှစ်ယောက်စလုံး၏ တိုက်ကွက်နှင့် ထိုးနှက်ချက်များသည် အရေးကြီးသည့်သွေးကြောများကိုသာ ဦးတည်သည့် တိုက်ကွက်သာဖြစ်နေသည်။

ဤတိုက်ပွဲသည် တစ်ယောက်အသက်ကို တစ်ယော လုယူသည့် အသက်ပေးတိုက်ပွဲကြီးပင်တည်း။

သို့သော် နှစ်ယောက်စလုံး၏ တိုက်ကွင်းတိုက်ကွက်များ အသေအချာ လေ့လာကြည့်ပါက အကျီနက်မျက်နှာဖုံးစွ တိုက်ကွက်များသည် မင်းရင်ကြွယ်ကို ပွဲချင်းပြီး သေစေနိုင်သော တိုက်ကွက်များ ဖြစ်သော်လည်း မင်းရင်ကြွယ်၏တိုက်ကွက်များ အကျီနက်ကို အရှင်ဖမ်းနိုင်ရန် တိုက်ခိုက်နေသည့် တိုက်ကွက် ပါဝင်နေပေသည်။



မင်းရင်ကြွယ်၏ တိုက်ကွက်များသည် တစ်ခါတစ်ခါ၌ အကျီနက်၏ မျက်နှာဖုံးစွပ်ကို ဆွဲချွတ်သည့် တိုက်ကွက်များကို တွေ့ရလေ့ရှိသည်။

ထိုအဖြစ်ကို သာမန်သိုင်းသမားအနေနှင့် ခွဲခြားနိုင်စွမ်း မရှိပေ။

နှစ်ယောက်စလုံးသည် အလွန်အဆင့်မြင့်သော သိုင်းသမားများ ဖြစ်နေကြသဖြင့် လှုပ်ရှားမှုတိုင်း၊ တိုက်ကွက်တိုင်း လျှပ်ပြတ်သလို မြန်လွန်းသည်။

တစ်ခါတစ်ခါ ဘယ်ဟာအကျီဖြူ၊ ဘယ်ဟာအကျီနက်ဟု ခွဲခြားမရနိုင်အောင် အရောင်ရောထွေးသွားတတ်သည်။

မကြာပါ။

သိပ်မကြာပါ။

လျင်မြန်လွန်းသော တိုက်နည်းတိုက်ဟန်များ ဖြစ်နေသဖြင့် တိုက်ကွက် သိုင်းကွက်ပေါင်း တစ်ရာရောက်လာသည်။

သို့သော် တစ်ယောက်နှင့်တစ်ယောက် အနိုင် မတိုက်နိုင်ကြသေးချေ။

အကျီနက်မျက်နှာဖုံးစွပ်သည် အခြေအနေကို အံ့အားသင့်နေသဖြင့် စကားလုံးများ အန်ထွက်လာသည်။

'ခင်ဗျား တကယ်တော်တဲ့လူပဲ၊ ကျုပ်ရဲ့တိုက်ကွက်ကို တစ်ရာတိုင်အောင် ခုခံနိုင်သားပဲ'

'ဟဲဟဲ . . . ကျုပ်ရဲ့ တိုက်ကွက်ငါးဆယ်ကို ခုခံနိုင်ရင်လည်း

www.burmeseclassic.com

www.burmeseclassic.com



အတော်ရှားပါတယ်၊ သိုင်းလောကတစ်ခုလုံးမှာ လေးငါးယောက်ပဲ ရှိပါတယ်'

'သိပ်ကြွားမနေပါနဲ့၊ ခင်ဗျား ဘယ်သူဘယ်ဝါဆိုတာ အမှန် အတိုင်း ပြောစမ်းပါ'

'ကျုပ်ကလဲ ခင်ဗျားရဲ့ မျက်နှာဖုံးစွပ်ကို ခွာကြည့်ချင် နေတာပါဗျ'

သူတို့နှစ်ယောက်သည် စကားပြောရင်း တိုက်ခိုက်နေကြရာမှ တိုက်ကွက်ပေါင်း တစ်ရာသုံးကွက်သို့ ရောက်လာသည်။

ထိုစဉ် 'ရွှီး'ဟူသောအသံကြီး မြည်ထွက်လာပြီး အကျီနက်၏ ငယ်သံပါအောင် အော်လိုက်သောအသံ ထွက်လာသည်။

အကျီနက်သည် အော်ရင်းဟစ်ရင်း ဘေးသို့ ရှောင်ထွက်သွားသည်။

ဘယ်ဘက်လက်မောင်းမှ အသားရောင် ဖွေးခနဲ ပေါ်ထွက်လာသည်။

'ခင်ဗျားရဲ့အကျီ စုတ်ပြဲရုံ စုတ်ပြဲသွားတာပါ၊ သွေးထွက်သံယို မဖြစ်သေးပါဘူး၊ ကျုပ်က ခင်ဗျားကို လက်ရဖမ်းချင်နေတာပါ၊ ဟဲဟဲ. . .'

မင်းရင်ကြယ်၏ စကားအဆုံးမှာပင် အကျီနက်က ဝုန်းခနဲ ခုန်ပျံပြီး ထွက်ပြေးသွားတော့သည်။

မကြာခင် စူကန်းတောင်တုန်းပေါ်သို့ ရောက်ရှိသွားသည်။



ထိုမှ ရှေ့ကို တရကြမ်း ပြေးနေပြန်သည်။

မင်းရင်ကြယ် ရပ်မနေပါ။

ထက်ကြပ်မကွာ ပြေးလိုက်ခဲ့ပါသည်။

ထိုစဉ် အကျီနက်ရှေ့မှ အဖြူရိပ်တစ်ရိပ် ဖျတ်ခနဲ ပေါ်လာသည်။

အော်သံလည်း ထွက်လာသည်။

'ဟိတ်. . . ဘယ်သူလဲ . . . ရပ်. . ရပ်'

မင်းရင်ကြယ် သိလိုက်သည်။

ကမန်းကတန်း အော်ပြောသည်။

'နောင်ကြီးရွှေ၊ မလွှတ်စေနဲ့၊ ဒီလူဟာ ဝန်ရင်မော်ကို လုပ်ကြံသူ'

ထိုစကားသံနှင့်အတူ 'ဝုန်း' 'အင့်' ဟူသော အသံများ ဆက်တိုက် မြည်ထွက်လာသည်။

ရွှေချန်ရိုးသည် မည်သို့မျှ မလိုက်နိုင်ပါ။

တစ်ကိုယ်လုံးတုန်ခါပြီး သုံးလေးလှမ်းလွင့်ထွက်သွားသည်။

သို့သော် ရွှေချန်ရိုးက အားတင်းပြီး တရကြမ်း ပြေးလိုက်ပြန်သည်။

အကျီနက် ဆက်မပြေးတော့ပါ။

ရွှေချန်ရိုးကို စောင့်နေဟန်နှင့် ရပ်နေတော့သည်။

ရွှေချန်ရိုးအနီးသို့ရောက်သောအခါတွင်မူ အကျီလက်အိတ်ထဲမှ လက်နက်ပွန်းကို ထုတ်ယူပြီး လှစ်ခနဲ ပစ်လွှတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



အဆိပ်သံမှုန့်များပင် ဖြစ်သည်။

ရွှေချန်ရိုးသည် အကျီနက်၏ အနီးကပ်တိုက်ခိုက်မှုကို ရှောင်ချိန် မရတော့ချေ။

'အား' ဟူသောအသံသာ အော်လိုက်နိုင်ပြီး ပက်လက်လန် လဲကျသွားတော့သည်။

မင်ရင်ကြယ်သည် မမျှော်လင့်သော မြင်ကွင်းကြောင့် ထိတ်လန့်တုန်လှုပ်သွားသည်။

ရွှေချန်ရိုးအနားသို့ ရောက်သွားသည်နှင့် ကမန်းကတန်း ပွေ့ယူလိုက်သည်။

အကျီနက်မျက်နှာဖုံးစွပ်သည် ထိုအခါကျမှ တဟားဟား အော်ရယ်ရင်း ရှေ့ကို ဆက်ပြေးတော့သည်။

မင်ရင်ကြယ်သည် နှစ်ကိုယ်ခွဲ မရနိုင်သဖြင့် ဘာဆက်လုပ်ရမှန်း မသိအောင် ဖြစ်နေသည်။

---

ရွှေချန်ရိုးမျက်နှာသည် သွေးမရှိတော့ဘဲ ဖြူဖပ်ဖြူရော် ဖြစ်နေပေပြီ။

အသက်ရှူလည်း ပြင်းလာသည်။

ဘယ်ဘက်လက်မောင်းသည် ညိုသည်ထက်ညိုပြီး ညိုသည်ထက် မည်းလာနေသည်။

မင်ရင်ကြယ်သည် ရွှေချန်ရိုး၏ သွေးကြော အချို့ကို ကမန်းကတန်း ပိတ်ပစ်လိုက်သည်။



ထိုအချိန်မှာပင် အနက်ရောင်အကျီနှင့် လူတစ်ယောက် တရိပ်ရိပ် ပြေးလာသည်။

ရွှေချန်ရိုးနှင့်အမြဲလို အတူရှိနေတတ်သည့် စွန်းပုရှောက် ပင် ဖြစ်သည်။

မင်ရင်ကြယ်သည် စွန်းပုရှောက် ရောက်လာသည်နှင့် ရွှေချန်ရိုးကို လွှဲအပ်ပေးလိုက်သည်။

'မိတ်ဆွေကြီး၊ သူ့ကို စောင့်ရှောက်ထားလိုက်ပါ၊ ကျုပ် ဟိုလူ့နောက် လိုက်သွားဦးမယ်'

မင်ရင်ကြယ်သည် စွန်းပုရှောက်၏ တုံ့ပြန်စကားကိုပင် စောင့်ဆိုင်းခြင်း မရှိတော့ဘဲ ထပြေးတော့သည်။

မင်ရင်ကြယ်၏ ကိုယ်ဖော့ပညာသည် လက်ဖျားခါရလောက်အောင် တောင်းလွန်းနေသည်။

တရိပ်ရိပ်ပြေးနေပုံမှာ လေးညို့မှ လွှတ်လိုက်သော မြားအလား ထင်မှတ်ရသည်။

ပတ်ဝန်းကျင်ကို လှည့်ပတ်ကြည့်ရှုလိုက်သောအခါ လယ်ကွင်းပြင်ကြီးကိုသာ တွေ့ရသည်။

လူရိပ်လူယောင်ဟူ၍ ဘာတစ်ခုမျှ မတွေ့ရချေ။

မင်ရင်ကြယ်သည် အတန်ကြာအောင် စောင့်ကြည့်နေမိသော်လည်း မည်သည့်ထူးခြားချက်မျှ ထပ်မတွေ့ရချေ။

ပတ်ဝန်းကျင်သည် တိတ်ဆိတ်မြဲ တိတ်ဆိတ်နေပြီး ငြိမ်သက်မြဲ ငြိမ်သက်နေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးတွင်မူ လာရာလမ်းအတိုင်း ပြန်ပြေးလာခဲ့ရတော့သည်။

ရွှေချန်ရိုးနှင့် စွန်းပုရှောက်တို့ ကျန်ရစ်ခဲ့သည့်နေရာသို့ ပြန်ရောက်သောအခါ ရွှေချန်ရိုးရော၊ စွန်ပုရှောက်ကိုပါ မတွေ့ရတော့ပါ။

သို့သော် ထိုနေရာ၌ လက်နှစ်ဘက်ကို နောက်ပစ်ပြီး မှတ်တပ်ရပ်နေသည့် သတ္တမနတ်မင်း၊ ကျိူ့တုံးချွင်ကို ဘွားခနဲ တွေ့လိုက်ရသည်။

မမျှော်လင့်သောမြင်ကွင်းကြောင့် မင်ရင်ကြွယ် အံ့အားသင့်သွားလေတော့သည်။

▶▶ ◀◀



## အခန်း (၂၃)

## သံသယဝက်ပါ

'မမျှော်လင့်ဘဲ တွေ့လိုက်ရလို့ အံ့ဩသွားသလား. . မင်'

ကျိူ့ကုံးချွင်က အေးစက်စက် အမူအရာနှင့် မေးသည်။

မင်ရင်ကြွယ်က ရယ်ပြသည်။

'ဟင်းဟင်း. . . ဒါနဲ့ နောင်ကြီးရွှေတို့ ဘယ်ရောက်သွားကြပြီလဲ'

'ဆေးကုဖို့အဆောင်ထဲ ရောက်သွားပြီ မင်၊ သူ့ဒဏ်ရာက အဆိပ်သံမှုန့် ဒဏ်ရာဗျ၊ သိပ်ဖြင်းတယ်'

'အသက်ကို စိုးရိမ်ရပါသလား သတ္တမသူရဲကောင်း'

'ခင်ဗျားအချိန်မီ သွေးကြောပိတ်ပေးခဲ့လို့ အသက်တော့

www.burmeseclassic.com



မစိုးရိမ်ရတော့ပါဘူး ဒါပေမယ့် ဘယ်ဘက်လက်ကတော့ နဂိုအတိုင်း ပြန်ကောင်းဖို့ သိပ်မလွယ်ဘူး'

'ဒီလိုဖြစ်ရတာဟာ ကျုမ်ကြောင့်ဖြစ်ရတာပါ သတ္တမသူရဲကောင်း၊ ကျုပ် စိတ်မကောင်းပါဘူး'

'မင်းကြောင့် မဟုတ်ပါဘူးလေ၊ ကျုပ်တို့အနေနဲ့ နည်းသည့်ရဲ့ လုံခြုံရေးကို တကယ် တာဝန်မယူနိုင်ခဲ့လို့ ခုလိုဖြစ်ရတာပါ။ ကျုပ်တို့အပြစ်ပါ၊ တကယ်တော့ ခင်ဗျားကသာ ကျုပ်ရဲ့အိမ်တော်သား အသက်ကို ကယ်တင်ပေးသူပါ၊ ဒါကြောင့် ခင်ဗျားကို ဆေးကုနိုင်းဖို့ သိပ်အားနာတယ်၊ အဲဒါကြောင့် ကျုပ် ကိုယ်တိုင် ဆေးကုပေးဖို့ ပြင်ဆင်ခိုင်းလိုက်တာ'

'ဪ. . . သတ္တမနတ်မင်းကလဲ ဆေးပညာကျွမ်းသကိုး'

'သိပ်တော့ ထက်လှတယ် မဟုတ်ပါဘူး၊ နည်းနည်းပါးပါးပါ၊ ဒါနဲ့ ရွှေချန်ရိုး ဒဏ်ရာရခဲ့တာဟာ ဘယ်သူ့လက်ချက်များလဲ မင်'

မင်ရင်ကြယ်က ခေါင်းခါပြသည်၊ တစ်ဆက်တည်းတွင်. . .

'ဘယ်သူဘယ်ဝါမှန်း မသိဘူး သတ္တမနတ်မင်း၊ ရန်သူကမျက်နှာကို မျက်နှာဖုံးစွပ်ထားတယ်၊ အင်္ကျီနက် ဝတ်ထားတယ်၊ လူမြင်မခံစုံတဲ့သူပဲ၊ သူက သခင်လေး ဝန်ရင်မော်ကို လုပ်ကြံခဲ့သူလို့ ဝန်ခံခဲ့တယ်'

သတ္တမသူရဲကောင်း ကျို့ကုံးချွင်သည် မျက်နှာ တွက်ခနဲပျက်သွားသည်။

'တကယ်ပြောနေတာလား မင်'

'တကယ်ပြောတာပေါ့ဗျ၊ ဒီလောက် အရေးကြီးတဲ့ကိစ္စကို ဘယ်သူက လီဆယ်ပြောနေမှာလဲ'

ကျို့ကုံးချွင်၏ မျက်လုံးအစုံသည် ဒေါသရောင်များ တဖိတ်ဖိတ်တောက်လာသည်။

အံကို တင်းခနဲ ကြိတ်လိုက်ပြီး ခြေထောက်ကိုပင် ဝုန်းခနဲ ဆောင့်ပစ်လိုက်သည်။

ခြေဖဝါးအောက်မှ ကျောက်စရစ်ခဲများ ကြေမွသွားသည်။ အချို့ ဝှစ်ခနဲ လွင့်စဉ်သွားသည်။

'ကျုပ် ခြေတစ်လှမ်း နောက်ကျခဲ့တယ်၊ နာတယ်. . . သိပ်နာတယ်၊ ကျုပ်လည်း သတ္တမသူရဲကောင်းနေရာမှာရှိရင် ဒီလိုပဲ လုပ်မိမှာပါ'

ကျို့ကုံးချွင်သည် မျက်မှောင်ကြုတ်ပြီး တွေဝေနေသည်။ အတန်ကြာမှ. . .

'တရားခံလိုက်ရှာနေတာ နှစ်အတော်ကြာပြီ၊ ဒီည ကျမှ. . .'

ကျို့ကုံးချွင်သည် စကားကို ဆုံးအောင်မပြောချေ။

မင်ရင်ကြယ်က ဖြတ်မေးသည်။

'နေပါဦး သတ္တမသူရဲကောင်း၊ ဒီကို ဆေးကုဖို့ ရောက်လာတဲ့သမားတော်တွေ အသတ်ခံရတာ ရှိခဲ့ဖူးပါသလား'



www.burmeseclassic.com

www.burmeseclassic.com



'တစ်ခါမှ မရှိခဲ့ဖူးပါဘူး'

'တကယ်ပြောနေတာလား သတ္တမသူရဲကောင်း၊ မဟုတ်သေးဘူးထင်တယ်၊ ကျုပ် ကြားထားတာက ထက်မြက်တဲ့ဆေးဆရာ ရောက်လာတိုင်း ရန်သူရောက်လာလေ့ရှိပြီး အန္တရာယ်ပြုတတ်သတဲ့၊ ဆရာတိုင်းတော့ မဟုတ်ပါဘူး၊ နောက်တစ်ချက်က သတ္တမသူရဲကောင်းတို့ အစောင့်အကြပ်တွေ ထူထပ်နေလို့ ရန်သူဟာ ထင်သလိုလုပ်ခွင့် မရခဲ့ဘူး၊ ဒါပေမယ့် ရောက်လာသူဟာ အင်မတန်ထက်မြက်တဲ့လူတဲ့၊ တစ်ခါမှ လက်ရ မဖမ်းနိုင်ခဲ့ဘူးတဲ့'

မင်းရင်ကြွယ်က ကြားထားသောစကားကို ရှင်းပြလိုက်သည်။

'မင် ပြောပြနေတာဟာ ရွှေချန်ရိုး ပြောပြခဲ့တာတွေ မဟုတ်လား မင်'

'ဟုတ်ပါတယ် သတ္တမသူရဲကောင်း၊ မယုံရင် သူ သတိရလာတဲ့အခါ မေးကြည့်ပါ'

ဒီအချက်ဟာ အံ့သြစရာကောင်းတဲ့အချက်ပဲ၊ ရွှေချန်ရိုးဟာ တကယ်မဖြစ်ခဲ့တာတွေကို ဘာဖြစ်လို့ လုပ်ကြံပြီး ပြောခဲ့တာလဲ'

'ဒါတော့ ကျုပ်လဲ မစဉ်းစားတတ်ဘူး၊ အလျင်က မဖြစ်ခဲ့ဖူးတာတွေကို ရွှေချန်ရိုးက ဘာဖြစ်လို့ ပြောပြခဲ့တာလဲ၊ တစ်ခုတော့ ရှိတယ်၊ ကျုပ်က ရွှေချန်ရိုးကို ဝန်ရင်မော်ရဲ့ရောဂါကို တကယ်ပျောက်အောင် ကုနိုင်တယ်လို့ ပြောခဲ့တယ်၊ ဒီနောက် ကျုပ်ကို လုပ်ကြံသတ်ဖြတ်ဖို့ ရန်သူ ရောက်လာတယ်'



'မင်က ကျုပ်တို့ကို သံသယ ရှိနေပြီထင်တယ်'

'ပွင့်ပွင့်လင်းလင်း ပြောရရင် ရွှေချန်ရိုးကို မသင်္ကာဘူး၊ ကျုပ် သံသယ ရှိတယ်၊ ဒီကိစ္စကို သတ္တမသူရဲကောင်းကို တင်ပြဖို့ ကျုပ် စဉ်းစားပြီးသားပါ၊ ဒါပေမယ့် ရွှေချန်ရိုးကိုယ်တိုင် အပြင်းအထန် ဒဏ်ရာရခဲ့ပြီဆိုတော့. . . အင်း. . .'

မင်းရင်ကြွယ်သည် စိတ်ရှုပ်ဟန်ဖြင့် သက်ပြင်းချလိုက်သည်။

သတ္တမသူရဲကောင်း ကျိုကိုးချင်က တည်တည်ကြည်ကြည် ပြောလာသည်။

'ပြဿနာက တော်တော်ကို ရှုပ်ထွေးနေတာပဲ၊ မင်သဘောပေါက်ထားစေချင်တာကတော့ ရွှေချန်ရိုးနဲ့ စွန်းပုရှောက်တို့ဟာ ကျုပ်ရဲ့သစ္စာရှိ သွေးသောက်တွေပဲ၊ လွန်ခဲ့တဲ့နှစ်ပေါင်းများစွာကတည်းက လက်တွဲလာခဲ့ကြသူတွေပါ၊ ဒါပေမယ့် ခုချိန်မှာ ရွှေချန်ရိုးဟာ ဘာဖြစ်လို့ လုပ်ကြံလီဆယ်ပြီး ပြောပြနေတာလဲ၊ အမှတ်မထင် လီဆယ်တဲ့စကား ဖြစ်မှာပါ၊ အဲ. . . သူလီဆယ်ပြောတဲ့ညမှာပဲ အန္တရာယ်ပြုမှု ဖြစ်ပေါ်လာတာဟာ အံ့သြစရာပဲ၊ ဒါကို ထန်းသီးကြွေခိုက် ကျီးနင်းခိုက်လို့ ကျုပ် ယုံချင်တယ်'

'ထားပါ၊ မတော်တဆ တိုက်ဆိုင်မှုလို့ပဲ ထားပါ'

'တိုက်ဆိုင်မှုသာ ဖြစ်ပါစေလို့ မျှော်လင့်ပါတယ် မင်'

'ကျုပ်အနေနဲ့လည်း ရွှေချန်ရိုးရဲ့ အတိတ်က မကောင်း

www.burmeseclassic.com

www.burmeseclassic.com



ကွက်တွေကို စဉ်းစားပြီး မသင်္ကာ မဖြစ်ချင်တော့ပါဘူး၊ သတ္တမသူရဲကောင်း၊ အထင်လည်း မသေးချင်ပါဘူး'

မင်းရှင်ကြွယ်က ပါးနပ်လိမ္မာစွာ ပြောသည်။

ကျို့ကုံးချွင်သည် မျက်မှောင်ကြီးကြုတ်ပြီး ငြိမ်သက်နေလေသည်။

အတန်ကြာသော် မျက်ခုံးနှစ်ဘက်ကို မြင့်တင်လိုက်ပြီး

'ဘာပဲဖြစ်ဖြစ်လေ သူပြောခဲ့တဲ့စကားတွေက သံသယဖြစ်စရာတွေပဲ၊ မကြာခင် သူ သတိရလာတော့မှာပါ၊ ကျုပ် သူ့ကို သေသေချာချာ မေးကြည့်ပါဦးမယ်'

ကျို့ကုံးချွင်က မင်းရှင်ကြွယ်ကို ကတိပေးလာသည်။

မင်းရှင်ကြွယ်က သူ့စိတ်ဆန္ဒနှင့် သဘောထားကို ထုတ်ဖော်ပြောကြားခြင်း မပြုတော့ချေ။

'နေပါဦး သတ္တမသူရဲကောင်းရဲ့ ယန်ကျိုးမြို့နယ်တစ်ဝိုက်မှာ သတ္တမသူရဲကောင်းနဲ့ ပညာရည်တူသူများ ရှိနေပါသလား'

'ဘယ်လိုမေးလိုက်တာလဲဗျာ'

'ဒီလိုပါ၊ အကျီနက်မျက်နှာဖုံးစွပ်ဟာ သတ္တမသူရဲကောင်းလို သိုင်းပညာမြင့်သူပဲ၊ သိုင်းလောကမှာ မထင်ရှားသူတော့ မဖြစ်နိုင်ဘူး'

'တကယ်လား မင်း၊ ကျုပ်တော့ ဒီမြို့နယ်တစ်ဝိုက်မှာ ကျုပ်နဲ့ ပညာတူသူ မရှိဘူးလို့ သိထားပါတယ်၊ ခုရောက်လာတဲ့ လူက ကျုပ်ပညာအဆင့်လောက် တကယ်ရှိနေလား'



'သတ္တမသူရဲကောင်းကို လိမ်ညာနေစရာအကြောင်း မရှိပါဘူး၊ ကျုပ် အမှန်အတိုင်း ပြောနေတာပါ'

'ဒီလိုဆိုရင် မင်းနဲ့သူ တိုက်ကွက်ပေါင်း ဘယ်လောက်အထိ တိုက်ခိုက်ခဲ့ကြရပါသလဲ'

'တစ်ရာသုံးကွက်ထိတိပါပဲ၊ အဲ. . . အဲဒီ တစ်ရာသုံးကွက်ကျမှပဲ သူ့အကျီလက်အိုးကို ဆုတ်ဖြဲနိုင်ခဲ့ပါတယ်'

ကျို့ကုံးချွင်သည် အလွန်ထိတ်လန့်တုန်လှုပ်သော အမူအရာများ ဖြစ်ပေါ်လာသည်။

'တစ်ရာသုံးကွက် ဟုတ်လား၊ တစ်ရာသုံးကွက်ကျမှ အကျီလက်အိုးကိုသာ ဆုတ်ဖြဲနိုင်ခဲ့တယ် ဟုတ်လား၊ တကယ်တော့ ခင်ဗျားဟာ ကျုပ်ထက်တောင် ပညာရည်မြင့်. . .

'ဒီလောက်လဲ မဟုတ်ပါဘူး သတ္တမသူရဲကောင်း၊ ကံကောင်းခဲ့တဲ့သဘောပါ'

'မဖုံးကွယ်ချင်ပါနဲ့ မင်း၊ ဒီလူရဲ့ သိုင်းပညာကောင်းတာမှန်ပေမယ့် မင်းအနေနဲ့ အကျီလက်အိုးကို ဆွဲဆုတ်နိုင်ခဲ့တာ နည်းတဲ့နည်းအဆင့် မဟုတ်ပါဘူး၊ ဒါကို ကံကောင်းတယ်လို့ ဆိုချင်ဆိုနိုင်ပေမယ့် သိုင်းကွက်ပေါင်း တစ်ရာသုံးကွက်အထိ သည်ပြိုင်တိုက်ခိုက်နိုင်ခဲ့တာဟာ ကံကောင်းတာ မဟုတ်ပါဘူး၊ တကယ့်ပညာအရည်အသွေးကြောင့်ပါ'

ကျို့ကုံးချွင်သည် စကားရပ်ပြီး ငြိမ်သွားသည်။

ထိုနောက် မင်းရှင်ကြွယ် စကားမတုံ့ပြန်ခင်မှာပင် ဆက်ပြီး

www.burmeseclassic.com

www.burmeseclassic.com



ပြောကြားလာသည်။

'နေပါဦး မင်း၊ ခင်ဗျားနာမည် ဘယ်သူလဲ၊ ကျုပ်ကို အမှန်အတိုင်း ပြောပြစမ်းပါ'

ကျို့ကုံးချွင်၏အသံသည် မာပြီး တုန်နေသည်။

မင်ရင်ကြယ်က ရယ်သွမ်းသွေးပြီး ဖြေသည်။

'ကျုပ်နာမည် မင်ရင်ကြယ်ပါ၊ မင်ရင်ကြယ်ဟာ မင်ရင်ကြယ်ပါပဲ၊ တခြားလူ မဟုတ်ပါဘူး'

ကျို့ကုံးချွင် လက်မခံနိုင်ချေ၊ ခေါင်းကိုသာ သွက်သွက် ယမ်းပစ်လိုက်သည်။

'ကျုပ်ကတော့ ခင်ဗျားကို ဘယ်တော့မှ လိမ်ညာမပြောဘူး၊ ပြောဖို့လည်း မလိုဘူး၊ သိုင်းလောကမှာ ကျုပ်နဲ့ လက်ရည်တူသူဆိုလို့ ညီလေး ဝန်ရင်မော်ပဲ ရှိတယ်၊ ဝန်ရင်မော်တလွဲရင် ဘယ်သူ ရှိနိုင်သေးလဲ'

'ဒါတော့ ကျုပ်လည်း မစဉ်းစားတတ်တော့ဘူး၊ ကျုပ်ကတော့ ခင်ဗျားကို မယုံဉ်ဝံ့တာ အမှန်ပဲ၊ ဒါပေမယ့် ကျုပ်ကို တကယ် ရှိနေတာထက်ပိုပြီး ခန့်မှန်းနေတာကိုတော့ ကျုပ် ဘယ်လိုမှ မစဉ်းစားတတ်တော့ဘူး'

မင်ရင်ကြယ်က စကားမမှားအောင် သတိထားပြီး ပြောသည်။ ကျို့ကုံးချွင် မချိပြုံး ပြုံးတော့သည်။ ထို့နောက်. . .

'ခင်ဗျား ဘယ်လိုပဲ နှိမ်ချနှိမ်ချ၊ တကယ့်အဖြစ်မှန်က သက်သေပြပြီးပါပြီ၊ ခင်ဗျားပဲ ပြောတယ်၊ ကျုပ်နဲ့လက်ရည်တူ



အကျီနက်ကို တိုက်ကွက်ပေါင်း တစ်ရာသုံးကွက်အထိ ယှဉ်ပြိုင်နိုင်ခဲ့တယ်လို့၊ ဟုတ်တယ်မဟုတ်လား မင်'

'ဒီအချက်ဟာ အရေးကြီးတဲ့အချက် မဟုတ်ပါဘူး သတ္တမသူရဲကောင်း'

'ဟဲဟဲ. . . ကျုပ်သဘောကတော့ တကယ့်ပညာရှင်တစ်ယောက်ကို တွေ့နေလျက်သားနဲ့ မိတ်ဆွေ မဖွဲ့မိတာကို နောင်တ ရနေပါတယ် ဟဲဟဲ. . .'

'သတ္တမသူရဲကောင်းရဲ့ သဘောထားက တစ်မျိုးဖြစ်နေပါတယ်၊ ကျုပ် ခင်ဗျားတို့အပေါ် မကောင်းမကြံရင် ၊ ခင်ဗျားတို့ကလည်း ကျုပ်အပေါ် မကောင်းမကြံရင် မိတ်ဆွေအဖြစ်ဘာတိမပြုကြလည်း မိတ်ဆွေပဲ ဖြစ်ပါတယ်၊ ဒီသဘောထားဟာ ကျုပ်ရဲ့ မွေးရာပါသဘောထားပဲ သတ္တမသူရဲကောင်း'

'ဟုတ်ပါတယ်၊ ကျုပ်က ကျုပ်ကိုယ်ကျုပ် အမြစ်တင်နေတာပါ'

'ကျုပ်နာမည် တကယ် မင်ရင်ကြယ်ပါ၊ လိမ်စရာ အကြောင်း လုံးဝ မရှိပါဘူး၊ အင်း. . . ကလေးဘဝတုန်းကတော့ ထူးဆန်းတဲ့အဖြစ်တွေ ကြုံကြိုက်ခဲ့ဖူးပါတယ်'

'ခင်ဗျား ဘာပဲပြောပြော အညတရတော့ မဟုတ်နိုင်ဘူး၊ ထင်ရှားသူ၊ မထင်ပေါ်သူ မဟုတ်နိုင်ဘူး'

မင်ရင်ကြယ်ကသည် ကျို့ကုံးချွင်၏စကားကို ငြင်းလည်း မငြင်း၊ ဝန်ခံခြင်းလည်း မပြုချေ။ သူပြောလိုရာကိုသာ ဆက်ပြော

www.burmeseclassic.com

www.burmeseclassic.com



တော့သည်။

'တကယ်တော့ ကျုပ်ဟာ သခင်လေး ဝန်ရှင်မော်နဲ့ မတွေ့ခဲ့ မဆုံခဲ့ရင် အလုပ်ကြမ်းသမားဘဝမှာပဲ ရှိနေဦးမှာပါ'

မင်းရင်ကြွယ်၏စကားကို ကျို့ကုံးချွင် နားမလည်လိုက်ချေ။

'ဘာတွေပြောနေတာလဲ မင်း'

'သတ္တမသူရဲကောင်း နားလည်အောင် ပြောရရင် အရှည်ကြီးပဲဗျ'

'ကျုပ်ဟာ စိတ်တိုသူ မဟုတ်ဘူး မင်း'

ကျို့ကုံးချွင်၏စကားကြောင့် မင်းရင်ကြွယ် ရယ်မိတော့၏။

'ဟဲဟဲ. . . ဒီလိုဆိုလည်း သတ္တမသူရဲကောင်း နားရှင်းအောင် ပြောပြပါ့မယ်၊ သတ္တမသူရဲကောင်း ကျားစင့်တူးမြောင်ဒေသကို သိပါသလား'

'သိပါတယ်၊ သိပ်စည်ကားတဲ့ဒေသပဲ၊ ယန်ကျိုးမြို့လောက်ကို စည်တဲ့ဒေသပါ'

'ဟုတ်ကဲ့၊ ကျုပ်ဟာ ငယ်ငယ်လေးကတည်းက အဲဒီမှာ ပခုံးထမ်းအလုပ်သမားဘဝနဲ့ ကျင်လည်နေခဲ့ရသူပါ၊ တစ်နေ့မှာ မမျှော်လင့်ဘဲ နှစ်တစ်ထောင်ဆေးမြစ်လို့ခေါ်တဲ့ 'ဟိုစိုဝူ' ဆေးမြစ်ကို စားခဲ့ရတယ်၊ အဲဒီကတည်းက ကျုပ်ရဲ့ခွန်အားဟာ အများကြီးများလာခဲ့တယ်၊ တခြားလူတွေ ဆန်အိတ်နှစ်အိတ် ထမ်းနိုင်ရင် ကျုပ်က ခြောက်အိတ်အထိ ထမ်းနိုင်ခဲ့တယ်'



'အံ့သြစရာပဲ၊ ခင်ဗျား ကံထူးလွန်းလို့ ဒီဆေးမြစ်ကို စားခဲ့ရတာပဲ၊ ဒီဆေးမြစ်က သေသူကိုတောင် ပြန်ရှင်နိုင်စေတယ်လို့ လူပြောများတဲ့ဆေးမြစ်ပဲ၊ တကယ်တော့ သေလုလုလူတွေကို ကယ်တင်နိုင်တာတော့ အမှန်ပဲ၊ အရိုးအဆစ် သန်မာလွန်းပြီး ခွန်အား အင်မတန်ကြီးစေတဲ့ ဆေးမြစ်ပဲ'

'ဒီအချက်ကိုတော့ ကျုပ် မသိခဲ့ပါဘူး၊ သူရဲကောင်း ဝန်ရှင်မော် ရောက်လာမှ မေးမြန်းကြည့်ဖူးတာပါ၊ သူရဲကောင်း ဝန်ရှင်မော်က ကျုပ်ရဲ့အရေးကြီးတဲ့သွေးကြောတွေကို ကောင်းမွန်အောင် ပြုပြင်ပေးခဲ့တယ်၊ သူ့ပညာနဲ့ ကူညီပံ့ပိုးပေးခဲ့တယ်'

'ဘယ်လိုဘယ်လို သူရဲကောင်း ဝန်ရှင်မော်က ခင်ဗျားရဲ့ သွေးကြောတွေကို ပြုပြင်ပေးခဲ့တယ် ဟုတ်လား'

'ဟုတ်ပါတယ်'

'ဒါပေမယ့် ခင်ဗျားရဲ့ ပညာရည်အဆင့်အတန်းဟာ ခင်ဗျားပြောတဲ့အတိုင်းဆိုရင် ရှိသင့်တာထက် ပိုနေတာတော့ အမှန်ပဲ'

ကျို့ကုံးချွင်က မျက်မှောင်ကြုတ်ပြီး ပြောသည်။

မင်းရင်ကြွယ်က. . .

'သတ္တမသူရဲကောင်း ထင်လို့ပါ၊ ကျုပ်စွမ်းရည်ဟာ ရှိသင့်တာထက် မပိုပါဘူး၊ အဲဒီဆေးမြစ်ကို နောက်တစ်ကြိမ် ထပ်စားလည်း ဒီအတိုင်းပဲ ရှိနေတော့မှာပါ'

'ခင်ဗျားအပေါ်မှာ ဝန်ရှင်မော် ထင်ရှိခဲ့တဲ့ ကျေးဇူးတာ

www.burmeseclassic.com

www.burmeseclassic.com



ဒါပဲလားဗျ'

'ကျေးဇူးဆိုတာ အတိုင်းအတာ မရှိပါဘူး၊ သိတတ်သူ့ရဲ့ သဘောထား အတိမ်အနက်ပေါ်မှာသာ မူတည်တာပါ၊ ကျုပ်အနေနဲ့ကတော့ သူ့ကျေးဇူးဟာ ကျုပ်တစ်သက် ဆပ်လို့မကုန်တဲ့ ကျေးဇူးပဲ'

'ဒီလိုဆို ကျုပ် ယုံပါပြီ၊ ဝန်ရင်မော်ကို မေးကြည့်ဖို့ မလိုတော့ပါဘူး၊ ကဲ။ . . ဟိုလူအကြောင်း ပြောကြရအောင်၊ မျက်နှာဖုံး စွပ်ကြောင့် မမှတ်မိဘူးဆိုရင်လည်း ကိုယ်နေ့ဟန်ထားနဲ့ ပြောပုံဆိုပုံတွေကို ပြောပြစမ်းပါ'

'မနိမ့်မမြင့် မပိန်မဝပါပဲ၊ လူလတ်ပိုင်းမို့ ကြည့်လို့ကောင်းပါတယ်၊ နွဲ့သလိုလိုနဲ့ ကြံ့ခိုင်မှု ရှိပါတယ်၊ စကားပြောပုံက ခပ်အုပ်အုပ် ပြောလေ့ရှိပါတယ်'

'အဲဒီလူဟာ ဘာဖြစ်လို့ မျက်နှာဖုံး စွပ်ထားတာလဲ၊ မင်ဘယ်လိုထင်ပါသလဲ'

'ကျုပ် မြင်တွေ့ဖူးနေတဲ့လူ ဖြစ်မယ်လို့ ထင်တယ်၊ ကျုပ်မှတ်မိမှာစိုးလို့ တမင် မျက်နှာဖုံး စွပ်လာတာလို့ ယူဆတယ်'

မင်ရင်ကြယ်က စဉ်းစဉ်းစားစား ချင့်ချင့်ချိန်ချိန် ဖြေလိုက်သည်။

ကျို့တုံးချွင်က မင်ရင်ကြယ်၏အမြင်ကို ထောက်ခံသည်။

'ဟုတ်တယ်၊ အဲဒီအတိုင်းပဲ ဖြစ်မယ်၊ ဒါပေမယ့် ဒီလူပုံသဏ္ဌာန်ကို စဉ်းစားလို့ မရသေးဘူး'



'ခုတော့ လွတ်အောင် ပြေးနိုင်တာ အမှန်ပဲ၊ နောက်ဆုံးကျရင်တော့ အမိခံရမှာပါပဲ'

'ဟုတ်ပါတယ်၊ ဖုံးကွယ်မှုမှန်သမျှဟာ တစ်နေ့တော့ ပေါ်ရစမြဲပါ၊ ကျုပ်လည်း ရှေ့ဆက်ပြီး သည်းခံနိုင်စွမ်း မရှိတော့ဘူး၊ ယန်ကျိုးတစ်မြို့လုံးကို ကျုပ်ရဲ့အဆင့်မြင့်သိုင်းသမားတွေနဲ့ ပိုက်စိပ်တိုက် ရှာလိုက်ချင်တယ်၊ ဒီလူ ဘယ်လို ပုန်းနေမလဲ'

'သိပ်ကောင်းတဲ့ နည်းလမ်းပါပဲ'

'ဆက်ပါဦး မင်'

'ဟုတ်ကဲ့. . . ကျုပ် နောင်ကြီးရွှေကို မေးခဲ့ဖူးပါသေးတယ်၊ သခင်လေး ဝန်ရင်မော်ရဲ့ မင်္ဂလာဦးညမှာ အရက်လာပို့တာ ဘယ်သူလဲလို့၊ သူက လူရှုပ်လွန်းလို့ ဘယ်သူမှန်း မသိဘူးလို့ ဖြေတယ်၊ သူက သတ္တမသူရဲကောင်းကို မေးကြည့်ဦးမယ်လို့လည်း ပြောတယ်၊ သူ မေးခဲ့ပါသလား သတ္တမသူရဲကောင်း'

'မမေးသေးပါဘူး၊ ကျုပ်နဲ့တွေ့တုန်းကတော့ ဆေးကုဆောင်တည်ဆောက်မှု အခြေအနေတို့သာ ပြောတယ်၊ အရက်လာပို့သူနဲ့ ပတ်သက်ပြီး ခင်ဗျားအမြင် ဘယ်လိုရှိနေပါသလဲ'

'အရက်လာပို့သူဟာ အမိကတရားခံတော့ မဟုတ်ပါဘူး၊ ဒါပေမယ့် လုပ်ကြံသူနဲ့ တစ်စုံတစ်ရာ ပတ်သက်နေတာတော့ အမှန်ပဲ'

'ကျုပ်လည်း အဲဒီတုန်းက အခြေအနေတွေကို မမှတ်မိတော့ဘူး မင်၊ အဲဒီတုန်းက လူသိပ်စည်တာ၊ ကျုပ်က လာသမျှ

www.burmeseclassic.com



လူတွေကို ညှို့ဝင်တပ်ပြုနေရတော့ အရက်ပို့သူကို ဘယ်သတိထားမိပါမလဲ မင်'

'မမှတ်မိတာလား၊ မသိတာလား သတ္တမသူရဲကောင်း'

မင်းရင်ကြွယ်က စကားဝေါက်ရှာပြီး မေးသည်။

ကျို့ကုံးချွင်က ကမန်းကတန်း ပြန်ဖြေသည်။

'မသိတာဗျ၊ ကျုပ် တစ်ယောက်တည်း ထောင့်စေ့အောင် ဘယ်ကြပ်မှတ်နိုင်ပါမလဲဗျာ'

'တုံထန်းကျ မေးကြည့်ရင်ကောဗျာ'

ကျို့ကုံးချွင်သည် မည်သို့မျှ အဖြေမပေးတော့ဘဲ ခပ်ကျယ်ကျယ် လှမ်းအော်လိုက်တော့သည်။

'တစ်ယောက် လာစမ်း'

မင်းရင်ကြွယ် ငေးကြောင်နေစဉ်မှာပင် ဂိုက်တစ်ရာလောက်မှ လူရိပ်တစ်ရိပ် ပေါ်လာသည်။

လက်အောက်ငယ်သားတစ်ယောက်၏ ဝတ်စားဆင်ယင်ပုံမျိုးဖြစ်သည်။ ထိုလူက-

'ကျွန်တော် ဒီမှာပါ သခင်ကြီး' ဟု လှမ်းပြောလိုက်သည်။

ထိုလူသည် တုံထန်းကျဖြစ်သည်။ ကျို့ကုံးချွင်က လက်ယပ်ပြပြီး လှမ်းခေါ်သည်။

'ဒီကို လာခဲ့ပါ အိမ်ထိန်းကြီး'

တုံထန်းကျသည် ရပ်နေရာမှ ဝူန်းခနဲ ခုန်ပျံပြီး လေထဲတွင် ကျွမ်းထိုးလာသည်။



မင်းရင်ကြွယ်သည် ထိုလူ၏ ကိုယ်ဖော့ပညာကို ကြည့်ပြီး ကျို့ကုံးချွင်ကို လှမ်းပြောသည်။

'သတ္တမသူရဲကောင်းရဲ့အိမ်တော်က သိုင်းသမားတွေဟာ အဆင့်မြင့်သိုင်းသမားတွေချည်းပါပဲလား'

ကျို့ကုံးချွင်က ရယ်ပြီး ပြန်ဖြေသည်။

'မိတ်ဆွေအနေနဲ့ကတော့ ကလေးကစားစရာလောက်ပဲ ရှိပါတယ်ဗျာ'

'သတ္တမသူရဲကောင်းက ကျုပ်ကို သိမ်အထင်ကြီးတာကိုး၊ ဒါနဲ့ စိုက်ပါထိုရဲ့ ရည်ရွယ်ချက်ကို သိထားပြီးပြီလား'

'သူ့ဆေးနည်းကို သံသယ ရှိရုံလောက်ပါပဲ'

'သတ္တမသူရဲကောင်းမှာ ဘယ်လိုရည်ရွယ်ချက် ရှိထားပါသလဲ'

'စဉ်းစားနေတုန်းပါပဲ မင်၊ လောလောဆယ်တော့ သုံးနေ့နဲ့ သုံးညစလုံး အဆင့်မြင့်သိုင်းသမားတွေကို စောင့်ကြပ်ခိုင်းထားရုံလောက်ပါပဲ'

'ဒါ ကျုပ် သိပြီးသားပါ သတ္တမသူရဲကောင်း။ ကျုပ်ပြောချင်တာက ဝန်ရင်မော်တို သူ့လက်ထဲ အပ်ထားတဲ့ကိစ္စပါ။ ခင်ဗျားကို တောင် ဆေးကုဆောင်ရဲ့ တိုက်တစ်ရာအတွင်း တိုးကပ်မလာရဘူးလို့ တောင်းဆိုခဲ့သေးတာပဲ၊ ကျုပ်စိုးရိမ်တာက သခင်လေးဟာ အတွင်းဆောင်ဂါ ရနေတော့ သိုင်းအားပါ ကင်းမဲ့နေပါတယ်။ စိတ်ဓာတ်ကလည်း ဖောက်ပြန်နေတယ်ဆိုတော့ မတော်လို့ စိုက်ဝါ

www.burmeseclassic.com



ထိုက. . .'

'ခင်ဗျားရဲ့ စိုးရိမ်ချက်ကို ကျုပ် သဘောပေါက်ပါတယ် မင်း၊ ဒါပေမယ့် ကျုပ်ဟာ မပိုင်ဘဲ ဘာမှ လုပ်လေ့မရှိပါဘူး၊ ပိုင်ကွက်ရှိလို့ ခုလို ဝန်ရင်မော်ကို ပေးအပ်ခဲ့တာပါ'

'သတ္တမသူ့ရဲကောင်းက ဘယ်နည်းနဲ့ ထိန်းချုပ်ထားတာပါလဲ'

'ဒါတော့ မပြောပါရစေနဲ့ဦး မင်း၊ အချိန် လိုပါသေးတယ်'

'ဒီလိုဆိုရင် အဲဒီနည်းနဲ့ ကျုပ်ကို ထိန်းချုပ်ပြီး ဝန်ရင်မော်ကို ပေးအပ်ထားပါလား သတ္တမသူ့ရဲကောင်း ဘယ်နှယ်လဲ'

'မင်းဆန္ဒကို ကျုပ် မငြင်းပယ်ချင်ပါဘူး၊ ညီလေး ဝန်ရင်မော် နဂိုအတိုင်း ပြန်ကောင်းလာမယ်ဆိုရင် ကျုပ်ဘာမဆို လုပ်ရဲကိုင်ရဲ စွန့်လွှတ်ရဲပါတယ်၊ ကုန်ကုန်ပြောရရင် သိုင်းလောကတစ်ခုလုံးက မုန်းရင်တောင် ကျုပ် ရင်စည်းခံရဲပါတယ်၊ ဒါပေမယ့် ခင်ဗျားဆန္ဒကိုတော့ မလိုက်လျောနိုင်သေးပါဘူး'

'သတ္တမသူ့ရဲကောင်းက ကျုပ်ကို မယုံကြည်ဘူးဆိုတဲ့ သဘောပါ'

'ကျုပ်ညီလေး ဝန်ရင်မောရဲ့ အကျိုးအတွက် ကျုပ်ကော၊ ညီလေးရဲ့ဇနီးကော၊ အိမ်တော်ထဲက မိသားစုတွေကော အားလုံးဟာ ဘယ်သူ့ကိုမှ မယုံရဲသေးပါဘူး'

'သတ္တမသူ့ရဲကောင်းဟာ အမြော်အမြင်ကြီးပြီး လေးစားစရာကောင်းတဲ့ ပုဂ္ဂိုလ်ပါ၊ ဒါနဲ့ ကိစ္စတစ်ခုကို သတ္တမသူ့ရဲကောင်း



တွေ့မိပါရဲ့လား'

ထိုအချိန်မှာပင် ကျောက်ရုပ်ကြီးလို ရပ်နေသော ထုံထန်းကျက ဖျတ်ခနဲ ခုန်ဝင်လာတော့သည်။

ထို့နောက် သခင်ကြီး ကျို့ကုံးချွင်ကို ဂါရဝပြုသည်။

'အရှိအသေပေးမနေနဲ့ ထန်းကျ၊ ဒီကိုလာပါ၊ မင်းရင်ကြယ်မှာ မေးစရာ ရှိနေတယ်'

ကျို့ကုံးချွင်က အလောသုံးဆယ် ပြောသည်။မင်းရင်ကြယ်က ထုံထန်းကျ အနားသို့ ရောက်လာသည်နှင့် အချိန်မဆိုင်းဘဲ မေးတော့သည်။

'နောင်ကြီးတုံ၊ ကျေးဇူးပြုပြီး ကျုပ်မေးတာကို ဖြေပါ၊ သခင်လေးရဲ့ မင်္ဂလာဦးည စည်ခံပွဲမှာ သတို့သမီးအဆောင်ထဲကို အရက်လာပို့တာ ဘယ်သူလဲ'

'ကျုပ် မှတ်မိသလောက်ကတော့. . .'

ကျို့ကုံးချွင်နှင့် မင်းရင်ကြယ်က ပြိုင်တူမေးသည်။

'ဘယ်သူလဲဗျ'

တုံထန်းကျက. . .

'အစေခံမလေး ရှောင်ချင်းပါ၊ ခုတော့. . .'

'ခုတော့ ဘာဖြစ်သလဲ နောင်ကြီးတုံ'

'အလုပ်ထွက်သွားပါပြီ၊ သူ အလုပ်ထွက်တာလည်း အတော်ကြီး ကြာသွားပါပြီ'

'ခု ဘယ်မှာ ရှိနေသလဲ'

www.burmeseclassic.com

www.burmeseclassic.com



'အဲဒါတော့ မသိဘူး၊ ယန်ကျိုးမြို့မှာ မရှိတော့တာပဲ သိတယ်'

မင်းရင်ကြွယ်သည် မျက်မှောင်ကြုတ်ပြီး ငြိမ်သက်သွားသည်။

ကျို့ကုံးချွင်က တစ်စုံတစ်ရာ ပြောရန် ဟန်ပြင်သည်။

ထိုအချိန်မှာပင် မင်းရင်ကြွယ်က ဖြတ်ပြောလာသည်။

'အဲဒီ ရှောင်ချင်းရဲ့ ရုပ်လက္ခဏာတ ဘယ်လိုများလဲ'

'အရပ်မနိမ့်မမြင့်ပါ၊ ဝလည်းမဝဘူး၊ ပိန်လည်းမပိန်ဘူး၊ ကြည့်ပျော်ရှုပျော်ရှိပါတယ်၊ ကိုယ်လုံးကိုယ်ထည် တောင့်တင်းကျစ်လစ်ပြီး မက်မောစရာကောင်းတယ်၊ မျက်နှာသွယ်ပြီး မျက်ခုံးမွေးက ကွေးကွေးသေးသေး၊ မျက်လုံးအိမ်ကြီးပြီး အနေအထားလှတယ်၊ ညှို့ဓာတ်ပါတဲ့ မျက်လုံးမျိုးပဲ၊ ကျုပ်တို့အိမ်တော်ထဲက လူတွေဟာ သူ့ကို ကျိတ်ဝိုးပိုးနေတဲ့သူတွေချည်းပဲ'

တုံထန်းကျုသည် သူ့စကားသူ သဘောကျသွားဟန်နှင့် ဖြုံးစိစိ လုပ်နေသည်။

မင်းရင်ကြွယ်က. . .

'ထူးခြားတဲ့ အမှတ်လက္ခဏာ မရှိဘူးလား'

တုံထန်းကျုသည် တွေပြီး စဉ်းစားနေလိုက်သည်။

ထို့နောက်. . .

'ရှိတယ် ရှိတယ်၊ ပါးစပ်ထောင့်မှာ မှဲ့တစ်လုံး ရှိတယ်၊ အဝတ်ကိုလည်း အစိမ်းရောင်ကိုသာ ခြေဆုံးခေါင်းဆုံး ဝတ်လေ့ရှိတယ်၊ သူ့ဝိုက မြေဖြူရှင်ဇာတ်ထုပ်ထဲက မြွေစိမ်းမလေးလိုပဲ၊ ဒါကြောင့်မို့ မစိမ်းလေး 'ရှောင်ချင်း'လို့ ခေါ်တာ၊ ရယ်လိုက်ရင်လည်း ဝါးချိုင့်လေးတွေ ပေါ်လာတတ်တယ်'

မင်းရင်ကြွယ်၏ခေါင်းထဲတွင် အသိတစ်ခု ဝင်းခနဲ လက်သွားသည်။

မျက်လုံးအရောင်လည်း တဖျပ်ဖျပ် တောက်လာသည်။

'နေဦး နောင်ကြီးတုံ၊ မိန်လန်ကျင်းကိုကော မြင်ဖူးပါသလား'

'မြင်ဖူးပါတယ်၊ သိပ်ချောသိပ်လှတဲ့ စာပေသိုင်းသမားလေးပဲ၊ သူ ရှောင်ချင်းကို လာခေါ်တုန်းက ဝေါယာဉ်ပေါ်အထိ ကျုပ် လိုက်ပို့ဖူးတယ်၊ ကိုယ်လုံးကိုယ်ထည်က ဖြူဖြူဖွေးဖွေးနဲ့ ရေဆေးငါးလိုပဲ၊ အသားအရေနုနုနဲ့ အိအိထွေးထွေးကြီးဗျ၊ ယောက်ျားဆို ချောချောလှလှ ကြံ့ကြံ့ခိုင်ခိုင်မှ ကြိုက်မယ့်ပုံမျိုး'

ကျို့ကုံးချွင်သည် တုံထန်းကျုစကားကို နားထောင်ရင်း မျက်မှောင်ကြုတ်နေလိုက်သည်။

မင်းရင်ကြွယ်က ဖြတ်ပြောသည်။

'နေဦး၊ ထိပ်တန်းဟိုတယ်မှာလည်း မန်မန် လို့ခေါ်တဲ့ တေးသည်မလေးတစ်ယောက် ရှိခဲ့ဖူးတယ်၊ သူ့အစေခံမလေးဟာ အဲဒီရှောင်ချင်းပဲ၊ အလှချင်းလည်း တူ၊ ကိုယ်လုံးကိုယ်ပေါက်ချင်းလည်း တူတယ်'

ကျို့ကုံးချွင်က ဖြတ်ပြောလာတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



'မင်း ပြောနေတဲ့မိန်းမဟာ 'ရင်ခုန်ဖန်း'ရဲ့ မယားငယ်ကို ပြောနေတာ မဟုတ်လား'

'ဟုတ်တယ်၊ သူ့နာမည်က 'မိန်လန်ကျင်း'လို့လည်း ခေါ်တယ်'

ငြိမ်နေသော တုံထန်းကျပင် မျက်လုံးပြူးလာတော့သည်။

သူသည် အလွန်စိတ်လှုပ်ရှားသွားသည့်ဟန်နှင့် လက်ခုပ် တီးပစ်လိုက်သည်။

'ဒါကြောင့်ကိုး၊ မန်မန်ဆိုတဲ့ မိန်းကလေးကို မှတ်မိသလိုလို ရှိပါတယ်လို့ အောက်မေ့နေတာ၊ လက်စသတ်တော့ သူက မိန်လန် ကျင်းကိုး'

'မိန်လန်ကျင်းဟာ မိန်းကလေးနော်'

'ဟုတ်မယ်ထင်တာပဲ၊ ဒါပေမယ့် ယောကျ်ားဟန် ဆောင် နေရင်ကော မဖြစ်ဘူးလား'

ကျို့ကုန်းချွင် ဘာမျှ မပြောနိုင်တော့ချေ။

ကြက်ကြီး လည်လိမ်ထားသကဲ့သို့ ငိုင်ငိုင်ကြီးဖြစ်နေသည်။

မင်ရင်ကြယ်က ခေါင်းတဆတ်ဆတ်ညိတ်ပြီး ဆက်ပြော လာသည်။

'ထိပ်တန်းဟိုတယ်မှာ အဲဒီမင်္ဂလာပွဲမှာ ညှော်ခံကျွေးမွေး မှုကို တာဝန်ယူခဲ့တယ်၊ အရက်လည်း သူတို့ပဲ တာဝန်ယူတာပဲ အရက်လာပို့သူဟာ ရှောင်ချင်းဆိုတော့. . .'

မင်ရင်ကြယ်သည် စကားကို ခေတ္တဖြတ်ပြီးမှ ဆက်ပြော လာသည်။



'အင်း. . . ရှောင်ချင်းဟာ ရင်ခုန်ဖန်း မယားငယ်ရဲ့ အိမ် စေမ၊ သူက အရက်လာပို့သူ၊ နောက်တစ်ခုက ရင်ခုန်ဖန်းနဲ့ မယား ငယ်မိန်လန်ကျင်းတို့ ညတွင်းချင်း ထွက်ပြေးသွားကြတယ်၊ ဒီ အချက်ဟာ အတော်ထူးခြားတဲ့ ထူးခြားချက်ဖြစ်တယ်'

'ကဲ. . . တော်လောက်ပါပြီ မင်၊ ဒီလောက်ဆို ရှင်းသင့် သလောက် ရှင်းနေပါပြီ'

ကျို့ကုန်းချွင်က စကားကို ဖြတ်သည်။

ထို့နောက် တုံထန်းကျတို လှမ်းပြောသည်။

'သိုင်းလောကကို အကြောင်းကြားစာ ပို့ပြီးပြီလား. . . ထန်းကျ'

'ပို့ပြီးပါပြီ သခင်ကြီး'

'ကောင်းတယ်၊ နောက်သုံးရက်ဆို သတင်းအတိအကျ ရမှာပါ'

ကျို့ကုန်းချွင်သည် မင်ရင်ကြယ်ကို လှည့်ပြီး ပြောပြန် သည်။

'ဒီညတော့. . . ဒီလူတွေကို. . .'

'အရေးကြီးတာက ရင်ခုန်ဖန်းကို သိဖို့ပါ၊ ရင်ခုန်ဖန်းကို သာ ရှာတွေ့ရင် ဒီလူတွေရဲ့ ပြဿနာ ရှင်းလို့ရပါပြီ'

မင်ရင်ကြယ်က ခပ်ပိုင်ပိုင် ဖြတ်ပြောသည်။

ကျို့ နှုတ်ခမ်းမှ အပြုံးပန်း ပွင့်လာသည်။

www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးရောင်လည်း ပိုပြီး တောက်ပလာသည်။ ခေါင်းတဆတ်ဆတ်ညိတ်ပြီး . . .

'မှန်ပါတယ် မင်း၊ မှန်ပါတယ်၊ ကဲ. . . မင် အနားယူချင်ယူပါ၊ ဒီညတော့ ဟိုလူတွေ ပြန်လာမှာ မဟုတ်ပါဘူး၊ အစောင့်တွေကိုတော့ သေသေချာချာ စောင့်ကြပ်ခိုင်းထားမှာပါ'

'ကောင်းပါပြီ သတ္တမသူရဲကောင်း'

မင်ရင်ကြွယ်သည် ကျိူ့ကုန်းချွင်ကို ဂါရဝပြုပြီး နှုတ်ဆက်သည်။

ထို့နောက်ရပ်နေရာမှ ဖျတ်ခနဲ ခုန်ထွက်သွားသည်။

ကျိူ့ကုန်းချွင်က မင်ရင်ကြွယ်၏ နောက်ကျောပြင်ကို ငေးကြည့်ရင်း အဓိပ္ပာယ်ထွေပြားသော အပြုံးကို ပြုံးလိုက်သည်။

ထိုအပြုံးသည် အလွန်လေးနက်ပြီး လျှို့ဝှက်လွန်းသည့် အပြုံးပင်ဖြစ်တော့သည်။

◀◀ ▶▶



အခန်း(၂၄)

**တစ်ကွက်မှားသောကျား**

---

တစ်နေဝင် တစ်နေထွက်နှင့် သုံးရက်အတွင်းသို့ ချဉ်းနင်းဝင်ရောက်ခဲ့ပေပြီ။

နှစ်နေ့နှင့်နှစ်ည အချိန်ကာလကား ပကတိ ငြိမ်သက်ခဲ့သည်။

လုပ်ကြံသူသည် ထပ်မံရောက်ရှိလာခြင်း မရှိခဲ့ချေ။

ထိုနေ့ရက်ကာလအတွင်း မင်ရင်ကြွယ်သည် အဆောင်ခန်းထဲမှ အပြင်သို့ လုံးဝ မထွက်ခဲ့ချေ။

မိသားစုအိမ်တော်မှ သိုင်းသမားများလည်း တစ်ယောက်မှ ရောက်မလာခဲ့ချေ။

www.burmeseclassic.com

www.burmeseclassic.com



ကျို့တုန်းချင်သည် သူ၏အဆင့်မြင့်သိုင်းသမားတို့အား အကုန်လုံးလိုလို စိုက်ဂါထိုထံသို့ စေလွှတ်စောင့်ကြပ်ခိုင်းထားပြီးဖြ ထင်သည်။

အချိန်သည် တစတစ ကုန်ဆုံးလာခဲ့ရာမှ သုံးရက်တင်း တင်းပြည့်မည့် ညချမ်းအချိန်အခါသို့ ချဉ်းကပ်လာခဲ့ချေပြီ။

ကျို့မိသားစုအိမ်တော်မှ ဖန်မီးအိမ်များ၊ မီးဝိုးများသည် ထိန်ထိန်ညီးနေပေပြီ။

တောင်ကုန်းအောက်သို့ လှမ်းကြည့်လိုက်သောအခါ ရှည် လျား ကျယ်ဝန်းလှသော စွဲ့စီးဟူ ရေကန်ကြီးကို လှမ်းမြင်နေရ သည်။

ရေကန်ကြီးထဲမှ မီးရောင်တလက်လက်နှင့် လှော်ခတ်နေ သော လှေကလေးများသည် သဘာဝ၏ ပသာဒအလှများ ဖြစ်နေ သည်။

စွဲ့စီးဟူ ရေကန်ကြီးသည် တောင်ကုန်းတစ်ဘက်ရှိ တောင် ချောက်ကမ်းပါးယံ အတွင်းပိုင်းမှ တောင်ခြေအတော်ဝေးဝေးအထိ ရှည်လျားကျယ်ဝန်းသည့်ကန်ကြီးပင်။

ထိုမှ လွှန်သော် ယန်ကျိုးမြို့၏ ညအလှကို ကြည်နူးဖွယ် တွေ့နေရသည်။

ကောင်းကင်ထက်မှ လမင်းကြီး၏အလင်းရောင်သည် ...န်ကျိုးတစ်မြို့လုံးကို လွှမ်းမိုးထားသဖြင့် သာတောင့်သာယာ လင်းနေသည်။



ထို့ကြောင့် ညဥ့်သည် မှောင်မိုက်လွန်းသောညဥ့် မဟုတ် ချေ။

မင်ချင်ကြွယ်သည် အဆောင်ခန်းထဲမှနေ၍ ညဥ့်ရှုခင်း အလှကို ငေးမောကြည့်ရှုနေသည်။

အဆောင်ခန်းဝန်းကျင်ရှိ ခြံဝန်းအလှနှင့် ပန်းရနံ့များ သည် ညဥ့်အလှကို ပံ့ပိုးပြီး ရင်ကိုအေးမြစေသည်။

စွဲ့စီးဟူရေကန်နှင့် တောင်ကမ်းပါးယံကို ဖြတ်ကျော်တိုက် လာသည့်လေသည် နုံပြီးအေးနေသည်။

ရုတ်တရက် ခပ်ဝေးဝေးမှ ခြေသံကြားရသည်။

လှမ်းကြည့်လိုက်သောအခါ တုံထန်းကျ ဖြစ်ကြောင်း တွေ့ရသည်။

တုံထန်းကျသည် တစ်ခဏအတွင်း မင်ရင်ကြွယ်အနီးသို့ ရောက်လာသည်။

တုံထန်းကျသည် မင်ရင်ကြွယ်ကို တွေ့သည်နှင့် လက်အုပ် ချီပြီး ဂါရဝ ပြုလာသည်။

ထို့နောက်. . .

'သူ့ရဲကောင်းကြီးမင် ပျင်းနေပြီလား'

'အင်း. . . တစ်ယောက်တည်းဆိုတော့ ပျင်းတာပေါ့ဗျာ၊ ခင်ဗျားနဲ့ မတွေ့ရတာလဲ အတော်ကြာသွားပြီပဲ၊ နေကောင်းပါ ရဲ့နော်'

'ကောင်းပါတယ်၊ ခင်ဗျားကော ကောင်းတယ်မဟုတ်

www.burmeseclassic.com

www.burmeseclassic.com



လား'

'ကောင်းပါတယ်၊ ဒါနဲ့ ညကြီးမင်းကြီး ရောက်လာတာ ဘာကိစ္စများ ရှိနေလို့လဲ'

'သခင်ကြီးကျို့ အမိန့်ပေးလိုက်လို့ပါ၊ ဒုက္ခိယ သခင်လေး ကို တောင်ကမ်းပါးယံ ဆေးကုဆောင်က ခင်ဗျားနဲ့ကျုပ် သွားခေါ် ပေးပါတဲ့'

'ဟုတ်လား၊ ဒါအရေးကြီးတဲ့ကိစ္စပဲ၊ မြန်မြန်သွားဖို့ လိုတယ် ဒါနဲ့ သတ္တမသူ့ရဲကောင်းက အခု ဘယ်မှာလဲ'

'အိမ်တော်ဧည့်ခန်းထဲမှာ ရှိနေပါတယ်'

'ဒီလိုဆိုရင် သတ္တမ သူရဲကောင်းကို အကြာကြီး စောင့်ခိုင်း ဖို့ မသင့်ဘူး တဲ့၊ ကဲ... ကျုပ်တို့ သွားကြစို့'

ပြောပြောဆိုဆိုနှစ်ယောက်စလုံး အပြင်သို့ ထွက်လာ ခဲ့ကြသည်။

မင်းရင်ကြွယ်သည် ခပ်သုတ်သုတ်လျှောက်နေရာ တံထန်းကျကို မေးခွန်းထုတ်လာသည်။

'နောင်ကြီးရွှေရဲ့ဒဏ်ရာ ဘယ်နှယ်နေသေးလဲဗျ'

'ကောင်းသွားပါပြီ မင်း၊ သူ့ရဲကောင်းမင်း အချိန်မီ ရွှေ ကြော ပိတ်နိုင်ခဲ့လို့ဗျ၊ ခင်ဗျားကျေးဇူးကြောင့် သူ့အသက်မသေ ခဲ့တာ၊ သတ္တမသူရဲကောင်းကလည်း ဆေးကုကျွမ်းပါတယ်၊ ခု ရယ်ရယ်မောမော စားနိုင်သောက်နိုင်နေပါပြီ၊ ခင်ဗျားဆီလာ ကျေးဇူးတင်စကား ပြောမလို့ပဲဗျ၊ ဒါပေမယ့် သတ္တမသူ့ရဲကောင်း



တားမြစ်ထားသေးတယ်၊ အရေးကြီးချိန်ဖြစ်နေလို့ နောက်မှ သွား တွေ့ပါလို့ ပြောထားတယ်၊ သတ္တမသူ့ရဲကောင်းက သူ့ရဲကောင်းမင်း ကို ဇော်တော်ချီးကျူးနေတယ်'

'ဟုတ်ပါတယ်၊ ဟုတ်ပါတယ်၊ နေကောင်းခါစဆိုတော့ အနားယူနေတာပဲ ကောင်းပါတယ်'

'ဟုတ်ပါတယ်၊ သတ္တမသူ့ရဲကောင်းကလည်း သူ့ကို နောက် ထပ်နှစ်ရက်လောက်ထပ်ပြီး အနားယူခိုင်းထားတယ်'

သူတို့နှစ်ယောက်သည် စကားတပြောပြောနှင့် လျှောက် လာခဲ့ကြရာမှ အရှေ့ဘက်မြဲ့ဝင်းဆီသို့ ရောက်ရှိလာခဲ့ကြသည်။

ထိုနေရာတွင်ရှိသော အုတ်လှေကားထစ်ဝေါ်တွင်မှ လူ သုံးယောက်ကို မှတ်တပ်ရပ်လျက်တွေ့ရသည်။

ထိုသူတို့သည် သတ္တမသူ့ရဲကောင်း ကျို့ကုန်းချွင်၊ မေမုန့် ချူးနှင့် မျက်နှာအေး စွန်းပုရှောက်တို့ဖြစ်သည်။

မင်းရင်ကြွယ်တို့ လျှောက်လှမ်းလာနေကြစဉ်မှာပင် သတ္တမသူ့ရဲကောင်း ကျို့ကုန်းချွင်က မေမုန့်ချူးကို ထိုးဟိုးကလေး ပြောသည်။

သူ ဘာပြောသည်ကို မင်းရင်ကြွယ် မသိပေ။

\+ + +

မင်းရင်ကြွယ်တို့သည် မကြာခင်မှာပင် သူတို့အနား ရောက်သွားသည်။

စွန်းပုရှောက်က မင်းရင်ကြွယ်ကို လှမ်းကြည့်ပြီး ပြုံးပြ

www.burmeseclassic.com

www.burmeseclassic.com



သည်။

မင်းရင်ကြယ်က မေမုန့်ချူးကို လှမ်းကြည့်ပြီး နှုတ်ဆက်စကားပြောသည်။

'သခင်မလေး နေကောင်းပါရဲ့လားဗျာ'

'ဟုတ်ကဲ့ ကောင်းပါတယ်'

မေမုန့်ချူးက ဂါရဝပြုပြီး ဖြေသည်။

မင်းရင်ကြယ်က ကျို့ကုန်းချွင်ကို လှမ်းပြောပြန်သည်။

'သတ္တမသူရဲကောင်း၊ သခင်လေး ဝန်ရင်မော်ကို သခင်မလေးမေမုန့်ချူးပါ သွားကြိုမှာလား'

'ဟုတ်ပါတယ် မင်၊ ဘာမှ မစိုးရိမ်ပါနဲ့၊ လိုအပ်တာတွေကို ကြိုတင်ပြီး မှာကြားထားပြီးပါပြီ၊ ပြင်ဆင်သင့်တာတွေလည်း ပြင်ဆင်ထားပြီးပါပြီ'

'သတ္တမသူရဲကောင်း အမြော်အမြင်ကြီးတာကို ကျွန်ုပ်ယုံကြည်ပါတယ်၊ ဒါနဲ့ ဒီရက်အတွင်းမှာ တောင်ကမ်းပါးယံမှာ ဘယ်လို ထူးခြားချက်တွေ ရှိပါသလဲ'

'မရှိပါဘူး၊ ငြိမ်သက်နေလိုက်တာမှ မြက်တစ်ပင်တောင် မလှုပ်ပါဘူး'

ကျို့ကုန်းချွင်ကို ခေါင်းကိုခါယမ်းပြီး အေးစက်စက် ဖြေသည်။

မင်းရင်ကြယ်က ရယ်သွမ်းသွေးပြီး ထပ်ပြောသည်။

'ဒီလောက် ငြိမ်သက်နေတာဟာ ထူးဆန်းမနေဘူးလား



သတ္တမသူရဲကောင်း'

'ထူးပါတယ်၊ အခြေအနေဟာ ဒီလောက် ငြိမ်သင့်တာ မဟုတ်ပါဘူး၊ မသင်္ကာလို့ သေသေချာချာ စောင့်ကြည့်ခဲ့ပေမယ့် အခြေအနေဟာ ငြိမ်မြဲ ငြိမ်နေတာပါပဲ'

မင်းရင်ကြယ်သည် ဦးနှောက်ကို အလုပ်ပေးပြီး တုံယန်းကျူကို မေးခွန်းထုတ်ပြန်သည်။

'ဆရာကြီးတုံ၊ သမားတော်ကြီး စိုက်ဝါထို အပြင်ထွက်တာ တွေ့ပါသလား'

'နေဝင်ခါနီး အချိန်တိုင်းမှာတော့ ထွက်ထွက်လာတတ်ပါတယ်၊ တောင်ကမ်းပါးယံမှာ မတ်တပ်ရပ်ပြီး နေဝင်တာကို ငေးကြည့်နေလေ့ ရှိပါတယ်၊ မိုးချုပ်တဲ့အထိပါပဲ'

'အင်း . . . ဒီအချက်ဟာ သူ စိတ်ညစ်နေတာကို ဖော်ပြတဲ့အချက်ပဲ'

ကျို့ကုန်းချွင်က ဝင်ပြောသည်။

'သူ့ကို သွားကြည့်ရင် ပိုကောင်းလိမ့်မယ်ဗျ'

'ဒီ အကြံအကောင်းဆုံးပဲ'

မင်းရင်ကြယ်က ထောက်ခံပြီး နောက်ပြန်ဆုတ်သည်။

ထို့နောက် စုကန်းတောင်ကုန်းကို လက်ဝဲဘက်မှ ပတ်ပြီး လျှောက်လာခဲ့ကြသည်။ ကွမ်းတစ်ယာညက်ခန့် လျှောက်လာမိကြသောအခါ တောင်ခါးပန်းတွင် တည်ဆောက်ထားသော အဆောင်တစ်ခုကို မီးရောင်တလက်လက်နှင့် တွေ့ရတော့သည်။

www.burmeseclassic.com



ထိုအဆောင်အဆောက်အအုံ၏ ကိုက်တစ်ရာ ပတ်ဂန်းကျင်လောက်တွင် အကျီနက်ဝတ်ထားသူများ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေကြသည်။

စုစုပေါင်း လူနှစ်ဆယ်လောက် ရှိမည်ထင်သည်။

သူတို့သည် ကျို့ကုန်းချွင်နှင့် အပေါင်းအပါတို့ကို တွေ့သည်နှင့် ခရီးဦးကြိုဆိုပြီး နှုတ်ဆက်ဂါရဝပြုကြသည်။

ကျို့ကုန်းချွင်သည် တောင်ခါးပန်းအနီးသို့ ရောက်သည်နှင့် တုံထန်းကျကို အမိန့်ပေးတော့သည်။

'ထန်းတျ၊ သွားခေါ်ခဲ့တော့'

တုံထန်းကျသည် 'ဟုတ်ကဲ့ပါ သခင်ကြီး' ဟု ဆိုပြီး အဆောင်ခန်းအနီးသို့ တိုးကပ်သွားတော့သည်။

ထို့နောက် အဆောင်ခန်းထဲသို့ ခပ်ကျယ်ကျယ် လှမ်းအော်ပြောလိုက်သည်။

'သမားတော်ကြီး၊ သတ္တမသူရဲကောင်းနဲ့ သခင်လေးဝန်ရှင်မော်ရဲ့ဇနီး သခင်မလေးမေမုန့်ချူးတို့က သခင်လေး ဝန်ရှင်မော်ကို ခေါ်ခိုင်းလိုက်ပါပြီ၊ ကျေးဇူးပြုပြီး တံခါးဖွင့်ပေးပါ'

တုံထန်းကျ၏အသံသည် တောင်တုန်းတစ်ခုလုံး ပဲ့တင်ထပ်သွားသည်။

တောင်ခါးပန်းတစ်လျှောက်ရှိ သစ်ပင်များပေါ်မှ သစ်ရွက်ဝါကလေးများပင်လျှင် လန့်ဖျပ်ပြီး ကြွေကျလာကြသည်။

ဆေးကုဆောင်တံခါး ပွင့်မလာသေးပါ။



တုံထန်းကျသည် အဆောင်တံခါးကို စိုက်ကြည့်နေလိုက်သည်။ အတန်ကြာမှ အံကြိတ်ပြီး ကျို့ကုန်းချွင်ကို လှည့်ကြည့်သည်။ ကျို့ကုန်းချွင်က ခေါင်းညိတ်ပြလိုက်သည်။

တုံထန်းကျသည် ငွေငွေကြီး ရပ်မနေတော့ချေ။ အဆောင်တံခါးရှိရာသို့ ခုန်ပျံသွားသည်။ ထို့နောက် ပိတ်ထားသောတံခါးကို ဝုန်းခနဲ မြည်အောင် ရိုက်ဖွင့်လိုက်သည်။

အဆောင်ထဲတွင် မီးအိမ်တစ်လုံး မီးထွန်းထားလျက် တွေ့ရသည်။

မီးရောင်အောက်တွင် စားပွဲတစ်လုံး၊ ကုလားထိုင်နှစ်လုံး၊ ဆေးလက်ဖက်ရည်အိုးနှင့် စားသောက်ဖွယ်ရာများ တွေ့ရသည်။

စိုက်ဝါထိုနှင့် သခင်လေးဝန်ရှင်မော်ကိုကား လုံးလုံးမတွေ့ရချေ။ အခြေအနေကို အကဲခတ်လိုက်သည်။

အဆောင်အနောက်ဘက်နံရံသည် အပေါက်ကြီး ဖြစ်နေသည်။ အပေါက်သည် ခါးလောက်မြင့်သည့်နေရာတွင် ဖြစ်ပေါ်နေခြင်းဖြစ်သည်။

လှေတစ်စင်းသည် ရပ်ထားခြင်း မဟုတ်ဘဲ လှော်ခတ်သွားနေလျက်ရှိသည်။

တုံထန်းကျသည် မျက်စိပျက် မျက်နှာပျက် ဖြစ်လာတော့သည်။

ဝစ်စုံတစ်ရာ အမိန့်တောင်းခံရန် နောက်သို့ လှည့်ကြည့်လိုက်စဉ်မှာပင် မင်ရှင်ကြယ်၊ ကျို့တုန်းချွင်၊ မေမုန့်ချူးနှင့် စွန်းပု

www.burmeseclassic.com



ရှောက်တို့က ဝုန်းခနဲ ခုန်ဝင်လာတော့သည်။

တုံထန်းကျသည် အဆောင်နံရံမှ အပေါက်ကြီးကို ငေး ကြည့်ရင်း အသားတဆတ်ဆတ် တုန်တော့သည်။

သူသည် ကျို့ကုန်းချွင်ကို ထစ်စုံတစ်ရာ မပြောကြားဝံ့ တော့ချေ။

မေမုန့်ချူးသည် မျက်ရည်များ ဝဲကျလာတော့သည်။

ထို့နောက် ငိုသံပါကြီးနှင့် ကျို့ကုန်းချွင်ကို လှမ်းပြောသည်။

'အစ်. . . အစ်ကိုကြီး. . . သူ. . . သူ. . . မရှိတော့ဘူး'

ကျို့ကုန်းချွင်သည် လက်သီးကို ကျစ်ကျစ်ဆုပ်ပြီး အံကို တင်းတင်းကြိတ်ပစ်လိုက်သည်။

'ကျုပ် စထင်မှတ်ကဲ့နေရာက ထွက်သွားခဲ့တာကိုး'

ကျို့ကုန်းချွင်၏အသံသည် မချိသံပါသောအသံပင်။

ထို့နောက် ကျောက်ပြားတစ်ချပ်ကို လက်ညှိုးထိုးပြသည်။ ထံစ်စုံတစ်ရာချိတ်ဆွဲခဲ့သောကြောင့် ပွန်းပဲ့နေဟန်ရှိသည်။ ကုတ်ရာ မါ တွေ့ရသဖြင့် သံချိတ် ချိတ်ရာဖြစ်ကြောင်း သဘောပေါက် လာသည်။

ဤနေရာအောက်တည့်တည့်သည် စိုစီးဟူ ရေကန်ကြီး၏ ကန်စပ်ဖြစ်နေသည်။

မင်ရှင်ကြယ်သည် အခြေအနေကို တွက်ချက်ပြီး ဖြစ်နေ သဖြင့် သူ့အမြင်ကို ပြောလာသည်။

'အဲဒီနေရာဟာ သံချိတ်ကြီး ချိတ်ထားတဲ့နေရာပဲ၊ စိုက်ဝါ



ထိုဟာ သံချိတ်ကြီးကို အဲဒီမှာချိတ်ပြီး အောက်ကို တွယ်ဆင်း သွားတာပဲ၊ အောက်ကျမှ သံချိတ်ကြီးကို ဆောင့်ဆွဲပြီး ပြန်ယူ သွားတာ သေချာတယ်၊ ဒီလူ ညနေတိုင်း အပြင်ဘက်ထွက်ပြီး နေဝင်ချိန် နေလုံးကြီးကို ကြည့်နေခဲ့တယ်ဆိုတာဟာ တကယ်တော့ နေလုံးကြီးကို ကြည့်တာ မဟုတ်ဘူး၊ သူ့ကို လာခေါ်မယ့်လှေကို မျှော်နေတာပဲဖြစ်မယ်၊ သူကြည့်ခဲ့တာဟာ နေမဟုတ်ဘူး၊ လှေ. . . လှေ. . .'

'ဟုတ်တယ်၊ မင်ရှင်ကြယ် ပြောတဲ့အတိုင်း ဖြစ်သွားခဲ့တာ ပဲ၊ ဟော. . . ထန်းကျ၊ ဒီနေ့ညနေကကော စိုက်ဝါထို အပြင်ထွက် သေးသလား၊ ခါတိုင်းလို ငေးကြည့်နေသေးသလား'

ကျို့ကုန်းချွင်က လှမ်းမေးသည်။

'ဟုတ်ကဲ့ပါ သခင်ကြီး၊ ဟိုလူ. . . အပြင် ထွက်ခဲ့ပါတယ်၊ နေလုံးကြီး မေးတင်နေတဲ့ အချိန်မှာပါပဲ'

'ကဲ. . . အချိန်မရှိဘူး၊ အဖော်ခေါ်ပြီး နောက်ယောင်ခံ လိုက်သွားပါ၊ ကျုပ်လဲ လိုက်လာခဲ့မယ်၊ သူတို့ကို တွေ့ရင် ဗိုင်းပတ်ပြီး စောင့်ကြပ်နေ၊ ကျုပ်ရောက်မှ ကြည့်ရှင်းမယ်။ ကဲ. . . သွား၊ မြန်မြန်သွား မျက်ခြည်မပြတ်စေနဲ့'

ကျို့ကုန်းချွင်သည် ပြောရင်းပြောရင်း ဒေါသသံပါလာ သည်။

မျက်လုံးအစုံသည် မီးရောင်လိုဝင်းဝင်း တောက်လာ သည်။

www.burmeseclassic.com

www.burmeseclassic.com



တံထန်းကျကႉ . . .

'အမိန့်အတိုင်းပါ သခင်ကြီး'ဟု ပြောပြီး ပြေးထွက်သွားသည်။ သူ လက်ဝှေ့ယမ်းပြလိုက်စဉ်မှာပင် သိုင်းသမားနှစ်ဆယ်ကျော်က သူ့နောက်သို့ ပြေးလိုက်သွားသည်။

သူတို့သည် စူကန်းတောင်ကုန်း အောက်ဘက်သို့ အားသွန်ပြေးကြသည်။

မကြာခင်မှာပင် သူတို့အားလုံး ပျောက်ကွယ်သွားကြတော့သည်။

◀◀ ▶▶



# အခန်း (၂၅)

## ပျောက်ဆုံးသွားသော သူရဲကောင်း

သတ္တမသူရဲကောင်း ကျို့တုံးချွင်သည် မေမုန့်ချူးကို ကြည့်ပြီး ရင်နှင့်သံနှင့်ပြောသည်။

'ဝမ်းနည်းပါတယ် ညီမလေး၊ ခုလိုဖြစ်ရတာ ငါရဲ့ ပေါ့ဆမှုပဲ၊ စေ့စပ်သေချာသလိုနဲ့ မစေ့စပ် မသေချာခဲ့တာပဲ၊ ငါကတိပေးပါတယ်၊ ညီလေး ဝန်ရင်မော် ပြန်မလာဘဲ ငါ့မျက်နှာကို မပြတော့ပါဘူး'

မေမုန့်ချူးသည် ကျို့ကုန်းချွင်ကို ငေးကြည့်ရင်း ငြိမ်နေသည်။

စင်စစ် သူမသည် သာမန်အမျိုးသမီးများလို မဟုတ်ချေ။

www.burmeseclassic.com

www.burmeseclassic.com



ကြေကွဲစွာခံစားနေရသော်လည်း မည်သို့မျှ မခံစားရဟန်နှင့် တည်ငြိမ်နေသည်။

'သိပ်လည်းစိတ်မကောင်း ဖြစ်မနေပါနဲ့ အစ်ကိုကြီးရယ်၊ အစ်ကိုကြီးမှာ အပြစ်မရှိပါဘူး၊ အစ်ကိုကြီးနဲ့ သူဟာ ညီရင်းအစ်ကိုလို ချစ်ခင်သူတွေမှန်း ညီမ သိပါတယ်၊ ဘာပဲဖြစ်ဖြစ် အချိန်တိုတိုနဲ့ ပြန်ခေါ်လာနိုင်ပါစေလို့ပဲ ဆုတောင်းလိုက်ပါရစေ. . .'

ကျို့ကုံးချွင်သည် မျက်စိပျက် မျက်နှာပျက်နှင့် အားတင်းပြောလာသည်။

'ကဲ. . . အပိုတွေပြောနေဖို့ အချိန်မရှိဘူး၊ ညီမလေး အိမ်တော်ကိုပြန်'

မေမုန့်ချူးက စိတ်ကူးတစ်မျိုး ပေါက်လာသဖြင့် သူ့ဝါးလိုက်ရန် တောင်းဆိုနေပြန်သည်။

ကျို့ကုံးချွင်သည် မည်သို့ ဆုံးဖြတ်ရမည်ကို မသိတော့ဘဲ ချီတုံချတုံဖြစ်နေသည်။ အတန်ကြာမှ. . .

'ဒီမှာပဲ အေးအေးဆေးဆေး နေခဲ့ပါ ညီမရယ်၊ တို့တဘယ်အချိန် ပြန်ရောက်မယ်၊ ဘာတွေ ကြုံတွေ့ဦးမယ်ဆိုတာ ကြိုတင်ပြောနိုင်တဲ့ အခြေအနေ မဟုတ်ဘူး၊ အန္တရာယ်များလှပါတယ် ညီမရယ်၊ နောက်တစ်ချက် အိမ်တော်ကို ဒီအတိုင်း ပစ်သွားလို့လဲ ဖြစ်တာမဟုတ်ဘူး၊ အိမ်တော်စောင့်တွေ ရှိဦးမှ ဖြစ်မှာ'

မေမုန့်ချူးသည် ခေတ္တတွေဝေသွားသည်။ အတန်ကြာမှ ခေါင်းညိတ်ပြီး ပြောသည်။

'အစ်ကိုကြီး ဆန္ဒအတိုင်း ညီမ နေခဲ့ပါတော့မယ်၊ အစ်ကိုကြီးတို့အားလုံး သတိကြီးကြီးထားပြီး သွားကြပါ'

'အေး. . . အေး. . . ညီမလဲ သတိထားပြီး နေပါ၊ စွန်းပုရှောက်နဲ့ ရွှေချန်ရိုးကို ညီမနဲ့ အတူထားခဲ့မယ်၊ ဟုတ်လား'

'ညီမတစ်ယောက်တည်း နေရဲပါတယ် အစ်ကိုကြီး၊ ညီမအတွက် အစောင့်အရှောက် မလိုပါဘူး၊ အစ်ကိုကြီးတို့အလုပ်တွေမှာ အင်အားလျော့လို့ မဖြစ်ပါဘူး၊ သူတို့ပါ ခေါ်သွားပါ'

မေမုန့်ချူးက စွန်းပုရှောက်ကို မေးငေါ့ပြသည်။

မင်ရင်ကြွယ်သည် မည်သို့မျှ ဝင်မပြော။ မေမုန့်ချူးကိုသာ ငေးကြည့်နေသည်။ ကျို့ကုန်းချွင်သည် မေမုန့်ချူးဆန္ဒကို မငြင်းပယ်လိုတော့သဖြင့် ခေါင်းညိတ်လိုက်တော့သည်။

'ကောင်းပြီ ညီမလေး၊ ညီမလေး ဆန္ဒအတိုင်းဖြစ်စေရမယ်၊ ညီမအိမ်တော်မှာ ရှိနေတုန်း အစစ သတိထားပါ၊ သတိလက်လွတ် မဖြစ်ပါစေနဲ့၊ ကဲ. . . တို့သွားမယ်'

ကျို့ကုံးချွင်၊ မင်ရင်ကြွယ်နှင့် စွန်းပုရှောက်တို့ ခရီးထွက်ရန် ပြင်ကြသည်။ ထိုအချိန်မှာပင် ငယ်သားတစ်ယောက် မောကြီးပန်းကြီးနှင့် ရောက်လာသည်။

ကျို့ကုံးချွင်တို့သည် လှမ်းလတ်စ ခြေလှမ်းကို တုံ့ခနဲ ရပ်လိုက်သည်။

'သခင်ကြီး အိမ်တော်ထိန်းကြီး တုံထန်းကျက သတင်းပေး



www.burmeseclassic.com

www.burmeseclassic.com



ပို့လိုက်ပါတယ်၊ သူတို့တွေ စိုးစီးဟူ ကန်ဘောင်ဘေးမှာ ရန်သူနှစ်ယောက်နဲ့ ဆုံတွေ့ခဲ့ကြပါတယ်၊ အဲဒီနောက် တစ်ဆက်တည်းမှာ ရင်ခုန်မန်းနဲ့ သိုင်းသမားနှစ်ယောက်ကို ထပ်ပြီး တွေ့ခဲ့ရပါတယ်၊ မော့လိန်ကွမ်းဂိတ်တံခါး အနီးမှာပါ၊ ပြင်းပြင်းထန်ထန် တိုက်ပွဲဖြစ်နေကြပါတယ်'

မင်ရင်ကြွယ်သည် ထိတ်ခနဲ ဖြစ်ပြီး မျက်မှောင်ကြုတ်နေလိုက်တော့သည်။

ကျို့ကုန်းချွင်လည်း မျက်စိပျက်မျက်နှာပျက် ဖြစ်နေလေပြီ။ ထို့နောက် ဒေါသကြီးစွာ၊ ခံပြင်းစွာနှင့် ဖနောင့်ဆောင့်ပစ်လိုက်မိသည်။ ခြေဖဝါးအောက်မှ ကျောက်ခဲကလေးများပင် လွင့်စဉ် ကြေမွသွားကြသည်။

'ဒုက္ခဖြစ်ကုန်ပြီ ထင်ပါရဲ့၊ ဘယ်လိုလုပ်ကြမလဲ သူရဲကောင်းမင်'

ကျို့ကုန်းချွင်သည် မတည်ငြိမ်တော့။ တာ်ဂအတွင်း စိတ်မငြိမ်ဖြစ်သွားသည်။

'အရေးကြီးတာက ခေါင်းအေးအေးထားဖို့ပဲ သတ္တမသူရဲ...င်း၊ သခင်လေးဝန်ရင်မော်ကို ကယ်နိုင်ဖို့သာ အဓိကအကျဆုံး၊ အရေးကြီးဆုံးပါ'

'ဟုတ်ပါတယ်၊ ဟုတ်ပါတယ်'

ကျို့ကုံးချွင်သည် လှုပ်ရှားနေသောစိတ်ကို ပြန်ထိန်းလိုက်ပြီး သတင်းပို့သူ ဝယ်သားကို လှည့်ကြည့်လိုက်သည်။



'ကဲ... ခင်ဗျားပဲ မေမုန့်ချူးကို စောင့်ရှောက်ပြီး အိမ်တော် အရောက်ပို့ပေးပါ၊ ခင်ဗျားလည်း အိမ်တော်မှာပဲ စောင့်နေခဲ့တော့'

ကျို့ကုံးချွင်သည် ဝယ်သားကို အမိန့်ပေးပြီးသည်နှင့် မင်ရင်ကြွယ်ကို လှည့်ပြောသည်။

'ကဲ... ကျုပ်တို့ သွားကြမယ်'

စကားဆုံးသည်နှင့် ကျို့ကုံးချွင်၊ စွန်းပုရှောက်နှင့် မင်ရင်ကြွယ်တို့ သုံးယောက်စလုံး စုကန်းတောင်တုန်းပေါ်မှ တရကြမ်း ပြေးဆင်းခဲ့ကြတော့သည်။

သူတို့သည် ကိုယ်ဖော့ပညာကောင်းသူများဖြစ်၍ မကြာမီမှာပင် တောင်ကုန်းအောက်သို့ ရောက်ရှိလာခဲ့ကြသည်။

ထိုမှတစ်ဖန် စိုးစီးဟူရေတန်ရှိရာသို့ အားသွန်ပြေးခဲ့ကြပြန်သည်။

ဂျတ်တရက် မမျှော်လင့်သောအဖြစ်သည် တစ်မုဟုတ်ချင်း ဖြစ်ပေါ်လာခဲ့ပြန်သည်။ ကောင်းကင်ပြင်သည် နီရဲပြီး လင်းထိန်နေလေပြီ။

ကျို့တုန်းချွင်ကော မင်ရင်ကြွယ်ပါ အံ့အားသင့်ပြီး တုန်လှုပ်သွားကြတော့သည်။

တောင်ကုန်းပေါ်မှ ကျို့မိသားစုအိမ်တော်ကြီးသည် မီးဟုန်းဟုန်း တောက်လောင်နေပြီတကား။

သုံးယောက်သားသည် မတိုင်ပင်ရပါပဲ မီးဟုန်းဟုန်း

www.burmeseclassic.com



တောက်နေသော တောင်ကုန်းထက်သို့ တရကြမ်း ပြေးတက်ခဲ့ကြ ရတော့သည်။

မကြာမီမှာပင် မီးဟုန်းဟုန်းတောက်နေသော နေရာ အနီးသို့ ရောက်ရှိခဲ့ကြသည်။ စိတ်လှုပ်ရှားလွန်းနေသော ကျို့ကုန်းချင်သည် မီးလောင်ပြင်ထဲသို့ တိုးဝင်ရန် လှုပ်ရှားလိုက်သည်။

သို့သော် မင်ရင်ကြွယ်က အချိန်မီ ဖမ်းဆွဲထားလိုက် နိုင်သည်။

'မင် ကျုပ်ကို လွှတ်ပါ၊ ဟိုမှာ ညီမလေး မေမုန့်ချူး ညီမလေး မေမုန့်ချူး ဒုက္ခရောက်နေပြီ'

မီးတောက်မီးလျှံများသည် အဟုန်ပြင်းစွာ တောက် လောင်နေဆဲပင်။

မီးပွင့်မီးပွားများသည် တဖွားဖွား ကျနေပြီး၊ တဖျစ်ဖျစ် တဖျောက်ဖျောက် မြည်နေသည်။

မင်ရင်ကြွယ်သည် မီးလောင်တိုက်ကို ငေးနေရင်း ကြေကွဲ ဝမ်းနည်းနေတော့သည်။ သို့သော် ကြေကွဲမှုကို အားအဖြစ် ပြန်ပြောင်းပစ်နေသည်။ လှုပ်ရှားနေသောစိတ်သည် တစ်မုဟုတ် ချင်း တည်ငြိမ်လာသသည်။

ကျို့ကုန်းချင်ကား အတင်းရုန်းကန်ခြင်း မပြုဘဲ ကြေကွဲ သံကြီးနှင့် အော်ဟစ်နေတော့သည်။

'မေမုန့်ချူး၊ ချန်ရိုး. . . ချန်ရိုး. . . ရှေချန်ရိုး. . .'

အသံသည် မိုးမြေ သိမ့်သိမ့်တုန်မတတ် ဖြစ်သည်



ညသည် ကြေကွဲဖွယ်ကောင်းသော၊ တုန်လှုပ်ဖွယ်ကောင်းသော အမှတ်လာညတည်း။

ကျို့ကုန်းချင်သည် အားကုန်အင်ကုန် အော်ဟစ်နေသဖြင့် ပါးစပ်ထဲမှ သွေးများပင် အန်ထွက်လာတော့သည်။

မင်ရင်ကြွယ်က ဖျောင်းဖျသည်။

'သတ္တသူရဲကောင်းစိတ်ငြိမ်ငြိမ်ထားပါ၊ စိတ်ငြိမ်ငြိမ်ထား ပါ၊ ကျုပ်တို့အလှည့်ရှိပါသေးတယ်'

ထိုစဉ် 'ရှီး' ဟူသော အသံမြည်ထွက်သွားသည်။ ကျို့ ကုန်းချင်၏ အကျီလက်အိုးစသည် မင်ရင်ကြွယ်လက်ထဲ၌ ကျန်ရစ် ခဲ့သည်။

ကျို့ကုန်းချင်သည် စွန်းပုရှောက်ကို ဆွဲခေါ်ပြီး တောင် ကုန်းအောက်သို့ ပြေးဆင်းသွားပြန်လေပြီ။

မင်ရင်ကြွယ် မတားသာတော့ပါ။ အလျှံငြီးငြီး တောက် လောင်နေသော မီးတောက်မီးလျှံများကိုသာ ငူငူကြီး ငေးကြည့် နေမိတော့သည်။

---

မီးတောက်မီးလျှံများ ငြိမ်းသေသွားလေပြီ။

မကြာသေးခင်ကဝင် ခန့်ညားထည်ဝါနေခဲ့သော ကျို့ မိသားစုအိမ်တော်ကြီးသည် ထိုးထိုးထောင်ထောင် တိုင်ငုတ်များနှင့် ပြာပုံအတိဖြစ်သွားခဲ့ပေပြီ။

မင်ရင်ကြွယ်သည် အပြောင်းအလဲ မြန်လှသော အခြေ

www.burmeseclassic.com

www.burmeseclassic.com



အနေကို ဝမ်းနည်းနေမိပြန်သည်။

ထို့နောက် မီးလောင်ပြင် ပြာပုံထဲ တိုးဝင်ပြီး တစ်စုံတစ်ရာ ရှာဖွေနေမိသည်။

အလောင်း လေးလောင်း။ ရှုရက်စရာ မရှိသော အလောင်းလေးလောင်း။ ကြေကွဲဆို့နင့်ဖွယ် မြင်ကွင်းသာတည်း။

အလောင်းတစ်လောင်း၏ ခေါင်းနားတွင် ကျောက်ဆံထိုး တစ်ခု ရှိနေသည်။

သခင်မလေး မေမုန့်ချူ၏ အလောင်းပင်။ ထို့နောက် ရွှေချန်ရိုး၏အလောင်း။ သတင်းပို့သူ အကျိနက်၏အလောင်း။ အဆောက်အဆုံ၏ အတွင်းပိုင်း တစ်နေရာတွင် တစ်လောင်း။ ထိုအလောင်းကိုကား မည်သူမည်ဝါမှန်းမသိပေ။

မင်ရင်ကြယ်သည် အလောင်းကောင်များကို စစ်ဆေး ကြည့်နေရင်း ဆို့နင့်ကြေကွဲလာသည်။

သူ၏ကြေကွဲမှုသည် ကျိုကုန်းချွင်၏ ကြေကွဲမှုထက် ပိုမိုနက်ရှိုင်းနေသည်။

ပါးစက်ကလည်း ဘာရယ်မသိနိုင်သော စကားလုံးများကို တတွတ်တွတ် ရေရွတ်နေသေးသည်။

ထို့နောက် မီးလောင်ပြင်ကို ကျောခိုင်းပြီး တောင်ကုန်း အောက်သို့ ပြေးဆင်းခဲ့တော့သည်။

တောင်ခြေရောက်သောအခါ အားအင်များ ကုန်ခန်း သွားသကဲ့သို့ ခံစားနေရပြန်သည်။



သို့နှင့် တစ်လှမ်းချင်း လျှောက်နေခဲ့ပြန်သည်။

သူ၏ကြေကွဲထိခိုက်မှုသည် ကျိုးကုန်းချွင်ထက်ပင် သာ လွန်နေချေပြီ။

ရုတ်တရက် ရင်ခုန်ဖန်းနှင့် အပေါင်းပါနှစ်ယောက်ကို အသက်ကင်းမဲ့စွာ တွေ့ရပြန်သည်။

မင်ရင်ကြယ် ဝမ်းမနည်းပေ။

သို့သော် ဝန်ရင်မော်ကို လုပ်ကြံမှု သဲလွန်စများအတွက် အရေးကြီးတစ်ချက် ပျောက်ဆုံးသွားပြန်လေပြီ။

မည်သို့ ဆက်လုပ်ရလေမည်နည်း။

မင်ရင်ကြယ်သည် အလောင်းကောင်များကို ရှောင်ရှားပြီး ရှေ့ကိုလျှောက်လာခဲ့မိသည်။

ယခုခဏ၌ ဝန်ရင်မော်ကို ကယ်ဘင်နိုင်ရန် ကိစ္စသည် အရေးကြီးဆုံးကိစ္စ ဖြစ်နေလေပြီ။

ဘယ်သို့သွား၍ ဘယ်သူ့ကို ရှာရလေမည်နည်း။

အမှောင်သည် သိပ်သည်းသည်ထက် သိပ်သည်းလာပြီ တည်း။

ယန်ကျိုးမြို့တွင်းရှိ ထိပ်တန်းဟိုတယ်ကြီးသည် အမှောင် ထုအောက်၌ တိတ်ဆိတ်ငြိမ်သက်နေသည်။

အဖြင်မီးများ ငြိမ်းသတ်ထားသဖြင့် ဆိုင်ပိတ်ပြီဖြစ် ကြောင်း သိသာနေသည်။

www.burmeseclassic.com



ညဉ့်ခန်းဆောင်တွင်းမှ မီးရောင်များကား လင်းနေဆဲရှိသည်။

ထိုအချိန်တွင် ပွင့်နေသောတံခါးမှ လူတစ်ယောက်ဝင်ရောက်လာသည်။

အင်္ကျီဖြူဝတ်ထားသော စာဖပသိုင်းသမား တစ်ယောက်ပင်။

ထိုလူ့ အမူအရာသည် အေးစက်စက်နိုင်ပြီး မျက်နှာသည် ထူးထူးခြားခြား တင်းမာခက်ထန်နေသည်။

တံမြက်စည်းလှဲနေကြသော အလုပ်သမားများသည် ဝင်လာသောလူကြောင့် အံ့အားသင့်သွားကြသည်။ ထိုအချိန်မှာဝင်ဝင်လာသူက လှမ်းပြောသည်။

'ခင်ဗျားတို့ရဲ့ ငွေကိုင်ကြီး ကျင်း နဲ့တွေ့ချင်လို့ပါ'

ကြားရသော စကားကြောင့် အလုပ်သမားများ ထိတ်လန့်သွားကြသည်။

တံမြက်စည်း လှဲနေသည့်အလုပ်ကိုပင် ရပ်ပစ်လိုက်ကြပြီး သူ့ကို ဝိုင်းကြည့်ကြသည်။

သူတို့ထဲမှတစ်ယောက်သည် ရှေ့သို့ တိုးလာပြီး. . .

'ဩော်. . . လက်စသတ်တော့ ခင်ဗျားကိုး၊ တစ်ခေါက်ထပ်လာသေးသကိုး'

ဆိုင်အလုပ်သမားက မှတ်မိဟန်နှင့် ပြောသည်။ မမှတ်မိစရာအကြောင်းလည်း မရှိ။



ထိုလူသည် အရင်က လာဖူးသည့် မင်ရှင်ကြယ် ဖြစ်နေသောကြောင့်တည်း။

မင်ရှင်ကြယ်က အေးစက်စက် ဖြေသည်။

'ဟုတ်ပါတယ် ကျုပ်ပါပဲ'

'ခဏထိုင်စောင့်ပါ၊ ကျုပ် သွားခေါ်ပေးပါ့မယ်'

ဆိုင်အလုပ်သမားသည် လက်ထဲမှ တံမြက်စည်းကို ပစ်ချခဲ့ပြီး အတွင်းဘက်သို့ ပြေးဝင်သွားသည်။

မကြာမီမှာပင် ထိုအလုပ်သမားနှင့် ငွေကိုင်ကြီး ထွက်လာသည်။

ငွေကိုင်ကြီးသည် ထူးထူးခြားခြား ပြုံးရွှင်နေသည်။

မင်ရှင်ကြယ်ကို တွေ့သည်နှင့် ဝါရဝပြုပြီး နှုတ်ဆက်သည်။

'ဆရာလေးပါလား၊ မတွေ့တာကြာပြီနော်၊ ခုဘာကိစ္စများရှိလို့ပါလဲ'

'ကိစ္စမရှိဘဲ မလာပါဘူးမိတ်ဆွေ၊ ကျုပ်မေးတာကိုသာမှန်မှန်ဖြေပါ'

မင်ရှင်ကြယ် မာထန်ထန် ခပ်ဆတ်ဆတ်ပြောသည်။

ငွေကိုင်ကြီး မျက်နှာပိုးသတ်သွားသည်။

'ရင်ခုန်ဖန်းနဲ့ သူ့ဆရာ သူဌေး ဖဲရှုံးတယ်ဆိုတာ တကယ်လား'

'တကယ်ပါဗျာ ကျုပ်ညာမပြောဝံ့ပါဘူး၊ မယုံရင်မေး

www.burmeseclassic.com

www.burmeseclassic.com



ကြည့်ပါ'

'ကျုပ်က ဘယ်သူ့ကို မေးကြည့်ရမှာလဲ'

'ဟို. . . ဟို. . . မူလပထမတန်းက ဒီဟိုတယ်ပိုင်ရှင်ကြီးကို ပြောတာပါ'

'ဘာပြောတယ်၊ သူက ရင်ခုန်ဖန်းနဲ့ အတူတူ ပျောက်သွားခဲ့ပြီ မဟုတ်လား'

'ဟုတ်. . . ဟုတ်ကဲ့ပါ၊ သည်းခံပါဆရာလေး၊ ကျုပ်ရဲ့ယခုလက်ရှိ သူဌေးကိုပဲ မေးကြည့်ပါ'

'ကျုပ်အဝေးကြီးကို လိုက်ရှာ မနေနိုင်ဘူး၊ အနားမှာရှိနေတဲ့ ခင်ဗျားကိုပဲ မေးမယ်၊ မှန်မှန်သာ ဖြေ'

'ကျုပ်က စေတနာနဲ့ လမ်းညွှန်တာပါ'

'ကျုပ် ခင်ဗျား စေတနာကို မယုံဘူး၊ ဖဲ့ရှုံး တယ်ဆိုတာကိုလဲ မယုံဘူး'

'ဒါတော့ ကျုပ် ဘယ်တတ်နိုင်မလဲ၊ ကျုပ်က ကျုပ် သိတာကို ပြောတာပါ၊ အကောင်းဆုံးကတော့ သူဌေးနဲ့ သွားတွေ့တာ အကောင်းဆုံးပါ'

'ခင်ဗျား သူဌေးက ဘယ်မှာ နေလို့လဲ'

'အရှေ့လမ်းမကြီးအတိုင်း အရှေ့ဘက်ကိုသွားပါ၊ ကွေ့ချိုးတစ်ခုကို တွေ့လိမ့်မယ်၊ ဆက်သွားပါ၊ ဒုတိယကွေ့ချိုးကို တွေ့ရလိမ့်မယ်၊ အဲဒီ ဒုတိယ ကွေ့ချိုးထဲဝင်သွားပါ၊ သူဌေးကြီးဂေဟာဘယ်မှာလဲလို့ ဘယ်သူ့ကိုမေးမေး ဖြေကြပါလိမ့်မယ်၊ မသိသူ



မရှိပါဘူး'

'ကောင်းပြီ၊ ကျုပ် ခုချက်ချင်း သွားမေးမယ်၊ မဟုတ်ရင်တော့. . .'

မင်းရင်ကြွယ်သည် စကားကို ဆုံးအောင်မပြောဘဲ ရပ်ထားလိုက်သည်။

ထို့နောက် ငွေတိုင်ကြီးကို စူးစူးရဲရဲကြည့်လိုက်ပြီး ဟိုတယ်ထဲမှ ထွက်သွားသည်။

\+ + +

မင်းရင်ကြွယ်ထွက်ခွာသွားပြီးနောက် လူတစ်ယောက်သည် ထိပ်တန်းဟိုတယ်နောက်ဖေးပေါက်မှနေ၍ အနောက်စူးစူးသို့ ပြေးထွက်သွားသည်။

ကိုက်တစ်ရာခန့် ပြေးမိသောအခါ အိမ်ကြီးတစ်အိမ်၏ ခေါင်မိုးပေါ်သို့ ခုန်တက်သွားသည်။ ထိုလူသည် အခြားသူ မဟုတ်၊ ထိပ်တန်းဟိုတယ်မှ ငွေတိုင်ကြီး ကျင်း ပင်ဖြစ်သည်။

ငွေကိုင်ကြီးသည် ပက်ဝန်းကျင်ကို အကဲခတ်လိုက်ပြီး အိမ်ခေါင်မိုးဘေးမှ ခြံဝန်းထဲသို့ ခုန်ဆင်းရန် ဟန်ပြင်လိုက်သည်။

သို့သော် သူ ခုန်မဆင်းနိုင်ခဲ့ချေ၊ တစ်စုံတစ်ယောက်သည် သူ၏နောက်ကျောမှနေ၍ ပခုံးကို ချုပ်ကိုင်ထားလေပြီ။ ငွေတိုင်ကြီး၏နှုတ်မှ 'အင့်' ဟူသော အသံပင် ထွက်သွားသည်။

'ဘယ်ကို ပြေးချင်သေးလို့လဲ ငွေကိုင်ကြီး'

ချုပ်ကိုင်ထားသူက ငွေကိုင်ကြီးကို သူ့ဘက်လှည့်လှည့်

www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။

'ဟင်. . .'

'ဟဲ. . . ဟဲ. . . ခင်ဗျား အံ့သြသွားသလား၊ ကျုပ်ပါဗျာ ခင်ဗျား လူမမှားပါဘူး'

ငွေကိုင်ကြီး တုန်လှုပ်သွားတော့သည်။ ထိုလူသည် မင်းရင်ကြယ်ပင်ဖြစ်သည်။

မင်းရင်ကြယ်က အေးစက်စက် ပြောလာသည်။

'ခင်ဗျားတော်တော် လုလည်ကျတာကိုး၊ ဒါပေမယ့် ကျုပ်က ခင်ဗျားထက် လည်တယ် ဟဲ. . . ဟဲ၊ စောစောကတော့ ဟိုတယ်သူဌေးကြီးဟာ အရှေ့ဘက်မှာ ရှိတယ်၊ ခုတော့ ခင်ဗျားက ဘာပြုလို့ အနောက်စူးစူးကို ပြေးရတာလဲ ဟဲ. . . ဟဲ. . . တစ်ခြားလူသာ လိမ့်လို့ရချင်ရမယ်၊ ကျုပ်ကိုတော့ ဘယ်တော့မှ လိမ့်မရဘူး မိတ်ဆွေ၊ ကဲ. . . ဒီဘက်က လူနည်းနည်း ရှုပ်တယ် ဟိုဘက်ကို လိုက်ခဲ့ပါဦး'

မင်းရင်ကြယ်က ငွေကိုင်ကြီးကို ချုပ်ကိုင်ပြီး ခေါင်းမိုးပေါ်မှ ခုန်ဆင်းလိုက်သည်။ ထို့နောက် တစ်နေရာသို့ ဆွဲခေါ်သွားသည်။

ငွေကိုင်ကြီးသည် တုန်တုန်ယင်ယင်နှင့် အရုပ်တစ်ရုပ်လို ပါလာခဲ့သည်။ သူ့မျက်နှာသည် သွေးဆုတ်သူကဲ့သို့ ဖြူဖပ်ဖြူ ရော်ဖြစ်နေလေပြီ။

လူသူကင်းရှင်းသည့်နေရာတစ်နေရာသို့ရောက်သောအခါ မင်းရင်ကြယ်က မေးတော့သည်။



'ကဲ. . . မသေချင်ရင် ကျုပ်မေးတာကို မှန်မှန်ဖြေ၊ ဟိုတယ်သူဌေးဟာ မူလ ပထမ သူဌေးဆီက ဖဲ တကယ်နိုင်သလား'

ငွေကိုင်ကြီး ဘာမျှ မဖြေ။ နှုတ်ပိတ်ပြီး ငြိမ်နေသည်။ မင်းရင်ကြယ်က ချုပ်ကိုင်ထားသောလက်ကို ဖိပြီးညှစ်ပစ်လိုက်သည်။

'အိုး. . . အိုး. . . နာ. . . နာ'

ငွေကိုင်ကြီးမျက်နှာ ရှုံ့မဲ့သွားသည်။ စကားပင်ဆုံးအောင် မပြောနိုင်။ မတ်တပ်ရပ်နေရာမှ ထိုင်ကျသွားသည်။

'မအော်နဲ့ တစ်ခါတည်း သတ်ပစ်လိုက်ရမလား၊ ဟင်း. . . တော်တော်လူလည်ကျချင်တဲ့လူ၊ ခေါင်းမာရင် ခေါင်းကွဲတတ်တယ် နားလည်လား'

'မ. . . မလုပ်ပါနဲ့ဗျာ'

'ကဲ. . . ဖြေ၊ ထိပ်တန်းဟိုတယ်ပိုင်ရှင် ဘယ်သူလဲ၊ ခု ဘယ်မှာလဲ၊ သူဌေး ပြောင်းသွားတာ တကယ်လား'

'မဟုတ်ပါဘူး၊ ငွေ. . . ငွေကိုင်သာ လဲသွားတာပါ'

'ဒါပဲလား၊ အခြေအနေက ဟင်းရည်ပြောင်း ပြောင်းသွားပြီ၊ ဟင်းဖတ် မပြောင်းတာမျိုးပဲ၊ ဒီပန်းကန်ထဲက ဟင်းဖတ်က တော့ ဒီဟင်းဖတ်ပဲ၊ ဟုတ်တယ် မဟုတ်လား'

'ဟုတ်. . . ဟုတ်. . . ဟုတ်ပါလိမ့်မယ်'

'ကဲ. . . အပိုတွေ ပြောမနေတော့ဘူး၊ သူဌေးရဲ့အိမ်တံခါးကို ခင်ဗျားကိုယ်တိုင် ခေါက်ပြီး ဖွင့်ခိုင်းပါ'

www.burmeseclassic.com

www.burmeseclassic.com



ငွေကိုင်သည် မည်သို့မျှ မငြင်းသာတော့ချေ။ သူဌေးအိမ်ရှိရာသို့ လမ်းပြရတော့သည်။ မကြာမီမှာပင် ကြီးမားကျယ်ဝန်းသည့် ခြံကြီးထဲမှ အိမ်ကြီးရှေ့သို့ ရောက်ရှိခဲ့သည်။

တံခါးသည် အိမ်ဂေဟာကြီးနှင့် လိုက်ဖက်စွာ ကြီးမားပြီး သေသပ်လှပသည်။ ဟင်္သာပြဒါးရောင် သုတ်ထားသဖြင့် နီရဲနေသည်။ တံခါးရှေ့တစ်ဘက်တစ်ချက်တွင်ရှိသော ကျောက်ခုံများပေါ်မှ ခြင်္သေ့နှစ်ကောင်သည် မာန်ဖီနေဟန်ရှိပြီး အသက်ပါသည်။

မင်ရင်ကြွယ်သည် တံခါးရှေ့တွင် တွန့်ဆုတ်တွန့်ဆုတ်ဖြစ်နေသော ငွေကိုင်ကြီးကို ဆောင့်တွန်းပစ်လိုက်သည်။

သည်တော့မှ ငွေကိုင်ကြီး တံခါးခေါက်တော့သည်။ အတန်ကြာသော်လည်း အထဲမှ တုံ့ပြန်သံ မကြားရချေ။ သို့နှင့်တံခါးတွင် တပ်ဆင်ထားသော သံကွင်းကြီးနှစ်ခုနှင့် တဒုန်းဒုန်းထုရတော့သည်။ သို့တိုင် ဂေဟာတွင်း အခြေအနေသည် ငြိမ်သက်နေဆဲပင်။

မင်ရင်ကြွယ် စိတ်မရှည်တော့ပေ၊ အနီးတွင်ရှိနေသော အုတ်နံရံတစ်ခုပေါ် ခုန်တက်ပြီး အတွင်းသို့ ခုန်ချလိုက်သည်။ ငွေကိုင်လည်း တစ်ပါတည်း ပါလာသည်။ အတွင်းပိုင်းတွင်ရှိသော အဆောက်အအုံများသည် လူသူမရှိသည့်ဟန်နှင့် ငြိမ်သက်မြဲ ငြိမ်သက်နေဆဲပင်။ အာရုံစိုက် နားထောင်လိုက်သောအခါ တစ်ခေါ ခေါ ဟောက်သံများကို ကြားရတော့သည်။

မင်ရင်ကြွယ် ရယ်လိုက်မိတော့သည်။ အိပ်ပျော်နေသူများသည် သူဌေးကြီး မဟုတ်နိုင်။ အပူအပင်တင်းမဲ့သော



အကြောင့်ကြကင်းမဲ့သောလူများပင်ဖြစ်ပေလိမ့်မည်။

မင်ရင်ကြွယ်သည် အခြေအနေကို အကဲဖြတ်နိုင်ခဲ့တော့သည်။

'ခင်ဗျား သူဌေးက ခင်ဗျားထက် အများကြီးလျှင်တာပဲ၊ သူ မရှိတော့ပါဘူး၊ ဒီတော့ ခင်ဗျားကို မေးကိုမေးရမယ်၊ ခင်ဗျားကိုပဲ ဒုက္ခပေးရမယ်'

ငွေကိုင်ကြီးသည် အလွန်တုန်လှုပ်ချောက်ချားသွားသည်။

'ကဲ . . . ဖြေ၊ ခင်ဗျား ဘယ်သူလဲ'

'ငွေကိုင်'

'ဒါကို ကျုပ်သိပြီးသား၊ သူဌေး ဘယ်ပြေးသလဲ'

'ကျုပ် မသိဘူး၊ ကျုပ်က သူ့အစေခံ၊ သူခိုင်းတာ လုပ်ရတာ'

'ဩော် . . . အစေခံ ဟုတ်လား၊ အစေခံက သိုင်းပညာတော့ တတ်သားပဲ၊ သိုင်းသမားတစ်ယောက်ဟာ သူဌေးရဲ့ သာမန်အလုပ်သမား၊ သာမန်ငွေကိုင်၊ သာမန်အစေခံ မဟုတ်နိုင်ဘူး၊ ကဲ . . . ဖြေ၊ ရင်ခုန်ဖန်းက ဘယ်လိုလူလဲ'

'သူလဲ ကျုပ်လိုပဲ၊ သူဌေးခိုင်းတာ လုပ်ရတဲ့လူ၊ သူဌေးလူယုံ'

'ပိုင်ရှင့်နာမည်ရင်းကို ပြော'

'ယန်ကျိုးမြို့သားတွေက ဟူပိုင်ဝမ် လို့ခေါ်ကြတယ်၊ သူ့နာမည်က ဟူဝမ်ဖူ'

www.burmeseclassic.com

www.burmeseclassic.com



'သူအစက ဘာလုပ်ခဲ့လဲ'

'သေသေချာချာ မသိပါဘူး၊ ဒီမြို့က ဒေသခံ တစ်ယောက်ပါ။ ကျုပ်နဲ့ သိတာတောင် နှစ်နှစ်လောက်ပဲ ရှိပါသေးတယ်'

'ကျုပ်မေးနေတာက ဘာအလုပ်လုပ်သလဲ မေးနေတာ'

'ထိဝ်တန်းဟိုတယ်ရဲ့ မူလပိုင်ရှင်ပါ၊ အရင်ကလည်း သူပိုင်ရှင်၊ အခုလဲ သူပိုင်ရှင်ပါပဲ'

'ဩော်. . . ဩော်. . . ခုပြောတာလဲ အမှန်လို့ ယူဆရတော့မယ်၊ ပိုင်ရှင်တောင် တစ်ယောက်က နှစ်ယောက်ဖြစ်အောင် ပြောတတ်တဲ့လူပဲ၊ ဟဲ. . . ဟဲ. . . ဒါနဲ့ ဝန်ရင်မော်ကို လုပ်ကြံခဲ့တဲ့ သူဟာ သူလား၊ အမိက တရားခံဟာ သူလား'

မင်းရင်ကြွယ်က တည့်တည့်ကြီး မေးသည်။ ငွေကိုင်ကြီး ခေါင်းရမ်းသွားပါသည်။

'ဒါတော့ ကျုပ်မသိဘူး သူနဲ့ ရင်ခုန်ဖန်းပဲ သိမယ်'

'ရင်ခုန်ဖန်းက သေပြီဗျ'

'ဒီလိုဆိုရင် သူ့ဒွေးကိုရှာပြီး မေးပေါ့ဗျ'

'မရှာနိုင်ဘူး၊ ခင်ဗျားကိုပဲ မေးမယ်'

'ကျုပ် မသိတာ မေးလို့ အပိုပေါ့၊ ကျုပ်က ခင်ဗျားသတ်လည်း သေရမယ့်လူပဲ၊ မသိတာထိုတော့ သိပါတယ်လို့ မပြောနိုင်ဘူး'

'ဒီလိုဆိုရင် ဟူဝန်ဟူ ဘယ်ကို ထွက်သွားလဲ'

'မသိဘူး၊ ကျုပ် မသိဘူး'



ငွေကိုင်သည် ခေါင်းကိုသာ တရစပ် ယမ်းခါပစ်လိုက်၏။ မင်းရင်ကြွယ်သည် ဘာစကားမျှ ထပ်မပြောတော့ဘဲ ချုပ်ကိုင်ထားသော လက်ချောင်းကလေးများကို ဖိအားပိုပေးလိုက်သည်။

'အား. . . ကျွတ်. . . ကျုပ် တကယ်မသိလို့ပါဗျာ၊ သိရင် ခင်ဗျားနဲ့တောင် တွေ့ချိန်ရမှာ မတုတ်ပါဘူး၊ ခွင့်လွှတ်ပါ၊ ခွင့်လွှတ်ပါ'

ငွေကိုင်ကြီးသည် ရှုံ့မဲ့ပြီး ထစ်ထစ်ငေါ့ငေါ့ တောင်းပန်လာသည်။

မင်းရင်ကြွယ်က မျက်မှောင်ကြုတ်ပြီး တစ်လုံးချင်း ထပ်မေးသည်။

'ကဲ. . . ဒီတစ်ခါ မှန်မှန်ဖြေ၊ ဟူဝန်ဟူတာ သာမန်အချိန်တွေမှာ ဘယ်သူတွေနဲ့ ဆက်ဆံလေ့ရှိသလဲ'

'အများအားဖြင့်တော့. . . ဟို. . . ဟို. . .'

'သိုင်းလောကသားတွေထဲက ဘယ်သူနဲ့ အများဆုံး ဆက်ဆံသလဲမေးတာ'

'ကျုပ်ကောင်းကောင်းမဖြေတတ်ပါဘူး၊ တစ်ခါတုန်းကတော့ သူ့ဆီကို လူတစ်ယောက် ရောက်လာခဲ့ဖူးပါတယ်'

'အဲဒီလူက ဘယ်သူလဲ'

'ဘယ်သူဘယ်ဝါရယ်လို့ မသိပါဘူး၊ သူတို့ ပြောတဲ့ စကားထဲမှာတော့ 'ရဲတိုက်၊ ရဲတိုက်'လို့ ပြောသံကြားဖူးပါတယ်'

'အဲဒီလူက ဟူဝန်ဟူကို ဘာကိစ္စနဲ့ လာတွေ့တာလဲ'

www.burmeseclassic.com

www.burmeseclassic.com



'အဲဒါတော့ မသိရပါဘူး၊ အဲဒီတုန်း ကျုပ်ကို သူတို့အနား မလာဖို့ တားမြစ်ထားခဲ့ပါတယ်၊ သူတို့ပြောတဲ့အသံကလဲ တိုးလွန်းပါတယ်၊ 'ရဲတိုက်'ဆိုတာတော့ သဲ့သဲ့လေး ကြားခဲ့ရလို့ ခုလို ပြောနိုင်တာပါ'

'သူ့နာမည်ကို သိခွင့်ရသေးလား'

'မရပါဘူး၊ ရင်ခုန်ဖန်းက 'နှောင်ကြီးချင်' လို့ ခေါ်သံကိုတော့ ကြားမိသလိုလို ရှိခဲ့ပါတယ်'

'ဒါဖြင့် အဲဒီလူရဲ့ ပုံသဏ္ဍာန်ကို ပြောပါ'

'ဟုတ်ကဲ့၊ အရပ်ကတော့ ထောင်ထောင်မောင်းမောင်းပါ၊ မျက်လုံးပြူးပြီး မျက်ခုံးထူပါတယ်၊ နှဖူးကြောနဲ့ ပါးကြောဟာ ကြီးတစ်ချောင်း တင်ထားသလို ထောင်လိုက်ကြီးတန်းနေပါတယ်'

'ဟွာဝန်ဟွာနဲ့ အဲဒီလူ တော်တော်ရင်းနှီးပုံ ရသလား'

ငွေကိုင်ကြီးက ခေါင်းညိတ်ပြီး ဖြေသည်။

'ဟုတ်ကဲ့၊ ပြောနေဆိုနေပုံကတော့ တော်တော်ရင်းနှီးပုံပဲ၊ အစ်ကိုကြီးကလဲ ညီလေးကလဲနဲ့ ပြောတတ်ကြပါတယ်'

'ကဲ. . . အဲဒါ ခဏထားလိုက်တော့၊ ခင်ဗျားအကြောင်းတို မှန်မှန်ပြောပြပါ'

ငွေကိုင်ကြီးသည် မျက်မှောင်ကြုတ်သွားပြီးမှ တစ်လုံးချင်း ပြောလာသည်။

'ကျုပ်ဟာ သိုင်းသမားဘဝအစကတည်းက မြောက်ပိုင်း မြည်နယ်ခြောက်ခုမှာ ကျင်လည်နေခဲ့ပါတယ်၊ နောက်တော့



ကျွန်းနန် (ယန်စီမြစ်တောင်ပိုင်းဒေသ)ကို ကူးပြောင်းနေထိုင်ခဲ့တယ်'

မင်ရှင်ကြွယ်သည် ယခုမှ ချုပ်ကိုင်ထားသော လက်ကို လွှတ်ပေးလိုက်သည်။

'ခုလို ပြောပြတာကို ကျေးဇူးတင်ပါတယ်၊ ဒါကြောင့် ခင်ဗျားအသက်ကို ချမ်းသာပေးလိုက်မယ်၊ ဒုစရိုက်အကျိုးကို အသက်ပေးပြီး မထမ်းဆောင်ပါနဲ့၊ နောက်နောင်ကို လူရိုးလူကောင်းအဖြစ် တွေ့မြင်ပါရစေ၊ လူလိမ်တစ်ယောက်အနေနဲ့ ထပ်တွေ့ရရင် ခုလို လွှတ်ငြိမ်းခွင့်ပြုမှာ မဟုတ်တော့ဘူး၊ ကဲ. . . ခင်ဗျား သွားလိုရာ သွားနိုင်ပြီ'

ငွေကိုင်ကြီးသည် မမျှော်လင့်သောစကားကြောင့် ငိုင်ငိုင်ကြီး ရပ်နေမြန်သည်။

ထို့နောက်တွင်မှ ကျေးဇူးတင်စကားပင် မပြောတော့ဘဲ တစ်ချိုးတည်း ထွက်ပြေးတော့သည်။

မင်ရှင်ကြွယ်သည် ငွေကိုင်ကြီး ပျောက်ကွယ်သွားသည် အထိ ရပ်ကြည့်နေခဲ့သည်။ ထို့နောက်ပတ်ဝန်းကျင်ကို စေ့စေ့စပ်စပ် အကဲခတ်လိုက်သည်။

မကြာပါ။

ငယ်သံပါအောင် အော်လိုက်သော အသံနက်ကြီးကို ကြားလိုက်ရတော့သည်။

မင်ရှင်ကြွယ်သည် ရပ်နေရာမှ ဝုန်းခနဲ ခုန်ပျံပစ်လိုက်

www.burmeseclassic.com

www.burmeseclassic.com



သည်။ ထိုနောက် အသံထွက်ပေါ်ရာလမ်းကို လှမ်းကြည့်သည်။ လမ်းပေါ်တွင် လူလစ်ယောက်တို လဲကျနေလေပြီ။ ပတ်ဝန်းကျင်ကို အကဲခတ်လိုက်သောအခါ ပတ်ဝန်းကျင်သည် ပကတိငြိမ်သက်နေဆဲပင်။

မင်းရင်ကြွယ်သည် လဲကျနေသောလူအနီးသို့ တဟုန်ထိုး ပြေးလာခဲ့မိသည်။ အနီးသို့ရောက်သောအခါ လဲနေသူကို စိုက်ကြည့်လိုက်သည်။

မိမိချမ်းသာခွင့် ပေးလိုက်သော ငွေကိုင်ကြီးပင်။

မိမိက ချမ်းသာခွင့် ပေးလိုက်သော်လည်း ရန်သူသည် ငွေကိုင်ကြီးတို့ ချမ်းသာခွင့် မပေးခဲ့ချေပြီတကား။

ဒဏ်ရာကို စစ်ဆေးကြည့်သောအခါ အသည်းနှလုံးများ ပြုတ်ကြွေပြီး သေဆုံးသွားခြင်းဖြစ်နေသည်။

ငွေတိုင်ကြီးသည် အလွန်ပြင်းထန်ရက်စက်သော တိုက်ကွက်ဒဏ်ကို ခံသွားရခြင်းပင်။

ဤအတိုင်းဆိုလျှင် ရန်သူသည် ယန်ကျိုးမြို့တွင်းနှင့် ပတ်ဝန်းကျင်တွင်ပါ ရှိနေလေပြီ။ ဤအချက်ကို တွက်မိသော်လည်း လုပ်ကြံသူကို ဖမ်းမိနိုင်ရန်ကား ခက်ခဲလှချေသည်။

မင်းရင်ကြွယ်သည် ယခုမှ ဒေါသပိုထွက်လာရတော့သည်။ ရန်သူကို အဝေးမှာ လိုက်ရှာခြင်းထက် အနီးမှာရှာခြင်းက ပိုမြန်သင့်လျော်ပေလိမ့်မည်။

မင်းရင်ကြွယ်သည် တစ်စုံတစ်ရာကို ဆုံးဖြတ်ပြီးသည်နှင့်



ထန်းရှန်းဂိုဏ်းမှ ရှက်လှေကြီးကို သတိရလာသည်။ သို့နှင့် တူးမြောင်းရှိရာ တဟုန်ထိုး ပြေးလာမိတော့သည်။

◀◀ ▶▶

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၆)

## ရဲတိုက်ထဲကလူ

အရှေ့မိုးကောင်းကင်သည် အလင်းရောင်များ ဖြန့်ကျက်စ ပြုလာလေပြီ။ အမှောင်ထုသည် တစတစ ဖျက်ပြယ်နေချေပြီ။ အရုဏ်တက်စ အချိန်များပင် ဖြစ်တော့သည်။

တူးမြောင်းတစ်လျှောက်ရှိ ပတ်ဝန်းကျင်တစ်ခုလုံးသည် ပကတိ ငြိမ်သက်နေဆဲပင်။ တူးမြောင်းထဲတွင် ငြိမ်သက်နေဆဲရှိသော လှေကြီးလှေငယ်များကို မှုန်ဖျဖျတွေ့နေရသည်။ လူရိပ်လူရောင်ကား မတွေ့ရသေးပါ။

မင်းရင်ကြွယ်သည် တူးမြောင်းတစ်လျှောက်လုံးကို ရှေ့နောက်ဝဲယာ လှည့်ပတ်ကြည့်လိုက်သည်။



သူ တွေ့ချင်သော လှေကြီးကို မတွေ့ရချေ။ ထိုလှေကြီးနှင့် ပုံစံတူ လှေမျိုးကိုပင် မတွေ့ရချေ။

မင်းရင်ကြွယ်သည် မျက်မှောင်ကြုတ်သည်ထက် ကြုတ်နေမိတော့သည်။ နှဖူးကြောများပင်လျှင် အလိပ်လိပ် လှိုင်းထနေချေပြီ။

အတန်ကြာသော် ခြေသံသဲ့သဲ့ ကြားလာရသည်။ ခြေသံသည် ဝေးရာမှ နီးလာနေသည်။ မင်းရင်ကြွယ် မျှော်ကြည့်လိုက်မိသည်။

ခပ်သုတ်သုတ် လျှောက်လာနေသောလူတစ်ယောက်ကို တွေ့ရသည်။ လှေထိုးသားဖြစ်ဟန် တူသည်။

ထိုလူသည် မင်းရင်ကြွယ်ကို တွေ့သည်နှင့် အံ့အားသင့်သလို ဖြစ်သွားသည်။ သို့သော် မင်းရင်ကြွယ်ကို သိပ်ဂရုမစိုက်ချေ။ တစ်ချက်သာ စောင်းငဲ့ကြည့်ပြီး ဆိပ်ခံတံတားရှိရာ လျှောက်သွားသည်။

မင်းရင်ကြွယ်က ထိုလူသွားရာနောက်သို့ ခပ်သုတ်သုတ် လိုက်သွားပြီး လှမ်းအော်လိုက်သည်။

'မိတ်ဆွေကြီး၊ ခဏလောက်ရပ်ပါဦး'

'ကျုပ်ကို ပြောတာလား'

ထိုလူက ခြေစုံရပ်ပြီး လှည့်မေးသည်။ မင်းရင်ကြွယ်က ခေါင်းညိတ်ပြပြီး အနားသို့ တိုးသွားသည်။ ထိုလူက မင်းရင်ကြွယ်ကို ခြေဆုံးခေါင်းဆုံးကြည့်ပြီး မေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဘာကိစ္စရှိလို့လဲ ဗျ'

'ဩော်. . . လူတစ်စု လှေငှားပြီး တူးမြောင်းအတိုင်း ခရီးထွက်သွားတာကို တွေ့မိပါသလားလို့ မေးချင်လို့ပါ'

'ခင်ဗျားက ကျို့မိသားစုအိမ်တော်က လူတွေကို မေးနေတာလား'

'ဟုတ်ပါတယ် ၊ ခင်ဗျား သူတို့ကို တွေ့လိုက်လို့လား'

'ဩော်. . . ဒီက ဒေသခံလူတွေ ပြောတာ ကြားမိလို့ပါ၊ ကျုပ်တို့ လှေစိုက်ရတော့. . .'

မင်ရင်ကြယ်က ထိုလူ၏စကားကို ဆုံးအောင် နားမထောင်ဘဲ ဖြတ်မေးသည်။

'သူတို့ ဘယ်ဘက်ကို သွားကြတာလဲဗျ'

'တူးမြောင်းအတိုင်းမြောက်ဘက်ကို ထွက်သွားကြတာ၊ မြောက်ပိုင်းကို သွားမယ်နဲ့တူတယ်'

'ဟုတ်ကဲ့၊ ခုလိုကူညီတာကို အများကြီးကျေးဇူး တင်ပါတယ်'

မင်ရင်ကြယ်သည် စကားကို တိုတိုပြောပြီး မြောက်ဘက်ဒေသသို့ တဟုန်ထိုး ခရီးဆက်တော့သည်။

မကြာမီ အာရုဏ်ကျင်းပြီး အလင်းဆောင်လာသည်။

---

အရှေ့ဆီမှ နေမင်းကြီးသည် ရောင်ခြည်တစ်ထောင်



အလင်းဆောင်ပြီး မြင့်တက်လာလေပြီ။ နေ့သစ်တစ်နေ့ စလေပြီတည်း။

မင်ရင်ကြယ်သည် ခရီးပြင်းနှင်ခဲ့ရာမှ ကောင်းစွေ့မြို့သို့ ရောက်ရှိလာခဲ့သည်။ ခရီးသွားတို့အား မသိမသာ လှည့်လာ စုံစမ်းကြည့်သောအခါ ကျို့ကုန်းချင်တို့သည် ကောင်းစွေ့ ရေကန်ကြီးအတိုင်း ခရီးဆက်သွားကြောင်း သိရပြန်သည်။

သို့နှင့် သတင်းရသလို ခရီးဆက်ခဲ့ပြန်သည်။ အတော်လေး ခရီးနှင်ခဲ့မိသောအခါ ဝေစန်းဟူ ရေကန်ကြီးရှိရာသို့ ရောက်ရှိလာခဲ့သည်။

ဝေစန်းဟူ ရေကန်ကြီးသည် သိပ်ကြီးကျယ်ခြင်း မရှိလှချေ။ သို့သော် ထိုရေကန်ကြီး၏ ပတ်ဝန်းကျင်ကား အလွန် စည်ကား သိုက်မြိုက်နေသည်။ စင်စစ် ဤသို့ စည်ကားနေခြင်းသည် အဆန်းတကြယ် မဟုတ်ပေ။ တူးမြောင်းဒေသတစ်လျှောက် လုံးရှိ မြို့တိုင်းရွာတိုင်းသည် စည်စည်ကားကား ရှိနေမြဲပင်။

ဝေစန်းဟူ ရေကန်ဘေးရှိ တူးမြောင်း ပတ်ဝန်းကျင်ဒေသသည် အခြားဒေသ မြို့နယ်ဒေသများထက် အရက်ဆိုင်များ၊ လက်ဖက်ရည်ဆိုင်များ ပိုများသည်။

စည်ကားမှုကား လက်ဖက်ရည်ဆိုင်များထက် အရက်ဆိုင်များက ပိုစည်ကားသည်။ လူပေါင်းစုံ၍ ရှုပ်သည်။

မင်ရင်ကြယ်အဖို့ကား ထိုနေရာသည် သတင်းရနိုင်သော နေရာဖြစ်သည်။ လူပေါင်းစုံ၏ စကားပေါင်းစုံသည် သူ့အတွက်

www.burmeseclassic.com

www.burmeseclassic.com



အကျိုးရှိနိုင်သည်။

မင်းရင်ကြွယ်သည် ကိုယ်တွက်ကိန်းနှင့်ကိုယ် အရက်ဆိုင်တစ်ဆိုင်ထဲသို့ လှမ်းဝင်ခဲ့သည်။ ထိုအချိန်သည် နေ့လယ်စာ စားသောက်ချိန်ဖြစ်၍ ဆိုင်တစ်ဆိုင်လုံး လူများ ပြည့်နေသည်။ သို့သော် ကန်ရေပြင်ကို ငေးမောကြည့်ရှုပြီး စားသောက်နားနေနိုင်သည့် စားပွဲဝိုင်းအချို့ကား လူလွတ်နေသည်။ မင်းရင်ကြွယ်သည် ဤလို နေရာကောင်း စားပွဲတိုင်းသည် ဘာ့ကြောင့် လူလွတ်နေဖလ သနည်း။

မင်းရင်ကြွယ်သည် မသင်္ကာစိတ်နှင့် တွေးနေမိပြန်သည်။ နောက်ဆုံးတွင်မူ ထိုနေရာရှိ အသန့်ဆုံး စားပွဲဝိုင်းတွင် ဝင်ထိုင်လိုက်တော့သည်။

ထိုအချိန်မှာပင် စားပွဲထိုးတစ်ယောက် ရောက်ရှိလာပြီး ရယ်ရယ်မောမော မေးတော့သည်။

'သခင်လေး၊ ဘာများ စားလိုပါသလဲ'

မင်းရင်ကြွယ်က လိုအပ်တာကို တိုတိုတုတ်တုတ် မှာကြားလိုက်သည်။

စားပွဲထိုးသည် ချာခနဲ လှည့်ထွက်သွားပြီး မကြာခင်မှာပင် အစားအသောက်များ ယူလာပြီး စားပွဲပေါ် ချပေးလာသည်။ ထို့နောက် ချက်ချင်း လှည့်ထွက်သွားသည်။

'စားပွဲထိုး ခဏ. . . ခဏ'

မင်းရင်ကြွယ်က ကမန်းကတန်း လှမ်းခေါ်သည်။ စားပွဲထိုး



ပြန်ရောက်လာသည်။

'သခင်လေး၊ ဘာများ မေးစရာရှိလို့ပါလဲ'

'ဝေစန်းဟူကန်ကြီးအနားမှာ လေ့လာရှာတဲ့ သိုင်းသမားတစ်စုကို တွေ့မိသလားလို့ပါ'

'အင်း. . . ဒီနေရာက သိုင်းသမားတွေ ဖြတ်သွားဖြတ်လာလုပ်တဲ့နေရာပဲ၊ သိုင်းသမားတွေ များလွန်းတော့ ဘယ်သူရယ်လို့ ပြောရမှန်း မသိပါဘူး၊ အဲ. . . နည်းနည်း သတိထားလိုက်မိတာကတော့ တူးမြောင်းထိပ်ဘက်မှာ လေ့ရှာသူ နှစ်သုတ်ကိုတော့ သတိထားလိုက်မိတယ်၊ သခင်လေးက ဘယ်အသုတ်ကို ပြောနေတာလဲ'

'နှစ်သုတ်လုံးကိုသာ ပြောစမ်းကွာ'

'အင်း. . . ပထမတစ်သုတ်ကတော့ လူနှစ်ဆယ်ကျော်လောက်ရှိမယ်ထင်တယ်၊ သူတို့သွားတာက အနောက်စူးစူးကိုပါ၊ နောက်တစ်သုတ်ကတော့ နှစ်ယောက်ထည်းပဲ သခင်လေး၊ သူတို့ကတော့ တူးမြောင်းဘက်ကို ထွက်သွားပါတယ်'

ထိုအချိန်မှာပင် 'ဖင်း' ဟူသော အသံတစ်သံ ပေါ်လာသည်။ သက်ပြင်းချသံလိုလို၊ ဟန့်တားသံလိုလို ထူးခြားသော အသံဖြစ်သည်။

စားပွဲထိုးသည် ထိုအသံကို ကြားလိုက်သည်နှင့် တွန့်ခနဲ ဖြစ်သွားပြီး အသံလာရာဘက်သို့ လှည့်ကြည့်လိုက်သည်။

ထို့နောက် ခေါင်းငုံ့ပြီး ခပ်သွက်သွက်ထွက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



'စားပွဲထိုး. . .'

မင်းရင်ကြွယ်က မြန်သည်။ စားပွဲထိုးကို လှမ်းဆွဲထားလိုက်သည်။ စားပွဲထိုးက အသားဟာဆတ်ဆတ်တုန်နေလေပြီ။ သူသည် ကယောင်ကတန်းနှင့် ခေါင်းကို ခါရမ်းနေပြီး. . .

'ကျုပ် မသိဘူး၊ ကျုပ် မသိဘူး၊ တစ်ခြားလူတွေ မေးပါ၊ တစ်ခြားလူတွေ မေးပါ'

မင်းရင်ကြွယ်သည် 'ဟင်း' ဟူသော အသံပေါ်လာရာသို့ စူးစူးရဲရဲကြီး ကြည့်လိုက်သည်၊ မီးခိုးပြာ အင်္ကျီဝတ်စုံနှင့် လူနှစ်ယောက်ကို တွေ့ရသည်။ တစ်ယောက်သည် အရပ်မြင့်ပြီး ကျစ်လျစ်တောင့်တင်းသည်။ တစ်ယောက်သည် ပုပြီး လူဗလိကလေးဖြစ်သည်။ မျက်နှာသွင်ပြင်ကား ကြောက်စရာ ကောင်းသော မျက်နှာဝေါတ်ချည်းဖြစ်သည်။

မင်းရင်ကြွယ် ရယ်သွမ်းသွေးပြီး စားပွဲထိုးကိုပြောတော့သည်။

'စားပွဲထိုး၊ ခင်ဗျား ဘာတွေကြောက်နေတာလဲ၊ မိုးလောက်ကြီးတဲ့ ပြဿနာဖြစ်ပါစေ၊ ကျုပ် တာဝန်ယူတယ်၊ ဒီနေရာမှာ လူတစ်ယောက်ကို အရိုးအသား ရှာမရအောင် ဝါးစားနိုင်တဲ့ ကျားတစ်ကောင်မှ မရှိဘူး၊ ပြောပါ၊ ပြောစရာရှိတာ ပြောပါ'

'ကျုပ်. . . ကျုပ်. . . မသိတော့လို့ပါ၊ ကျုပ်မှာ ပြော. . . ပြောစရာ မရှိတော့ပါဘူး'

'မရှိရင်လဲ သွားဗျာ'



မင်းရင်ကြွယ် စိတ်မရှည်တော့၊ အခြေအနေသည် အကျပ်ကိုင်ထား၍ ရနိုင်သည့် အခြေအနေလည်း မဟုတ်။

စားပွဲထိုးသည် မင်းရင်ကြွယ်လက်မှ လွတ်သည်နှင့် မီးဖိုဘက်သို့ ဝင်ပြေးတော့သည်။

မင်းရင်ကြွယ်သည် ထိုကိစ္စကို ဘာမှ မဖြစ်သကဲ့သို့ သဘောထားလိုက်ပြီး အရက်စားသောက်ဖွယ်ရာများကိုသာ အာရုံစိုက် စားသောက်နေတော့သည်။

အရက်နှစ်ခွက်သောက်မိပြီးချိန်တွင် မီးခိုးပြာ အင်္ကျီဝတ်နှစ်ယောက်က သူတို့စားပွဲပေါ်တွင် ငွေတုံးတစ်တုံး တင်ထားခဲ့ပြီး ဆိုင်ထဲမှ ထွက်ခွာသွားတော့သည်။

မင်းရင်ကြွယ်သည် အရက်ဆက်သောက်မနေတော့ပါ။ သူတို့လိုပင် စားပွဲပေါ်တွင် ငွေတုံးတစ်တုံး တင်ထားလိုက်ပြီး ဆိုင်ထဲမှ ထွက်လာခဲ့တော့သည်။

◀◀ ▶▶

www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၇)

## တိမ်ဖုံးရဲတိုက်မှ မိန်းမ

မကြာပါ ဆိုင်ထဲမှ ထွက်ခွာသွားသော လူနှစ်ယောက်ကို လှမ်းမြင်ရတော့သည်။

ဤတွင် နှစ်ယောက်စလုံး မျက်နှာပျက် သွားကြသည်။

ထို့နောက် မသိလိုက် မသိဘာသာ ဆက်လျှောက်သွားသည်။

သူတို့သွားနေသောနေရာသည် အရှေ့စူးစူးသို့ သွားနေခြင်းဖြစ်၏။

မင်းရင်ကြွယ်သည် သူတို့ကို ပြုံးကြည့်ပြီး ထက်ကြပ်မကွာလိုက်တော့သည်။



သို့နှင့် သူတို့နှင့် မင်းရင်ကြွယ်သည် ကိုက်ငါးဆယ် လောက်သာ ကွာဝေးကြတော့သည်။

ရှေ့မှလူနှစ်ယောက်သည် မင်းရင်ကြွယ်ကို ဖြတ်ချန်ထားရန် ကြိုးစားလျှောက်နေကြသော်လည်း အရာရောက်ခြင်းမရှိချေ။

နောက်ဆုံးတွင် လျှောက်နေသောနေရာမှ တန့်ခနဲ ရပ်ပစ်လိုက်ကြသည်။

မင်းရင်ကြွယ်ကား လက်နှစ်ဘက်ကို နောက်ပစ်ပြီး ခပ်ပြုံးပြုံး ဆက်လျှောက်နေဆဲပင်။

မကြာပါ။

မီးခိုးပြာလူနှစ်ယောက်နှင့် မင်းရင်ကြွယ်သည် ကိုက်နှစ်ဆယ်ခန့်သာ ကွာဝေးကြတော့သည်။

မီးခိုးပြာနှစ်ယောက်သည် မင်းရင်ကြွယ်ကို ကြည့်ပြီး အသက်မရှူရဲအောင် ဖြစ်နေကြသည်။

မီးခိုးပြာအကျီနှင့် လူဝလံလေးသည် မင်းရင်ကြွယ်၏ ခြေလှမ်းများကိုကြည့်ပြီး လှမ်းအော်လေသည်။

'မိတ်ဆွေ. . . ရပ်လိုက်ပါ'

'ဘာဖြစ်လို့လဲဗျ'

မင်းရင်ကြွယ်က ရယ်သွမ်းသွေးပြီး ပြန်မေးသည်။

လူဝလံက ဒေါသဖြစ်ဟန်နှင့် ခပ်ဝေါက်ဝေါက် ထပ်ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



'ခင်ဗျား ဘာဖြစ်လို့ ကျုပ်တို့နောက် လိုက်လာတာလဲ'

မင်ရင်ကြွယ်က ရယ်သွမ်းသွေးပြီး ရှေ့ကို တိုးလာသည်။

'ကျုပ်နဲ့ စားပွဲထိုး စကားပြောနေကြတာကို ခင်ဗျားက ဘာဖြစ်လို့ ဝင်တားရတာလဲ'

'ကျုပ် ဘာတားလို့လဲ၊ ကျုပ် တားတဲ့စကားကို ခင်ဗျား ကြားလို့လား'

'ဟားဟားဟား. . . စကားလုံး တိကျသေချာမှ တားမြစ်တယ်လို့ သိရမှာလား၊ 'ဟင်း' ဆိုတဲ့ ဟန့်တားသံက စကားလုံးတွေထက် ပိုပြီး ထိရောက်တယ်ဗျ'

'အိုး. . . ကျုပ်ဘာသာ သက်ပြင်းချတာ ဘယ်နှစ်ခါ ချချ ပေါ့ဗျ၊ ခင်ဗျားနဲ့ ဘာဆိုင်လို့လဲ'

'ဟားဟား. . . ခင်ဗျားရဲ့ ဟင်းသံဟာ သူများတွေနဲ့ မဆိုင်ပေမယ့် ကျုပ်နဲ့တော့ ဆိုင်တယ်ဗျ၊ ဒါကြောင့် ခင်ဗျားကို အရေးယူရမယ်'

'အိုး. . . ခင်ဗျားက ဘယ်လိုအရေးယူချင်လို့လဲ'

လူဗလံသည် အားတင်းပြီး ပြောလိုက်သော်လည်း ကြောက်လန့်တုန်လှုပ်နေလေပြီ။

'အလျင်ဦးဆုံးကတော့ ကျုပ်မေးတာကို ဖြေပါ၊ ကျိုကိုးချွင်နဲ့ စွန်းပုရှောက်တို့ ဘယ်ကိုသွားကြသလဲ၊ ဘယ်ဘက်ကို ထွက်သွားသလဲ၊ တောင်းကောင်းမဖြေရင် ဒီနေရာက အေးအေးဆေးဆေး ထွက်သွားခွင့် မပြုနိုင်ဘူး'



မင်ရင်ကြွယ်က သွေးအေးအေး မေးပြီး လူဗလံတ အေးစက်စက်ရယ်သည်။

'ခင်ဗျား ဘာတွေ လာမေးနေတာလဲ၊ ကျုပ်တို့ခြေထောက်နဲ့ ကျုပ်တို့ ဘယ်သွားသွား ဘယ်လာလာ ခင်ဗျားကို ခွင့်ပန်နေဖို့ မလိုပါဘူး၊ ကျုပ်တို့ကို ဘယ်သူမှ တားခွင့် မရှိဘူး၊ တားလည်း မတားနိုင်ဘူး'

'ဒီလိုဆိုလည်း စမ်းကြည့်ဦးပေါ့ဗျာ'

'တော်တော်အပြောကောင်းတဲ့လူပဲ၊ တော့. . . လောင်လျှိ အရေးစိုက်မနေနဲ့ သွားမယ်၊ ကျုပ်တို့ကို အနှောင့်အယှက်ပေးရဲရင် ပေးကြည့်ပါစေ၊ သိုင်းလောကမှာ ကျုပ်တို့ ဂရုစိုက်ရမယ့်လူ မရှိ. . .'

လူဗလံသည် စကားကို ဆုံးအောင် မပြောနိုင်တော့ချေ။

အဘယ်ကြောင့်ဆိုသော်. . . မင်ရင်ကြွယ်၏ လက်ညှိုးက နှာခေါင်းပေါ် ရောက်လာသောကြောင့်ပင်။

'ကြီးကြီးကျယ်ကျယ် ပြောမနေနဲ့၊ နှာခေါင်းကျိုးပြီး သွားတွေ ကြွေသွားမယ်'

လူဗလံကော လောင်လျှိဆိုသူပါ မျက်နှာပျက်သွားသည်။ တပြိုင်နက်တည်း ခါးကြားထဲကို လက်ထိုးနှိုက်လိုက်သည်။

မင်ရင်ကြွယ် ဟက်ခနဲရယ်ပြီး အေးစက်စက်ပြောသည်။

'အကြွမ်းဖက်ဖို့ စိတ်မကူးနဲ့လေ၊ ခင်ဗျားတို့ပညာက နုပါသေးတယ်၊ အကြမ်းဖက်ရင် နှစ်ယောက်စလုံး အသက်ထွက်

www.burmeseclassic.com

www.burmeseclassic.com



သွားလိမ့်မယ်'

လူဗလံသည် ချောင်ပိတ်ရိုက်ခံရသော ခွေးကဲ့သို့ ပြန်ကိုက်ရန် ကြိုးစားသည်။

ခါးကြားထဲမှဓားကို ဖျတ်ခနဲ ဆွဲထုတ်သည်။

'အသက်ထွက်မှာ ကျုပ်တို့မဟုတ်ဘူး၊ ခင်ဗျား. . . ခင်ဗျား'

လူဗလံသည် အော်ဟစ်ကြိမ်းဝါးရင်း မင်းရင်ကြွယ်ကို ဓားနှင့် လှမ်းထိုးတော့သည်။

ဓားဦးသည် မင်းရင်ကြွယ်၏ဗိုက်ထဲ တန်းဝင်သွားသည်။

လျှင်မြန်ပြီး ရက်စက်သောဓားကွက်ဖြစ်သည်။

သို့သော် လူဗလံ၏တိုက်ကွက်သည် လမ်းခုလပ်မှာပင် ရပ်တန့်သွားသည်။

ထို့နောက် ပါးစပ်ထဲမှ 'အင့်'ခနဲ အသံမြည် ထွက်လာပြီး နောက်ဆုတ်သွားရသည်။

သူ့လက်ထဲမှ ဓားမြောင်သည် မင်းရင်ကြွယ်လက်ထဲသို့ ရောက်ရှိသွားလေပြီ။

---

နှစ်ယောက်စလုံး မျက်စိပျက် မျက်နှာပျက်နှင့် တုန်လှုပ်နေကြတော့သည်။

'ဘယ်လိုလဲ မိတ်ဆွေတို့၊ ဒီသိုင်းကွက်တစ်ကွက်ဆို လုံလောက်ပြီ ထင်ပါတယ်၊ ဦးနှောက်ရှိတဲ့လူဟာ နိုင်ချေမရှိရင်



မတိုက်ဘူးဗျ၊ ကဲ. . . ကျုပ်မေးတာကိုသာ အမှန်အတိုင်း ဖြေပါ'

လူဝလံသည် ခုမှ အတော်တုန်လှုပ်လာသည်။

လောင်လျှို သည်လည်း ထို့အတူ၊ ရုတ်တရက် မင်းရင်ကြွယ်သည် လောင်လျှို၏ ခြေထောက်နှစ်ချောင်းကြားထဲကို ဓားနှင့် ပစ်ပေါက်လိုက်သည်။

ဓားသည် မြေကြီးထဲသို့ ဓားရိုးအထိ မြုပ်ဝင်သွားသည်။

လောင်လျှို၏နဖူးမှ ချွေးများ သီးထလာတော့သည်။

'ကျုပ် သိပ်စိတ်မရှည်ဘူး၊ မိတ်ဆွေတို့ ဒုက္ခမရောက်ချင်ရင် ကျုပ် မေးတာကို မြန်မြန်ဖြေပါ'

'ဘာဖြေရမှာလဲ'

အရပ်ရှည်ရှည် လောင်လျှိုက မကျေနပ်သံနှင့် မေးသည်။ မင်းရင်ကြွယ်တ တျားကြည့် ကြည့်လိုက်သည်။

'ခင်ဗျားတို့ ဘယ်တ လူတွေလဲဆိုတာ ပြော'

'မုန်စန်းတောင်၊ 'မေးယွင်ရဲတိုက်'က 'ဖေးယွင်း တိမ်ပျံရဲတိုက်'

'ကြော်. . . ကျုပ်မေးတာကို ဆက်ဖြေဦး၊ မဖြေရင် ရဲတိုက်ကလူလည်း ချမ်းသာမပေးနိုင်ဘူး'

မီးခိုးပြာနှစ်ယောက် ပိုပြီး မကျေမနပ် ဖြစ်လာသည်။ ဒေါသကြောင့် ကြောက်စိတ်ပင် ပျောက်သွားကြသည်။

အရပ်ရှည်ရှည်လောင်လျှိုက-

'ခင်ဗျား တော်တော်ရဲတင်းတဲ့လူပဲ၊ ရဲတိုက်ကလူတောင်

www.burmeseclassic.com

www.burmeseclassic.com



ချမ်းသာမပေးဘူးဆိုတော့. . . ဟဲဟဲ၊ ကဲ. . . ကျုပ်အမှန်အတိုင်း ပြောမယ်၊ ခင်ဗျား ရှာနေတဲ့ ကျိုက်ကုံးချင်ဟာ ရဲတိုက်ထဲ ရောက်သွားပြီ'

'သူက အဲဒီကို ဘာသွားလုပ်တာလဲ'

'ဒါတော့ သတ္တမသူရဲကောင်းကို ခင်ဗျားကိုယ်တိုင် မေးကြည့်'

'ကျုပ်ကို ရဲတိုက်ထဲ မဝင်ရဲဘူးထင်လို့ ဒီစကား ပြောနေတာလား'

'ကျုပ်ပြောတာက သတ္တမသူရဲကောင်း မှာကြားထားတဲ့အတိုင်း ပြောနေတာ'

ကြားရသောစကားကြောင့် မင်းရင်ကြယ် မျက်မှောင်ကြုတ်သွားသည်။

ထို့နောက်. . .

'သတ္တမသူရဲကောင်းဟာ ဖေးယွင်ရဲတိုက်ထဲမှာ ခုထိ ရှိနေသလား'

'မရှိတော့ဘူး၊ မနက်အစောကြီးကတည်းက ပြန်ထွက်သွားပြီ'

'ခင်ဗျားစကားက ဘယ်လိုစကားလဲ၊ ထားပါလေ၊ ခု သူ ဘယ်ကို သွားနေလဲ'

'ဒါတော့ ကျုပ်တို့ မသိဘူး၊ ဒီလိုပဲ လမ်းတစ်လျှောက်လုံး လိုက်စုံစမ်းပေါ့'



'သူ ထွက်သွားတာနဲ့ ကျုပ်မေးတာ တယ်ပြီး တိုက်ဆိုင်နေပါလား၊ အဖြစ်မှန်ဟာ ဒီလောက်ပဲ တိုက်ဆိုင်နေသလား'

'ဒါတော့ ကျုပ် ဘယ်သိမှာလည်း'

'ထားပါလေ၊ ဒီကိစ္စကို ဖေးယွင်ရဲတိုက်ကိုသွားပြီး စုံစမ်းကြည့်ပါမယ်'

မထင်မှတ်သောစကားကြောင့် မီးခိုးပြာနှစ်ယောက်စလုံး မျက်နှာပျက်သွားသည်။

'ဒါက ခင်ဗျားသဘောပဲ၊ သွားရဲရင် သွားပေါ့၊ ဘယ်သူကမှ မတားပါဘူး'

'တားလည်း မရပါဘူးဗျာ၊ ဖေးယွင်ရဲတိုက်ဟာ ကျားတွေ၊ နဂါးတွေ ခိုအောင်းနေတဲ့နေရာ မဟုတ်ပါဘူး၊ တောမုဆိုးဟာ ကျားဆိုးကို ကြောက်လေ့မရှိပါဘူး'

မင်းရင်ကြယ်သည် စကားဆုံးသည်နှင့် ခရီးဆက်ရန် ဟန်ပြင်သည်။

ထိုအချိန်မှာပင် မြင်းခွာသံများ ထွက်ပေါ်လာသဖြင့် လှမ်းလတ်စခြေလှမ်းကို တွန့်ခနဲ ပြန်ရပ်လိုက်မိသည်။

ဝေစန်းဟူရေကန်ကြီးဘက်မှ ဖုန်မှုန့် တထောင်းထောင်းကို မြင်လာရသည်။

မကြာမီမှာပင် မြင်းသုံးကောင်နှင့် လူသုံးယောက်ကို မြင်ရသည်။

လူသုံးယောက်သည် အင်္ကျီစိမ်းဝတ်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com



မင်ရင်ကြွယ်သည် ဒုန်းစိုင်းလာသူများကို ကြည့်ပြီး မိုးခိုးပြာ နှစ်ယောက်ကို လှမ်းပြောသည်။

'မြင်းပေါ်ကလူတွေဟာ ခင်ဗျားတို့ ဖေးယွင်တိမ်ပျံရဲတိုက်ကလူတွေ ထင်တယ်၊ ဟုတ်တယ် မဟုတ်လား'

မိုးခိုးပြာနှစ်ယောက် ဘာမျှ ပြန်မဖြေ။

မြင်းများကိုသာ လှမ်းကြည့်လိုက်ကြသည်။

မြင်းများ နီးလာသောအခါ မြင်းစီးသမားများသည် မိန်းမပျိုသုံးယောက် ဖြစ်နေသည်။

သူတို့ရောက်လာကြပုံသည် ပန်းပွင့်အနီကြီးနှင့် ပန်းပွင့်အစိမ်းကြီး လွင့်လာသကဲ့သို့ ဖြစ်သည်။

ရှေ့ဆုံးမှ မိန်းမပျိုသည် အနီရောင်အင်္ကျီဝတ်ဖြစ်ပြီး သူ့နောက်မှ နှစ်ယောက်သည် အစိမ်းရောင်အင်္ကျီနှင့်ဖြစ်သည်။

အလွန်ချောမောလှပသော မိန်းမပျိုများပင်။

သူတို့မြင်းစီးပုံကို ကြည့်ရင်း မြင်းစီးကျွမ်းကျင်သူများ ဖြစ်ကြောင်း သိလိုက်သည်။

မကြာမီမှာပင် မြင်းစီးအမျိုးသမီးများ အနီးသို့ ရောက်လာကြသည်။

မိုးခိုးပြာဝတ်နှစ်ယောက်သည် သူတို့ရောက်လာသည်နှင့် တလေးတစား ဂါရဝပြုကြသည်။

အင်္ကျီနီနှင့် မိန်းမပျိုသည် မြေကြီးတွင် နစ်နေသော ဓား မြှောင်ကို မြင်လိုက်သည်နှင့် လတ်ညိုးထိုးပြီး ပြောတော့သည်။



'ဒါက ဘယ်လိုဖြစ်ကြတာလဲ'

လူဝလံက စောစောက ဖြစ်ပျက်ခဲ့သည်များကို အစအဆုံး ရှင်းပြသည်။

မင်ရင်ကြွယ်သည် လူဝလံလေး၏ ရှင်းပြချက်များကို ငြိမ်ပြီး နားထောင်နေသည်။

အင်္ကျီနီမိန်းမပျိုသည် လူဝလံစကားဆုံးသည်နှင့် မင်ရင် ကြွယ်ကို လှမ်းကြည့်ပြီး မေးတော့သည်။

'ရှင်က ဘယ်သူလဲ'

မင်ရင်ကြွယ်က မခံနိုင်လေးစားဟန်နှင့် ဖြေသည်။

'မင်ရင်ကြွယ်'

'ဒီနာမည် မကြားဖူးပါဘူး'

'ဟုတ်ကဲ့၊ ကျုပ်က မထင်ရှားတဲ့ လူတစ်ယောက်ပါ'

'မထင်ရှားတဲ့ လူတစ်ယောက် ဟုတ်လား၊ မထင်ရှားတဲ့ လူက ဖေးယွင်တိမ်ပျံရဲတိုက်ကို စိန်ခေါ်တယ်ဆိုတာတော့ နည်းတဲ့ သတ္တိ မဟုတ်ဟန်မတူဘူး"

'သိုင်းလောကမှာ ထင်ရှားကျော်ကြားနေတဲ့ ဖေးယွင် ရဲတိုက်တာ မဟုတ်မတရားတာကို မလုပ်ဘူးလို့ ကျုပ် ယုံကြည် ထားတယ်၊ အာနည်းသူကိုလည်း အမွေအနိုင်မကျင့်ဘူးလို့ သဘော ပေါက်ထားတယ်၊ ဒါပေမဲ့ မာနကြီးပြီး ဘဝင်မြင့်နေတဲ့လူတွေတော့ ညှာတာထောက်ထားမှု မရှိတတ်ပါဘူး'

မင်ရင်ကြွယ် ထိမထင်ဟန်နှင့် ရယ်သွမ်းသွေးပြီး ပြော

www.burmeseclassic.com

www.burmeseclassic.com



သည်။ မိန်းမပျို မျက်မှောင်ကြုတ်သွားသည်။

'ရှင်ဟာ တော်တော် စကားပြောကောင်းတဲ့လူပဲ၊ ဖေးယွင်ရဲတိုက်ဟာ ဗိုလ်ကျအနိုင်ကျင့်တဲ့လူတွေကို ခွင့်လွှတ်လေ့ မရှိပါဘူး'

ထိုစဉ် အကျီနီဘေးမှ အကျီစိမ်းမိန်းမပျိုက မာကျောကျော ဝင်ပြောသည်။

'ရှင်က ကျွန်မတို့ကို ဗိုလ်ကျသူတွေလို့ ဆိုလိုနေတာလား'

'ကျုပ်စကားက ရှင်းရှင်းလေးပါ။ ခင်ဗျား တကယ်နားမလည်လို့ ထပ်မေးနေတာလား၊ ဒီမယ်မိန်းကလေး၊ ကျုပ်ကို မာရေကျောရေ လာပြောမနေနဲ့၊ ကျုပ်က ဖေးယွင်ရဲတိုက်ကို မှီခိုစားသောက်နေတဲ့လူ မဟုတ်ဘူး'

အကျီစိမ်းမိန်းမပျိုသည် သူမာနကို ထိခိုက်လာသဖြင့် ဒေါသတထောင်းထောင်းထွက်လာသည်၊

ထို့ကြောင့် လက်ထဲမှ ကြာပွတ်ကို ဖျတ်ခနဲ မြှောက်တင်လိုက်ပြီး ရွမ်းခနဲ ရိုက်ချလိုက်တော့သည်။

ရိုက်ချက်သည် အလွန်မြန်ပြီး အလွန်အားပါသောရိုက်ချက်ဖြစ်သည်။

သို့သော် မင်ရင်ကြွယ်က သူ့ထက် လျင်မြန်စွာ နောက်ဆုတ်ပေးလိုက်သည်။

အကျီစိမ်းမိန်းမပျိုသည် သူ့ရိုက်ချက် လွဲသွားသဖြင့် မျက်နှာကြီး နီရဲလာသည်။

ထိုအချိန်မှာပင် လက်ဝဲဘက်တွင် ရှိနေသော အကျီစိမ်း -



မိန်းမပျိုက ဝင်ပြောလာသည်။

'ရှင့်ပညာ အဆင့်မြင့်သားပဲ၊ ရှောင်ရှဲရှောင်ပြီး ဘာဖြစ်လို့ မခုခံတာလဲ'

'တား . . . ဟား . . . ကျုပ်က ယောကျ်ားရင့်မကြီးဗျ၊ မိန်းမသားတွေကို တိုက်ခိုက်လို့ ဘယ်ဖြစ်မလဲ'

လက်ဝဲဘက်မှ အကျီစိမ်းမိန်းမပျိုသည် ကြာပွတ်ကို မြှောက်ပြီး ရိုက်ဟန်ပြင်လိုက်သည်။

သို့သော် အကျီနီမိန်းမပျိုက အချိန်မီ တားမြစ်လိုက်၏။

ထို့နောက် မင်ရင်ကြွယ်ကို မေးသည်။

'ရှင်က ဘယ်သူလဲ'

'အညတရ စာပေသိုင်းသမား'

'ဩော် . . သတ္တိကောင်း ပညာရှင်တစ်ယောက်ပါလား'

အသံက သရော်သံ။ မင်ရင်ကြွယ်က ခပ်ထေ့ထေ့ပြန်ပြောသည်။

'သိပ်လဲ မြှောက်မနေပါနဲ့လေ"

'မြှောက်စရာမလိုပါဘူး၊ ရှင်ဟာ မုန်းစရာကောင်းတဲ့လူပဲ'

'အမုန်းဟာ အချစ်ရဲ့ ဆန့်ကျင်ဘက်တရားပါ'

အကျီနီမိန်းမပျို၏မျက်နှာသည် ရှက်သွေးတက်ပြီး ရဲခနဲနီသွားသည်။

သူမ စိတ်ဆိုးနေလေပြီ။

သို့သော် စိတ်ကို ချုပ်တည်းပြီး ဆက်ပြောလာသည်။

www.burmeseclassic.com

www.burmeseclassic.com



'ကဲ . . . ကျွန်မမှာ အချိန်သိပ်မရှိဘူး။ ရှင်က ဘာကိစ္စနဲ့ ကျို့ကုန်းချွင်ကို လိုက်ရှာနေရတာလဲ'

'သူနဲ့ ကျုပ်က ကျောင်းနေဖက်မိတ်ဆွေတွေဗျ၊ ယန်ကျိုးမြို့မှာ ကတည်းက လူချင်းကွဲသွားကြတာ၊ ကိစ္စကတော့ ရှာဖွေရေးကိစ္စ ပေါ့ဗျာ၊ ဟဲ . . . ဟဲ'

'ရှင့်ကို ဘာကိစ္စနဲ့ လိုက်ရှာနေတာလဲလို့ မေးတာ'

'ဒါက ကျုပ်ကိစ္စပါ၊ လူတကာကို ပြောနေရမယ့်ကိစ္စမှ မဟုတ်တာ'

'ဪ . . . ဒါပေမယ့် ကျွန်မကိုတော့ ရှင် ပြောပြရ လိမ့်မယ်'

'ကျုပ်က ခင်ဗျားကို ပြောမှမပြောချင်ပဲ'

အကျီနီမိန်းမပျိုသည် ပခုံးနှစ်ဘက်မြှင့်တင်လိုက်သည်။ ထိုနောက် ပြုံးစိစိနှင့် ပြောလာသည်။

'ဒီလိုဆိုရင် ကျို့ကုန်းချွင်အကြောင်းကို ကျွန်မဆီက သိဖို့ စိတ်မကူးနဲ့တော့'

'ကျုပ်တော့ ကျို့ကုန်းချွင်ကို ဖေ့ယွင်ရဲတိုက်ထဲမှာ ရှိနေ တယ်လို့ သိထားပါတယ်'

'သူက အရှေ့မကက်ခင်ကတည်းက ထွက်သွားပြီပဲ၊ ရှင်က ကျွန်မစကားကို ဆုံးအောင်မှ နားမထောင်ပဲ'

မင်ရင်ကြွယ်သည် မီးခိုးပြာ အကျီနှင့် လူနှစ်ယောက်ကို ကြည့်လိုက်ပြီး . . .



'ဒီလူနှစ်ယောက်ရဲ့ အဆင့်အတန်းက ကိစ္စတစ်ခုကို လိမ်ညာပြောလိုရတဲ့ အဆင့်အတန်းပါ၊ ခင်ဗျားအနေနဲ့ကတော့ ကိုယ့်သိတာ ကိုယ်ထိန်းဖို့ လိုပါတယ်'

အကျီနီအမျိုးသမီး၏မျက်နှာသည် ပို၍ပြုံး နီရဲလာတော့ သည်။

စိတ်လည်း အတော်ဆိုးလာပြီ။

'ရှင်က ကျွန်မကို မိန်းမညာလို့ ထင်နေသလား၊ ကျို့ကုန်း ချွင်ဟာ မနေ့ညက ရဲတိုက်ထဲကို ဝင်ခဲ့တယ်၊ ကျွန်မတလည်း မနေ့ညကပဲ ရဲတိုက်ထဲက ထွက်ခဲ့တယ်၊ ခုမှ အပြင်က ပြန်လာတာ၊ သူရဲတိုက်ထဲမှာ ရှိမရှိ ဘယ်သိမလဲ'

အကျီနီမိန်းမပျိုက သူ့စကားကို ယုတ္တိရှိအောင် ပြင်ပြော သည်။

မင်ရင်ကြွယ်သည် သူမစကားကို လက်ခံခြင်း မရှိချေ။ သည်ကြားထဲက သူ့အမြင်ကို ထပ်ပြောသည်။

'ဘာတွေပဲပြောပြော ကျို့ကုန်းချွင်ဟာ ခင်ဗျားတို့ ရဲတိုက် ထဲမှာပါ၊ မယုံရင် ခင်ဗျားလူတွေကို ပြန်မေးကြည့်ပါ'

အကျီနီနှင့်မိန်းမပျိုသည် အရပ်ရှည်ရှည်နှင့် လောင်လျို ဆိုသူကို လှမ်းမေးသည်။

'လောင်လျို . . . ရဲတိုက်ထဲမှာ ကျို့ကုန်းချွင် ရှိနေသေး သလား'

'ကျွန်တော်တို့ ထွက်လာတုန်းကတော့ ရှိနေပါသေးတယ်၊

www.burmeseclassic.com

www.burmeseclassic.com



အဲဒီနောက်တော့ ရှိမရှိ မသေချာပါဘူး'

မင်းရင်ကြွယ်သည် အင်္ကျီနီမိန်းမပျိုနှင့် မီးခိုးပြာဝတ်လူကို ပြုံးပြီး ကြည့်လိုက်မိသည်။

အင်္ကျီနီဝတ်မိန်းမပျိုသည် လည်မလိုလိုနှင့် နုံနေသည်။ သူ့စကားသည် ရှေ့နောက်မညီပေ။

အင်္ကျီမီးခိုးပြာဝတ်သည်လည်း ထို့အတူပင်။

ကိုယ်ပြောခဲ့သောစကားများကိုပင် တဒင်္ဂအတွင်း မေ့သွားကြဟန်တူသည်။

သူတို့တွေ မည်သို့ ပြောနေကြပါစေ။

ကျိုးကုံးချွင် ရဲတိုက်ထဲမှာ ရှိနေသည်ဟုကား မင်းရင်ကြွယ် ယုံနေသည်။

မင်းရင်ကြွယ် ငြိမ်နေစဉ် အင်္ကျီနီဝတ် မိန်းမပျိုက လှမ်းပြောသည်။

'သူပြောတာ ရှင် ကြားတယ်မဟုတ်လား၊ ကျိုးကုံးချွင်ရဲ တိုက်ထဲမှာ ရှိမရှိ ကျွန်မတို့ပြောနေတာတွေဟာ လိမ်ညာပြောတာ မဟုတ်ဘူးဆိုတာ ထင်ရှားနေပြီ'

'ထားပါလေ ထားပါ၊ ကျုပ်ကလည်း ခင်ဗျားတို့နဲ့ ပြိုင်ငြင်းမနေပါဘူး'

'ဟင်း. . . ဟင်း. . . ရှင်တော်တော် အပြောကောင်းနေတာပဲ၊ ရှင် ကျိုးကုံးချွင်ကို ဘာဖြစ်လို့ တွေ့ချင်နေတဲ့အကြောင်းကို ပြောမပြရင် ကျွန်မက ရှင့်ကို ရဲတိုက်ထဲ ဝင်ခွင့်ပြုမှာ မဟုတ်ဘူး'



မင်းရင်ကြွယ်သည် အင်္ကျီနီဝတ်မိန်းမပျိုကို အကဲခတ်ရင်း ပြောကွက် တွေ့လာသည်။

ထို့ကြောင့် ကျားကစားသလို စကား ကစားသည်။

'အစကတော့ အေးအေးဆေးဆေးပြောဖို့ ရည်ရွယ်ထားတာပါ၊ ခုတော့ ခင်ဗျားလေသံက မာလွန်းနေတော့ ပြောမပြနိုင်တော့ဘူး'

မင်းရင်ကြွယ်၏စကားကြောင့် အင်္ကျီနီဝတ် မိန်းမပျိုသည် စွဲမက်ဖွယ်ကောင်းသောအပြုံးကို ပြုံးပြလာသည်။

'အဲဒီလိုတော့ ခေါင်းမမာပါနဲ့ရှင်'

'ဟဲ. . . ဟဲ. . . ကျုပ်အတင်းအဓမ္မ ခေါင်းမာနေတာတော့ မဟုတ်ပါဘူးဗျာ၊ ခင်ဗျားရဲ့ မာနကို မကြိုက်လို့ပါ၊ ဒီနေရာမှာ ခင်ဗျား မဟုတ်ဘဲ တစ်ခြားလူတစ်ယောက်ယောက် ဖြစ်နေရင်တော့. . .'

မင်းရင်ကြွယ်သည် စကားကိုဆုံးအောင် မပြောဘဲ ရပ်ထားလိုက်သည်။ မိန်းမပျို၏အပြုံးသည် မဲ့ပြုံးဖြစ်သွားသည်။

'ရှင်တော်တော် စိတ်တိုတတ်တာပဲ၊ ကျွန်မနဲ့ တော်တော်တူတယ်၊ ဟင်း. . . ဟင်း. . .'

အင်္ကျီနီဝတ် မိန်းမပျိုက စကားပြောရင် ကြာပစ်သလို ကြည့်သည်။

ဆက်၍လည်း. . .

'ရှင် တကယ်မပြောတော့ဘူးလားဟင်'

www.burmeseclassic.com



'ကျုပ်တာ ရဲတိုက်ထဲကို ဘယ်နည်းဘယ်ပုံ ဝင်ခွင့်ပြုမယ် ဆိုတာကိုသာ သိချင်တာပါ'

'အရေးကြီးတာက ကျွန်မမေးတာကို ဖြေဖို့ပဲ'

'ခင်ဗျားက ကျုပ်ကို ရဲတိုက်ထဲ ခေါ်သွားမှာလား'

'ကျွန်မ ကူညီမှာပါ၊ ဒါပေမယ့် ရဲတိုက်ရဲ့ ကြိုဆိုမှုကိုတော့ ရှင့်ဘာသာ ကြိုးစားရလိမ့်မယ်'

'ခင်ဗျားလဲ တော်တော် စကားတတ်တာပဲ'

'ရှင် ထင်လို့ပါ၊ ဟင်း...ဟင်း'

'ကဲ...ကျုပ်တစ်ခုလောက် မေးပါရစေ၊ သတ္တမသူ့ရဲ့ကောင်း ကျိုးကုံးချွင်က ဒီကို ဘာဖြစ်လို့ လာခဲ့တာလဲ'

အကျိုးနိဝတ် မိန်းမပျိုက မင်းရင်ကြွယ်အမေးကို တိုက်ရိုက် မဖြေ။

သူပြောလိုရာ ပြောလာသည်။

'သတ္တမသူ့ရဲ့ကောင်း ကျိုးကုန်းချွင်ဟာ လှေတစ်စင်း နောက်ကို လိုက်လာခဲ့သတဲ့၊ အဲဒီလှေဟာ သခင်လေး ဝန့်ရင်မော် ကို ဖမ်းဆီးသွားတဲ့လှေတဲ့၊ အဲဒါ ဟုတ်သလားရှင့်'

မင်းရင်ကြွယ်က တည်တည်ကြည်ကြည် ဖြေသည်။

'ဟုတ်ပါတယ်၊ ကျုပ်လည်း အဲဒီလှေနောက် လိုက်နေတာ ပဲ၊ အဲဒီလှေနောက် လိုက်ရမှာ သတ္တမသူ့ရဲ့ကောင်းက စောတယ်၊ ကျုပ်က နောက်ကျနေတယ်'

'ရှင်စောစောကတည်းက ရှင်းအောင်ပြောဖို့ကောင်းတယ်၊



ရှင်က သတ္တမသူ့ရဲ့ကောင်းရဲ့ မိတ်ဆွေလား'

'ဟုတ်တယ်ဆိုရင် မမှားဘူး'

'ဪ...ဝန့်ရင်မော်နဲ့ကော'

'မိတ်ဆွေရောင်းရင်းပါပဲ'

'ရှင်တို့ သိပ်ချစ်ခင်ကြလား'

'ဟုတ်တယ်၊ ဘာဖြစ်လို့လဲ'

'ဘာမှမဖြစ်ပါဘူး၊ စကားစပ်လို့ မေးကြည့်တာပါ'

အကျိုးနိဝတ်မိန်းမပျို၏ စကားသည် ပေါ့ပျက်ပျက်နိုင် လှသည်။

သူက ဆက်မေးသည်။

'သူ့မင်္ဂလာပွဲတုန်းက ရှင့်ကိုလည်း ဖိတ်ကြားခဲ့လား'

'ဖိတ်တယ်'

မင်းရင်ကြွယ်က ခပ်တည်တည်ဖြေသည်။ မိန်းမပျိုမျက်နှာ နီလာသည်။

'ရှင် သူ့ဇနီးချောကို မြင်ခဲ့လား'

'မြင်ဖူးပါတယ်'

မင်းရင်ကြွယ်၏အသံသည် ဇမ်းနည်းသံပါလာသည်။

မီးလှောင် တိုက်ထဲမှ မေမုန့်ချူကို သတိရလာသည်။

ပြုံးစစ မျက်နှာလေးကို ပြန်ပြီးမြင်ယောင်လာသည်။

အကျိုးနိဝတ်မိန်းမပျိုလည်း စိတ်လှုပ်ရှားနေသည်။

နှုတ်ခမ်းကို ဖိကိုက်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် အားတင်းပြီး ထပ်မေးသည်။

'အဲဒီ မိန်းမဟာ အချောဆုံး၊ အလှဆုံးဆိုတာဟာ ဟုတ်သလား'

'ဟုတ်တယ်၊ ကျုပ်တစ်သက်မှာတော့ ဒီလို အလှပိုင်ရှင်မျိုး တစ်ခါမှ မမြင်ဖူးသေးဘူး'

အင်္ဂါနီဝတ်မိန်းမပျို၏ မျက်နှာသည် သိသိသာသာကြီး ပျက်လာသည်။

သူမသည် တုန်ယင်သောအသံနှင့် ပြောလာသည်။

'နေနဲ့လ ရွှေနဲ့မြ ဆိုတာ သူတို့စုံတွဲပဲ၊ ဒါပေမယ့် သူတို့ ဘဝဟာ အဖြစ်ဆိုးလွန်းလှပါတယ်ရှင်၊ ဟိုမိန်းမကတော့ ဘဝ တစ်လျှောက်လုံး ကြေကွဲလို့ဆုံးမှာ မဟုတ်ပါဘူး'

BURMESE CLASSIC

စာစဉ် (၂) ပြီး၏။

စာစဉ် (၃) ကို ဆက်လက်ဖတ်ရှုပါရန်

တက္ကသိုလ်နေလင်းအောင်

www.burmeseclassic.com